http://www.dhammadownload.com

“ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ နေ့စဉ်မြင်တွေ့
ခံစားနေတာတွေ “ဘာ့ကြောင့် ဘယ်လို” ဆိုတာ
သိအောင် မကြိုးစားခဲ့ကြပါ။
ခေတ်ပညာတတ်ဆိုသူတွေတောင် သိသလိုလိုနဲ့
သိချင်ယောင်ဆောင်နေတာပဲ ရှိပါတယ်။
ဆရာတော်ကြီးက ချက်ကျလက်ကျ နှိုက်ချွတ်ပြထားပုံမှာ
ဘဝင်ကျ၊ ကျေနပ်စရာကောင်းလှပါတယ်။
ဘယ်လောက်ဝေးတဲ့ခရီးဖြစ်ဖြစ် ခြေတစ်လှမ်းက
စရပါတယ်။ ဘယ်လောက်ကြီးတဲ့ အဆောက်အအုံဖြစ်ဖြစ်
အုတ်မြစ်က စရပါတယ်။ အခြေခံအသိမရှိဘဲနဲ့
တရားထူး တရားမြတ်ကို ကျွန်တော်တို့
ဘယ်ပုံသိနိုင်ပါ့မလဲ။”

မဟာဗောဓိမြိုင်ဆရာတော်  ဘာ့ကြောင့်  မောင်သွေးချွန်

နမော တေ ဗုဒ္ဓ ဝီရတ္ထု

# မဟာဗောဓိမြိုင် ဆရာတော်

# ဘာ့ကြောင့်

၁ + ၂၈ ပေါင်းချုပ်

## ကြောင်းကျိုးဆက်သဘောအချက်များ

**မောင်သွေးချွန်**

စုစည်းပူဇော်သည်။

(တတိယအကြိမ်)

http://www.dhammadownload.com

____________________ သို့

____________________ မှ

ဓမ္မလက်ဆောင်မွန်

● ဖြန့်ချိရေး ●

မဏ္ဍိမစာပေ

အမှတ်(၂၃၇)၊ ၃၉-လမ်း(ပထမထပ်-ညာ)၊ အပေါ်ဘလောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၈၄၃

http://www.dhammadownload.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

နမော တဿ ဗုဒ္ဓ ဝိရတ္တု၊

မဂ္ဂိုမစာစဉ်(၃)

မဟာဗောဓိမြိုင်ဆရာတော်

# ဘုန်းကြောင့်

၁+၂ ပေါင်းချုပ်

ကြောင်းကျိုးဆက်သဘောအချက်များ

မောင်သွေးချွန်

စုစည်းပူဇော်သည်။

http://www.dhammadownload.com

# ဘာ့ကြောင့် ၁+၂ ပေါင်းချုပ်

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❖ | ၆၀၀၃၃၉၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❖ | ၆၀၀၃၃၆၀၆၁၁ |
| ပုံနှိပ်ခြင်း | ❖ | တတိယအကြိမ်၊ အုပ်ရေ (၅၀၀) |
| ထုတ်ဝေသည့်ကာလ | ❖ | ၂၀၁၁ ခုနှစ်၊ ဇွန်လ |
| ထုတ်ဝေသူ | ❖ | ဒေါ်လေးလေးမိ<br>တနင်္သာရီစာပေ<br>အမှတ်(၅၃)၊ ဗိုလ်မြေလမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | ❖ | ဦးမျိုးမြင့်ကျော်<br>မြတ်ထက်တိန်းပုံနှိပ်တိုက်<br>အမှတ်(၅)၊ ဈေးလမ်း၊<br>တပ်မြေ (၆)ရပ်ကွက်၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | ❖ | ကိုဦး (၀၉ ၅၀၇၀၆၆၃) |
| မျက်နှာဖုံး | ❖ | တိန်းဝင်းစိုး |
| အတွင်းအပြင်အဆင် | ❖ | အိအိမြိုး |
| တန်ဖိုး | ❖ | ၁၅၀၀ ကျပ် |

ဖော်ပြချက်များ (CIP)

မောင်သွေးချွန် CIP - 294.3

ဘာ့ကြောင့် ၁+၂ ပေါင်းချုပ် - ရန်ကုန်။

တနင်္သာရီစာပေ၊ ၂၀၁၁။

စာ ၂၀။ ၁၀.၅ x ၇.၃ စင်တီ။

http://www.dhammadownload.com



ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီအရှင်ဇေယျဓမ္မသာမိထေရ်

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ


- အမှာစာ-၁ ၉
- အမှာစာ-၂ ၁၁
- ကုသိုလ်ကောင်းမှုပြုတဲ့အခါ ဘာ့ကြောင့် ကြေးစည်တီးရသလဲ ၁၅
- ကြေးစည်သံကြားရင် ခွေးဘာ့ကြောင့် အူရသလဲ ၁၉
- ထီးခြင်းကြီးငါးပါးနှင့် ဘာ့ကြောင့် ရှိခိုးရသလဲ ၂၁
- ဘာ့ကြောင့် မာန်ဝင်နေကြသလဲ (ဝါ) မာန်ရဲ့အစ ၂၄
- ဆွေမျိုးမိတ်ဖက်တွေ ဘာ့ကြောင့်ဖြစ်လာရသလဲ ၂၇
- မိန်းမလျာ၊ ယောကျ်ားလျာ၊ ပြည့်တန်ဆာ၊ ဖိမ်ခေါင်း စသည် ဘာ့ကြောင့်ဖြစ် ၂၉
- လူလို့ ဘာ့ကြောင့် ခေါ်ရသလဲ ၃၃

http://www.dhammadownload.com


○ ဂုဏ်ကြီးသူ အသက်ကြီးသူတို့ကို
ဘာ့ကြောင့် ရှိသေအပ်သလဲ ၃၆

○ ပင်ကိုယ်စိတ် ဘာ့ကြောင့်ပျောက် ၄၁

○ လူတွေဘာ့ကြောင့် မေ့လျော့နေ ၄၅

○ ကျက်သရေ ဘာ့ကြောင့်ယုတ် ၄၈

○ ဘာ့ကြောင့် သမာဓိပျက် ၅၃

○ ကိုယ်ကျင့်တွေ ဘာ့ကြောင့်ပျက် ၅၆

● သူ့အသက် ဘာ့ကြောင့်သတ် ၆၀

● သူ့ဥစ္စာဘာကြောင့် ယူငင်ခိုး ၆၁

● ကာမအမှု မိုက်မိုက်ကန်းကန်းဘာ့ကြောင့်ပြု ၆၂

● မုသားဘာ့ကြောင့်သုံး ၆၄

● မူးယစ်သေစာ ဘာ့ကြောင့်သုံး ၆၆

○ ကောင်းကျင့်တွေ ဘာကြောင့်ကျင့် (ဝါ)
သီလ သိက္ခာ ဘာ့ကြောင့် ဆောက်တည် ၆၉

● အဘယ့်ကြောင့် သင်သည် ကောင်းမြင့်သော
အထုံးကို ကူးယူနေရချေသနည်း ၇၀

○ သီတင်းနေ့၊ ဥပုသ်နေ့ ဘာ့ကြောင့်သတ်မှတ် ၇၄

○ ဥပုသ် ဘာ့ကြောင့်ကျိုး ၇၇

http://www.dhammadownload.com


- ကုသိုလ်တွေပြုနေပါလျက် ဘာ့ကြောင့် အကျိုးပေးညံ့နေပါသလဲ ၈၁
- လက်ငင်းအကျိုးပေး ဘာ့ကြောင့်ရ ၈၆
- ကိုယ်စောင့်နတ်၊ ရိုးရာစောင့်နတ် စသည် နတ်များကို ဘာ့ကြောင့် အမျှဝေ ၉၁
- ဘာ့ကြောင့် အိမ်မြှောင်စုတ်ထိုး ၉၉
- ဗုဒ္ဓဘာသာဝင်တွေ ဘာ့ကြောင့် အရှေ့အရပ်ကို ခေါင်းတော်ပြီး အိပ်ကြသလဲ ၁၀၂
- ဘုရားစေတီတွေကို ဘာ့ကြောင့် ရွှေချ၊ ရွှေသင်္ကန်းကပ်ရသလဲ ၁၀၅
- ၄၉ ရက် အဓိဋ္ဌာန် ဘာ့ကြောင့်ဝင် ၁၀၈
- ဘာ့ကြောင့် အရှေ့မျှော်ရသလဲ ၁၁၀
- ပိတ်ဖြူ ပိတ်ညို ပိတ်ဝါ ဘာ့ကြောင့် ဝတ် ၁၁၂
- ဘာ့ကြောင့် ရေစက်ချ ၁၁၅
- ဩကာသနဲ့ ဘာ့ကြောင့် ကန်တော့ ၁၁၇
- နမောတဿနဲ့ ဘာ့ကြောင့်ရှိခိုး ၁၂၄
- သုံးကြိမ် ဘာ့ကြောင့်ဆိုရ ၁၂၈
- ပုံတော်မှ ဂုဏ်တော်သို့ ဘာ့ကြောင့် ရည်မျှော် ၁၃၃
- အနန္တငါးပါး ဘာ့ကြောင့်ထား ၁၃၇

http://www.dhammadownload.com


- မနောကံ အဓိက ဘာ့ကြောင့်လဲ ၁၄၂
- ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါး ဘာ့ကြောင့်ထား ၁၄၆
- ဗြဟ္မာဝိဟာရတရားလေးပါး ဘာ့ကြောင့်ထား (ဝါ) အမြတ်ထွက်သော နေနည်းလေးမျိုး ၁၅၀
- ရွှေ ငွေ မြ ပတ္တမြား ဘာ့ကြောင့်ဆောင်ထားကြပါလိမ့် ၁၅၆
- ကာမဂုဏ်ခံစား ရှုံးအားဘာ့ကြောင့် ကြီးခဲ့ရ ၁၅၉
- ရဟန်းသံဃာတို့ကို ဘာ့ကြောင့် ဖူးမြော် ၁၆၄
- ဘဝစက်ယန္တရား ဘာ့ကြောင့်ပျက် ၁၆၈
- မြတ်စွာဘုရား သာဝတ္ထိရွှေပြည်မှာ ဘာ့ကြောင့် အကြာဆုံး သီတင်းသုံး ၁၇ၖ
- မကောင်းမှုတွေ ဘာ့ကြောင့်ဖြစ် ၁၇၈
- ရန်မအောင်တာ ဘာ့ကြောင့်နည်း ၁၈၃
- ခန္တီပါရမီ ဘာ့ကြောင့်ခက် ၁၈၈
- ဓမ္မစကြာ ဟောရာမှာ လကို လက်ယာနေကို လက်ဝဲ ဘာ့ကြောင့်ထား ၁၉၃
- တန်ခိုးသည် ဖုံးအုပ်ထားအပ်၍ ပညာသည် ဘာ့ကြောင့် ဖွင့်ဖော်အပ် ၁၉၈
- ဘုရား အရိယာတို့ ဘာ့ကြောင့် အစဉ်နိုးကြား ၂၀၄

http://www.dhammadownload.com



# အမှာစာ

နမောတော ဗုဒ္ဓဝီရဿ

## ဘာ့ကြောင့် - ၁

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး တရားဟော၊ တရားပြရာမှာ ဖြစ်စေ၊ ဩဝါဒပေးရာမှာဖြစ်စေ၊ စာပေရေးသားရာမှာဖြစ်စေ ...

ကျွန်တော်တို့ မတွေ့ဘူး၊ မတွေးဖူးသော သိသလိုလို နှင့် တကယ် မသိသေးသော "ကြောင်းကျိုးဆက် သဘောအချက်များ" ပါလာတတ်ပါတယ်။

ဥပမာ -

- ဗုဒ္ဓဘာသာဝင်တွေ အရှေ့အရပ်သို့ ဘာကြောင့် ခေါင်းတော် ခေါင်းပြုပြီးအိပ်ရတာလဲ။
- ကြေးစည်တီးလျှင် ခွေးဘာကြောင့်အူရသလဲ ... ဆိုတာမျိုးတွေပါ။

တိမ်မယောင်နဲ့ နက်ပါတယ်။ လွယ်မယောင်နဲ့ ခက်ပါတယ်။

http://www.dhammadownload.com



အဆန်းတကြယ်ကြီး မဟုတ်ပေမယ့် ဒီရိုးရိုးလေး ဖြစ်ပျက်နေတာကိုပဲ ကျွန်တော်တို့ မသိမမြင်၊ မဆင်ခြင်မိခဲ့ပါ။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ နေ့စဉ် မြင်တွေ့ ခံစားနေတာတွေ "ဘာကြောင့် ဘယ်လို" ဆိုတာ သိအောင် မကြိုးစားခဲ့ကြပါ။ ခေတ်ပညာတတ် ဆိုသူတွေတောင် သိသလိုလိုနဲ့ သိချင်ယောင်ဆောင် နေတာပဲရှိပါတယ်။

ဆရာတော်ကြီးက ချက်ကျလက်ကျ နှိုက်ချွတ်ပြထားပုံမှာ ဘဝင်ကျ၊ ကျေနပ်စရာ ကောင်းလှပါတယ်။ ဘယ်လောက်ဝေးတဲ့ ခရီးဖြစ်ဖြစ် ခြေတစ်လှမ်းက စရပါတယ်။ ဘယ်လောက်ကြီးတဲ့ အဆောက်အအုံဖြစ်ဖြစ် အုတ်မြစ်က စရပါတယ်။ အခြေခံအသိမရှိဘဲနဲ့ တရားထူးတရားမြတ်ကို ကျွန်တော်တို့ ဘယ်ပုံသိနိုင်ပါ့မလဲ။

ဒီအခြေခံ အသိများဟာ တရားလမ်းဆီ ဦးတည်ပို့ဆောင်ပေးနေတယ်လို့ ယုံကြည်ပါတယ်။ အသီးအပွင့်ကို ခံစားချင်ရင် မျိုးစေ့ကနေ အမြစ်တွယ် အပင်ပေါက်လာပုံအထိတော့ ပြန်ကြည့်သင့်တယ် မဟုတ်ပါလား။

လေးစားစွာဖြင့်

မောင်သွေးချွန်
(၂၈-၉-၉၈)

http://www.dhammadownload.com



# အမှာစာ

နမောတဿ ဗုဒ္ဓဝိရုဠှ

## ဘာ့ကြောင့် - ၂

ကျေးရူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက တပည့်ဒကာ ဝေနေယျအပေါင်းတို့ကို အကြောင်းအရာ တစ်ခုအား ထွင်းဖောက် ရှုမြင်နိုင်သော အလေ့အကျင့် ကောင်းများ ပျိုးထောင် ပေးလေ့ရှိပါသည်။ အကြောင်းအရာ တစ်ခုကို သူပြောသိ၊ ငါပြောသိ၊ ပညတ်သိ၊ သညာသိ၊ အဝိဇ္ဇာသိမှ ဝိဇ္ဇာသိသို့ ဆိုက်ရောက်အောင် ညွှန်ပြလေ့ရှိပါသည်။ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် "မိမိကိုယ်ကို ရှုမြင်ခြင်း" နှင့် "လောကကို ထွင်းဖောက် ရှုမြင်နည်း" စာအုပ် (၂) အုပ်တို့ကို ၁၉၉၆၊ အောက်တိုဘာလက ရေးထုတ်ခဲ့ပြီး ဖြစ်ပါသည်။ တရားရှာမှီးသူတို့ ဉာဏ်ပဋိဘာန် ရင့်သန်ရေး အတွက်လည်း "ပဋိဘာန ဉာဏဒဿနကထာ" ကျမ်းစာအုပ်ကြီးကို ၁၉၉၉၊ ဖေဖော်ဝါရီလက ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ ကျမ်းစာအုပ်ပေါင်းများစွာနှင့် တရားဟော၊ တရားပြ၊ ဩဝါဒ ပေးရာတိုင်းမှာ ကြောင်းကျိုးဆက်စပ် ဆင်ခြင် သုံးသပ်၍ ဉာဏ်လေ့ကျက်မှု ထက်မြက်ရေးကို ဆရာတော်ဘုရားကြီး အစဉ်ဦးတည်ခဲ့သည်ဟု နားလည်ရပါသည်။

မဋ္ဌိမစာပေတိုက်

http://www.dhammadownload.com



ကျွန်တော်တို့၏ ပုံမှန်ဖြစ်စဉ် နေ့စဉ်မြင်တွေ့နေရလေ့ရှိသော ကံသုံးပါး အမူအရာများမှာပင် ဆရာတော်ဘုရားကြီး၏ ရှုမြင်ချက်၌ ဒေသနာစဉ် တရားတော်မှ လွဲချော်သွားသည်ဟူ၍ လုံးလုံးမရှိခဲ့ပေ။

"တပည့်တော်တို့ ပြန်ကြတော့မလို့ပါ ဘုရား" ဟု သွားရောက်ကန်တော့သော အခါမျိုးမှာပင် ...

"ဘာဖြစ်လို့ ပြန်ရတာလဲဗျ" ဟု အကြောင်းရင်းကို နှိုက်ချွတ်စစ်မေးတတ်ပါသည်။

"... ... ..."

ကျွန်တော်တို့မှာ လျှောက်တင်စရာ အဖြေမှန် အဆင်သင့် မရှိခဲ့ပါ။ ရုတ်တရက် ကြောင်အမ်းအမ်းနှင့်သာ ခေါင်းငုံ့နေခဲ့ကြရပါသည်။

"ပြန်တာလာလို့ ပြန်ရတာပေါ့ဗျ ..."

ဆရာတော်ဘုရားကြီး၏ အဖြေ၌ တရားတစ်ချက် လင်းလက်သွားခဲ့ပေပြီ။ သို့သော် ဉာဏ်နုံ့သူတို့မှာ တရားမှန်း မသိကြ။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက တစ်ဆင့်တက်ပြီး ဟောရပြန်သည်။

"အလာရှိလို့ အပြန်ရှိတာ ... ပြီးတော့ အိမ်ဆိုတာ ရှိနေလို့ ပြန်ရတာ ... အိမ်မရှိတော့တဲ့ အရိယာ အရှင်သခင်ကြီးတွေ ဘယ်ကိုမှ ပြန်စရာ မလိုတော့ဘူး ... ဘယ်တော့မှ ပြန်စရာမလိုတော့ဘူး ..."

တဏှာ လက်သမားက ဆောက်ပေးထားသော ဘဝအိုးအိမ်သို့ အကြိမ်ကြိမ်လာလိုက် ပြန်လိုက်ဖြင့် သံသရာ လည်နေရသော ဘဝများကို ကွင်းကွင်းကွက်ကွက် မြင်သာစေခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ တရားတော်များမှာ ဤသို့လျှင် ရိုးသလောက်ဆန်း၍ နားလည်ရ လွယ်ကူသလောက် ဆင်ခြင်နှလုံးသွင်းဖို့မှာမူလေးနက်လွန်းလှပါသည်။

http://www.dhammadownload.com



ကျွန်တော့်အဖို့ ဤသို့သော အကြောင်းအရာများပေါ်မှဆင်ခြင်ဆက်စပ် နလုံးသွင်းအပ်သော ဓမ္မသဘောတို့သည် ပြန်ပြောပြန်ရေးပြလို့ မကုန်နိုင်တတ်သေးပါ။ ဆရာတော်ဘုရား၏ ကျေးဇူးတရားမှာ ဆပ်လို့ မကုန် အနန္တတည်း။

"ကောင်းကင်ကို လက်ညှိုးထိုးလို့ မလွဲသလိုပဲ ... တို့ဟောတဲ့တရားတွေ ဆိုတာလည်း အဘဘုရားရဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကွန်ရက်က ဘယ်ပြေးထွက်နိုင်ပါ့မလဲကွယ်"

ဟု ဆရာတော်ဘုရားကြီးက အလွန်နှိမ့်ချစွာ ဝန်ခံခဲ့ဖူးပါ သည်။ တရာတော်များ၏ လေးနက်ပုံနှင့် ပတ်သက်၍ ...

"ဘုရားတရားတော်တွေဟာ လေးနက်လှပါတယ် ..."

ဆိုပြီး အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ထားဖူးတယ် ... ဒီတော့ ဘုရားရှင်က မြေကြီးပေါ်က မြေမှုန့်လေးတွေ ယူပြီး လက်သည်းတော်ပေါ် တင်ထားလိုက်တယ်။ ပြီးတော့ အရှင် အာနန္ဒာကို မေးတယ်။

"ချစ်သား ... ဒီလက်သည်းပေါ်က မြေမှုန့်နဲ့ ကမ္ဘာမြေကြီးပေါ်က မြေမှုန့် ဘယ်ဟာက များသလဲ ..." တဲ့။

" ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... လက်သည်းတော်ပေါ်က မြေမှုန့်ထက် ကမ္ဘာမြေကြီးပေါ်က မြေမှုန့်တွေဟာ မနှိုင်းယှဉ်သာအောင် များပြားပါတယ်ဘုရား ..."

"ချစ်သားအာနန္ဒာ ... ငါဘုရား ဟောကြားခဲ့သော တရားတော်တို့သည် လက်သည်းပေါ်က မြေမှုန့်လောက်သာ ရှိတယ် ... ကြွင်းတရားတို့ကား ကမ္ဘာမြေကြီးပေါ်က မြေမှုန့်လောက်များတယ် ... ဒီတရားတွေ

http://www.dhammadownload.com



ဘာလို့မပြောဘဲ ခြွင်းချန်ခဲ့ရသလဲ ဆိုရင် လူတွေ ညာက်မမီ နားမလည် မှာ စိုးလို့ ..."

အဲ့ဒီလို အဘဘုရားရှင် ကိုယ်တိုင် ဟောခဲ့ဖူးတယ်ကွယ်။ ဘုရားတရားတော်ဆိုတာ အဲ့ဒီလောက်ထိ လေးနက်ပါတယ်ဟု ဆရာတော်ဘုရားကြီးက ထပ်မံညွှန်ပြတော်မူပါသည်။

ယခုလည်း ကျွန်တော် စုစည်းပူဇော်လျက်ရှိသော ဆရာတော်ဘုရားကြီး၏ တရားတော်များမှာ တစ်မှုန် နှစ်မှုန်မျှစာ သာသော မြေမှုန့်လောက်သာ ရှိလိမ့်မည် ထင်ပါသည်။ ဤသို့ စုစည်းပူဇော်ရာမှလည်း ဆရာတော်ဘုရားကြီး၏ တရားတော်အာဘော်များမှ ချွတ်ချော် တိမ်းပါးမှု ရှိနိုင်ပါသေးသည်။ ကျွန်တော်၏ တာဝန်သာပါတည်း။

မည်သို့ဆိုစေ။ ဤသို့ ပူဇော်ခွင့်ရသည်ကိုပင် ကျွန်တော့် အနေနှင့် ပီတိအားသစ် ဖြစ်ရပါသည်။

မိရိုးဖလာ ... မိရိုးဖလာ ဟူသော ရိုးရိုး အသိကို လွန်မြောက်၍ ပါရမီအဆင့်သို့ အရောက်လှမ်း သိမြင်နိုင်စွမ်းအား အကြောင်းတရားများကို ဖော်ထုတ် ရှင်းလင်းသော "ဘာ့ကြောင့်" ဟူသော အမေးကို ဖြေဆိုနိုင်ဖို့လိုလိမ့်မည်ဟု ကျွန်တော် ရိုးသားစွာ ရှုမြင်မိပါကြောင်း ... ။

*လေးစားစွာဖြင့်*

မောင်သွေးချွန်
၁၃၆၁ ခု၊ ဒုတိယဝါဆိုလပြည့်၊ အင်္ဂါနေ့
၁၉၉၉ ခု၊ ဇူလိုင်လ ၂၇ ရက်၊
၇၄၊ သာယာအေးလမ်း၊ (၃)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

မဍ္ဂိမစာပေတိုက်

http://www.dhammadownload.com



# ကုသိုလ်ကောင်းမှုပြုတဲ့အခါ ဘာကြောင့် ကြေးစည်တီးရသလဲ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးဟာ ရှမ်းပြည်နယ် သံလွင်မြစ် အရှေ့ခြမ်း သုဝဏ္ဏသျှမ်တောင်မှ ကန္ဒဘလူမြို့နယ် နတ်တလူတောရသို့ ၁၉၉၇ ခုနှစ် ဇွန်လထဲမှာ ပြောင်းကြွ သီတင်းသုံးတော်မူခဲ့ပါတယ်။ နတ်သလူတောရဟာ ကန္ဒဘလူမြို့နယ် ထဲမှာ ပါဝင်ပေမယ့် ဖီးကုန်း၊ ထန်းတပင်မြို့များနဲ့ ဝိုနီးပါတယ်။ ရွှေဘို မြို့ကြီးက တစ်ဆင့်လည်း သွားရလွယ်ပါတယ်။ နတ်တလူ တောရဟာ ဆရာတော် ဘုရားကြီးရဲ့ ဖွားရာဇာတိ "မင်းကုန်းရွာ" ရဲ့အရှေ့ဘက် နှစ်မိုင်ကျော်လောက်မှာ ရှိပါတယ်။ ဇာတိမြေဆီ ပြန်ကြွ သာသနာပြု တယ်လို့ ဆိုနိုင်ပါတယ်။

မဇ္ဈိမစာပေတိုက်

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးဟာ ရောက်လေရာ တောရများမှာ ဆွမ်းခံကျင့် ရှိခဲ့တဲ့အတိုင်း နတ်တလူ တောရသို့ ကြွရောက်စမှာပင် ပတ်ဝန်းကျင် ဂေါစရဂါမ်ရွာများမှာ ဆွမ်းခံကြွတော်မူပါတယ်။ ကျွန်တော် နတ်တလူတောရကို ရောက်သွားတာ (၇-၆-၉၇) ည ဖြစ်ပြီး၊ (၈-၆-၉၇) ဆရာတော်ဘုရားကြီး ဆွမ်းခံကြွတာနဲ့ ကြုံပါတယ်။ နတ်တလူ ဂေါပကလူကြီးများ "ကျောင်းသားလုပ်ပြီး" ဆရာတော်ဘုရားကြီး နောက်က လိုက်သွားပေမယ့် ကျွန်တော်က စောစော မနိုးလို့ လိုက်မသွားနိုင်ခဲ့ပါ။ ညက သန်းခေါင်တိုင်လုမှ ဒီကို ရောက်ခဲ့ပြီး သန်းခေါင်ကျော်ချိန်ထိ စကားကောင်းနေခဲ့တော့ မနက်စောစော မနိုးခဲ့ပါ။ ဆွမ်းခံလိုက်ရမယ့် အခွင့်အရေးက လွတ်သွားတာနဲ့ ဆွမ်းခံ ပြန်ချိန်ကိုပဲ စောင့်ဖူးခဲ့ရပါတယ်။

ဆရာတော်ဘုရားကြီး နတ်တလူတောရကို ပြောင်းကြွလာတဲ့ သတင်းကြားတာနဲ့ ကျွန်တော်လိုပဲ ရပ်ဝေးက (သာစည်၊ ပျဉ်းမနား၊ ရန်ကုန်၊ မန္တလေး စသည့် ......) လိုက်လာတဲ့ တပည့်ဒကာတွေလည်း ဆရာတော်ဘုရားကြီး ချွေးမှမတိတ်မီ အလုအယက် ဖူးမြော်ကြပါတယ်။ ဆရာတော်ဘုရားကြီးက မေတ္တာပြုံးဖြင့် အားလုံးကို နှုတ်ဆက်ပြောဟောနေစဉ်မှာပဲ ...

"ဆရာတော်ဘုရား ... ဆွမ်းခံကြွတာ ဘာလိုပါသေးလဲ ဘုရား။ တပည့်တော်တို့က ခုမှ ဆရာတော့် နောက်လိုက်ရတာဆိုတော့ ဘာလိုလို့ လိုမှန်း မသိသေးလို့ပါဘုရား "" လို့ ဒေသခံ လူကြီးတစ်ဦးက မေးလျှောက်ပါတယ်။ သူမေးတာ စိတ်ဝင်စားစရာ ကောင်းပါတယ်။

"လိုတာပေါ့ဗျ။ ကြေးစည် လိုတယ်၊ ကြေးစည် "

http://www.dhammadownload.com



ဆရာတော်ဘုရား အမိန့်ရှိမှ ရပ်ထဲရွာထဲ ရဟန်းသံဃာနဲ့ ကိုရင်ကလေးတွေ ဆွမ်းခံကြွလာစဉ် ကြားရလေ့ရှိတဲ့ ကြေးစည်သံ တလွင်လွင်ကို အောက်မေ့နေမိပါတယ်။ ပြီးတော့ ကုသိုလ်ကောင်းမှုပြုပြီးတိုင်း ကြေးစည်တီးပြီး မေတ္တာပို့ အမျှဝေလေ့ ရှိတာကိုလည်း သတိရလာပါတယ်။

"ဘာဖြစ်လို့ ကြေးစည် လိုတာလဲဗျ။ ကုသိုလ်ကောင်းမှုတွေ ပြုပြီးတိုင်း ဘာကြောင့် ကြေးစည်တီးရတာလဲဗျ"

ဆရာတော်ဘုရားကြီး အမေး ရှိလိုက်ပေပြီ။ ဘယ်သူမှ ရုတ်တရက် မဖြေနိုင်ကြပါ။

ကြေးစည်ကလေး ဆောင်ထားလေ့ ရှိသော ပုတီးဆရာတစ်ဦးက "ကြေးစည် ဆိုတာ ကြီးလေ စည်လေပေါ့ကွာ။ ကြီးအောင် စည်အောင်ပေါ့ကွာ" လို့ ပြောဖူးတာ အမှတ်ရလာပါတယ်။ ဒါပေမယ့် တိကျတဲ့အဖြေမျိုး မဟုတ်တဲ့အတွက် အဲ့ဒီအဖြေကို ကျွန်တော် မလျှောက်တင်ရဲပါ။

ဆရာတော်ဘုရားကြီးက ...

"ကြေးစည်သံကြားရင် စိတ်ထဲ အေးမသွားဘူးလား။ ရဟန်းသံဃာတွေ ဖူးလိုက်ရရင်ကော၊ အေးမသွားဘူးလား။ တရားနာလိုက်ရတော့လည်း အေးမသွားဘူးလား။ ကြေးစည်ဆိုတာ အေးတာကို ကိုယ်စားပြုတာ၊ ကိလေသာ အပူမီးတွေ ဝိုင်းနေတဲ့လူတွေကို အအေးဓာတ်၊ အငြိမ်းဓာတ်၊ နိဗ္ဗာနဓာတ်ကြီး သတိရအောင် နှိုးဆော်လိုက်တာ ..."

"ပြီးတော့ ကြေးဆိုတဲ့ သတ္တုက အလွန်အေးတာ။ ဟိုး မြေကြီးထဲအတွင်းနက်နက် မြေဆီကနေ ကြေးဖြစ်လာတာ။ ဒါကြောင့် ကြေးစည်

http://www.dhammadownload.com



သံမျှား မကြားလိုက်နဲ့ တစ်ခါတည်း အေးခနဲ ဖြစ်သွားတော့တာ။ ဓာတ်နိုက်တာ၊ ဓာတ်ကူးတာပေါ့...” လို့ ရှင်းပြလိုက်တော့မှ အားလုံး သဘောပေါက်သွားပါတယ်။

http://www.dhammadownload.com



# ကြေးစည်သံကြားရင် ခွေးဘာကြောင့်အူရသလဲ

ဆရာတော် ဘုရားကြီးက ဆက်ပြီးတော့ မေးပြန်ပါတယ်။

"ကြေးစည်သံ ကြားရင် လူတွေကတော့ အေးခန့် ခံစားရပြီးခွေးတွေက ဘာလို့ အူရတာတုံးဗျာ ..."

ကျွန်တော်တို့ မဖြေနိုင်ကြပါ။

"ကြေးစည်က အအေး၊ ခွေးက အပူဗျ။ ခွေးများ ဘယ်လောက် ပူတုန်း ဆိုရင် ခွေးသားစားမိသူဟာ ပူလွန်းလို့ ရေချိုး ရေစိမ် လုပ်နေရဆိုပဲဗျ ..."

"မှန်ပါဘုရား"

"အလွန်ပူတဲ့ ခွေးဟာ အလွန်အေးတဲ့ ကြေးစည်သံကြားတော့ ခံစားမှု တစ်မျိုး ဖြစ်ပေါ်ပြီး အူတော့တာပါပဲဗျာ ..."

http://www.dhammadownload.com



ဆရာတော်ဘုရား ရှင်းပြတာကို ပရိသတ် ဘဝင်ကျသွားပါတယ်။ ဒါလည်း အပူနဲ့ အအေး ခတ်ချင်း ထိခတ်တဲ့ပြန်မှု တစ်မျိုးလို့ နားလည်မှတ်သားခဲ့ရပါတယ်။

http://www.dhammadownload.com



# ထိခြင်းကြီးငါးပါး (ဝါ) တည်ခြင်းကြီး ငါးပါးနဲ့ ဘာ့ကြောင့် ရှိခိုးရသလဲ

အနန္တငါးပါးကို ကျွန်တော်တို့ ကန်တော့တဲ့အခါ ထိခြင်းကြီး ငါးပါး (ဝါ) တည်ခြင်းကြီး ငါးပါးနဲ့ ကန်တော့ကြပါတယ်။ အဲဒါ ဘာကြောင့်ပါလဲ။

ရဟန်း သံဃာနဲ့ မိဘ ဆရာများရဲ့နည်းပေးသင်ကြားချက်အရ ဦးထိပ်မှာ လက်အုပ်ကလေး တင်ပြီး ဒူးနှစ်ဖက်၊ လက်ရဲ့တံတောင်ဆစ် နှစ်ခု၊ နဖူးနဲ့လက် ဒီငါးချက် ထိထားစေရတဲ့ တည်ခြင်းကြီး ငါးပါးနဲ့ ဂါရဝ ပြုကြလေ့ရှိပါတယ်။

"လက်အုပ်ကလေး ဦးထိပ်ပေါ် တင်ထားရတာကတော့ ... စေတနာလေးက မိမိ အမြတ်နိုးဆုံးထားတဲ့ ထိပ်တက်နေရာယူပြီး အမြတ်ဆုံး ပုဂ္ဂိုလ်အား မိမိ အမြတ်ဆုံး နေရာသို့ နေရာပေးသော

http://www.dhammadownload.com



အားဖြင့် ရှိနေလို့ လက်အုပ်ကလေးကလည်း ထိုစေတနာနဲ့ စုံတွဲဖြစ်အောင် ထိပ်တင်ထားရတာပဲ ...""

"တည်ခြင်းကြီး ငါးပါးကတော့ အရုပ်ကြီးပြွတ်ကဲ့သို့ မာန်ကို ချပြီး ရှိသမျှအပြစ် (မာန်ခံနေသဖြင့် အာခံခဲ့တဲ့ အပြစ်များကို ဝန်ချတောင်းပန်နည်းပဲ သားတို့ သမီးတို့ ..."

ဆရာတော်ဘုရားကြီး စီရင် ရေးသားတဲ့ မင်္ဂလာခရီးကာ ကထာ။
(၁၉၉၄ ခု၊ မေလထုတ်၊ ပထမအကြိမ် စာ-၁၆)

အသက်နဲ့ ဂုဏ် ကိုယ့်ထက် အပုံကြီး ကြီးသူတို့ကို ရိုသေခြင်းဟာ မင်္ဂလာတစ်ပါးလို့ ဆိုခဲ့ပြီးပြီ။ သို့တစေလည်း အရိုအသေအောက်မှာ မာန်ဝင်ထောက်နေလျှင် ဘောက်ဆတ်ဆတ် ရိုသေမှုမျိုး ဖြစ်နေတတ်တယ်။ ကိုယ်ဖြင့် အရိုအသေပေးတုန်း စိတ်ကလည်း မာန်ကျခနေမှုကိုး။ ခြေသုတ်ပုဆိုး မြွေအစွယ်ကျိုးမျိုးတို့လို နူးညံ့ ပျော့ပျောင်းပြီး ဆွဲသလိုပါ ခါသလိုငြိမ်နေတတ်မှ ဆီသည်မ လက်သုတ်ဖတ်မျိုးလို နွမ်းကြေနေစေပြီး သုတ်သမျှဆီ အရည်လည်နေတတ်မှ အမြတ်ဂုဏ်ကိုယ့်မှာ ပုံလာတတ်တယ်။

- မာန်ဝင်နေလျှင် အမှန်မမြင်၊ မာန်စင်မှ အမှန်မြင်တတ်သည်၊
- မာန်ခံနေလျှင် အမှန်မရ၊ မာန်လန်မှ အမှန်ရတတ်သည်။

မာနဆိုတာ သဘောကြီးက ကျောက်ဆူးလိုပဲ၊ ခရီးလမ်းကို ဆွဲငင်ထားတတ်တယ်၊

လယ်ကတွတ်ပေါက်က ခဲလိုလည်း ဝင်မယ့်ရေကို တားဆီးစေတတ်တယ်။ ပုလင်းဖက်သိမ်လေးလိုလည်း လေခံနေခြင်းဖြင့် ဝင်လာ

http://www.dhammadownload.com



တဲ့ရေကို တင်းခံနေစေတတ်သည်။ မာန် (ကိုယ့်ကိုယ်ကိုယ် ခင်မင်ရာမှ အထင်ကြီးစိတ် ဝင်နေသော သဘော)သည် ကိုယ့်ထံ ရောက်လာမယ့် လာဘ်ကို ဆီးပိတ်ထားတာချည်းပဲ သားတို့။

- ⊛ ပညာနှင့် ပတ်သက်လာလျှင် သူတတ်သလောက်တော့ ငါလည်း တတ်ပါတယ်။
- ⊛ စီးပွားနှင့် ပတ်သက်လာလျှင် သူလုပ်သလောက်တော့ ငါလည်းပဲ လုပ်တတ်ပါတယ်။

သည်လို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ် (ဘဝင်မြင့်စိတ်) ဝင်နေသူမှာ ရှိသေထိုက်တဲ့ ကိုယ့်ထက်သာတာကို မရှိသေမိလို့ ရမယ့် ပစ္စည်း လွဲချော်တတ်တယ်။ ရမယ့်ပညာ လက်လွတ်တတ်တယ်။ တတ်မယ့်အညွန့်ကလေး ဆွဲလှန်ချိုးဖဲ့ပစ်သလို ဖြစ်တတ်တယ်။

(ငုံးစာ - ၁၀၈)

ထိခြင်းကြီး ငါးပါး (ဝါ) တည်ခြင်းကြီး ငါးပါးဆိုတာ ဒူးနှစ်ဖက်၊ လက်နှစ်ဖက်နဲ့ ဦးထိပ်တို့ ထိစပ်နေအောင် ကြမ်းခင်းပေါ် တည်ထားတာပါ။ ဖူးမြော် မာန်လျှော့ဆိုတဲ့အတိုင်း "မာန်ကျ" စေလိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါကြောင်း သဘောပေါက်ခဲ့ပါပြီ။

http://www.dhammadownload.com



# ဘာကြောင့် မာန်ဝင်နေကြသလဲ (ဝါ) မာန်ရဲ့အစ

သို့သော် ကျွန်တော်တို့ ဘာကြောင့် "မာန်ဝင်" နေတာဆိုတာ ရေရေရာရာ မသိပါ။ မာန်မာန သုံးမျိုး ရှိပါတယ်။ ပစ္စည်း မာန၊ ပညာမာန၊ အလှမာနတို့ ဖြစ်ပါတယ်။ တစ်ကယ်တမ်းမှာတော့ ပစ္စည်း၊ ပညာ၊ အလှ ဆိုတဲ့ အရာတွေ မသက်ရောက်မီကပင် ထိခြင်း ငါးပါးဖြစ်တဲ့ "ခက်မ ငါးဖြာ" ဒူး (ဝါ) ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ခေါင်း ဒီငါးမျိုး အားကိုး ပြီးတော့ မာန်ရယ်လို့ စတင်ဖြစ်ပေါ်ခဲ့တာပါ။ မပြိုင်သင့်တာ ဖက်ပြိုင်ခဲ့ တာလည်းသည် အားကိုးနဲ့ပဲ မဟုတ်လားလို့ ၁၉၉၇ ခုနှစ် ဩဂုတ်လမှာ ထုတ်ဝေခဲ့တဲ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့မှုဝါဒ ကြေညာစာတမ်းကြီးမှာဖော်ပြ ထားပါတယ်။

http://www.dhammadownload.com



ဘာဖြစ်လို့ ချည်ပြီး တုပ်ပြီး ဖြစ်စေရတာတုံး၊ ယောကျ်ားဘာ သားကွန့် အားကိုးအားထား ပြုလေ့ရှိတဲ့ "အင်္ဂါ" ကိုလည်း ဖုံးပြီး ဖိပြီး သားဖြစ်၊ အားကိုးအားထား ပြုလေ့ရှိတဲ့ ခက်မ ငါးဖြာကိုလည်း မလှုပ် သာအောင် တုပ်နှံ့ဖို့ပေါ့။

သားတို့ ရွာထဲမှာ ယောကျ်ားတွေကလည်း တစ်ယောက်နဲ့ တစ်ယောက် ဝေါက်တော့မယ် ကြံ၊ "အားကိုးကြီး" ကိုင်ဝေါက်တာ မဟုတ်လား။ ဆဲရေး တိုင်းထွာကြတော့လည်း သည်အားကိုးကြီးပဲ ကိုင်ဆဲကြတာ မဟုတ်လား။ ဘာလုပ်လုပ် သည်အားကိုးကြီးနဲ့ မာန်ဝင် ပြီး မိုက်နေ စော်ကားနေကြတာချည်းပဲ။ မိန်းမများကလည်း ထိုနည်း လည်းကောင်းပါပဲ။

မိန်းမ ဆဲဆိုသံ နားထောင်ကြည့်။

သူ့ အားကိုးကြီး လျှာမှာကပ်ပြီး အရပ်ကြားအောင် ကြေညာ တာချည်းပဲ။ မာန်ဝင်လေလေ အရှက်ကင်းလေလေ၊ အားကိုးကြီးကိုင် နိုင်ရာ ညှဉ်းလေလေပဲ။

(ဂုဏ်တ - ၆၈)

သည်နေ့ သည်အချိန် အမှားမြင်လာပြီ။ သည်ဟာကြီး အားကိုး မှားလို့ အရှက်အကြောက် တရားကင်း ပြောင်ပြောင်တင်းတင်းစော်ကား မိမှန်းသိလာပြီ။ သည်တော့ အရှက်ကို ဖုံးဖိတဲ့အနေနဲ့ ထိခြင်းကြီးငါးပါး သုံး၊ လွန်သမျှ ဝန်ချ တောင်းပန်ကြိုက် သလို ဆုံးမပါဆို အပ်နှံတဲ့ အနေ နဲ့ တည်ခြင်းကြီး ငါးပါးသုံး ...။

(ဂုဏ်တ - ၆၈)

"သည်လို ထိခြင်း၊ တည်ခြင်းများနဲ့ ဝန်ချ ကန်တော့တဲ့အခါ

http://www.dhammadownload.com



သားတို့သမီးတို့ရဲ့ဦးခေါင်းဟာ ခက်မထဲမှာ မာန်အကြီးဆုံးကွဲ၊ ဦးမညွတ်ဘူးကွ၊ ဒူးမထောက်ဘူးကွဆို မဟုတ်လား။ သားတို့ သမီးတို့ရဲ့ သည့်ဦးခေါင်းဟာ ခန္ဓာတစ်ခုလုံး အမြတ်နိုးဆုံးပဲကွဲ၊ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိဆိုတဲ့ ဝိညာဉ် လေးမျိုး ခေါင်းပိုင်းမှာရှည်းကိုးကွဲ၊ မနောက ထုတ်လွှတ်လိုက်တဲ့ ဆင်ခြင် တိုင်းထွာမှု၊ ဆုံးဖြတ်သုံးသပ်မှုတွေကိုလည်းပဲ သည်ခေါင်းပိုင်းကသာ ဖမ်းယူပြီး အသုံးချလေ့ ရှိတာကိုးကွဲ၊ ဒါကြောင့် ပထမ ဦးညွှတ်ချလိုက် ဒုတိယလက်ချ၊ သည့်နောက်မှ ဒူးနှစ်ဖက်လိုက်"

(ငှင်းစာ - ၆၈)

အဲဒါက ထိခြင်းကြီး ငါးပါး၊ ဘာကြောင့် ရှိခိုးရသလဲ၊ ဘာကြောင့် မာန်ဝင်နေရသလဲ ဆိုတဲ့ မေးခွန်းများအတွက် ခိုင်လုံတဲ့ အဖြေများ ဖြစ်ပါတယ်။

http://www.dhammadownload.com



# ဆွေမျိုးမိတ်ဖက်တွေ ဘာကြောင့်ဖြစ်လာရသလဲ

လူ့အဖွဲ့အစည်းမှာ ညီအစ်ကိုမောင်နှမ ဆွေမျိုးမိတ်သင်္ဂဟ၊ မိဘ ဘိုးဘွား စသည်ဖြစ်လာကြတာ အကြောင်းမဲ့ မဟုတ်ပါ။ အများ နားလည်ထားတဲ့ "ရေစက်ဆုံတာ" ဆိုတာ မှန်တော့ မှန်ပါတယ်။ မပြည့်စုံသေးပါဘူး။ ဆရာတော်ဘုရားကြီး အကျယ်ရှင်းပြပုံမှာ ---

"ဆွေမျိုးနဲ့ မိတ်ဖက်ဆိုတာ တစ်ဘဝက အတူရေစက်ဆုံခဲ့ကြတဲ့ အရင်းတွေပဲ။ စေတနာတူ၊ ဝတ္တုတူ အဖြစ်နဲ့ လှူခဲ့ကြသူများက မောင်ရင်းနှမ၊ သားနဲ့အမိတွေ ဖြစ်လာကြတယ်။ အဲဒီ ကုသိုလ်ကို နှုတ်ကူလက်မနဲ့ အားတတ်သရော အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြသူတွေက ဘိုးကြီး၊ ဘွားကြီး၊ ဘကြီး၊ ဘထွေး၊ ဦးလေး၊ ဦးကြီးတွေအဖြစ် ရောက်သူရောက်၊ မိတ်ဆွေ သူငယ်ချင်း အဖြစ် တွဲသူတွဲ ဖြစ်လာကြတယ် ""

မဂ္ဂဇင်းမှကောက်နုတ်ချက်

http://www.dhammadownload.com



“အဲဒီ ကုသိုလ် မိမိတို့ ရသလို ရကြပါစေတော့ ဆိုတဲ့ စေတနာနဲ့ အမျှဝေစဉ်က လိုက်လိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ကြသူတွေက ဟောအခု သားတို့ သမီးတို့ ကြီးပွားရေး ကိစ္စ ပြုလုပ်ကြတော့ အားပေးသူတွေ ဖြစ်လာကြတယ်။ ဒါ … ဒါနတစ်ခုက စေတနာ အရှိန်နဲ့ တွန်းပို့လိုက်တဲ့ အကျိုးဆက် အကြောင်းခံတွေပဲ မဟုတ်လား”

“သည်တော့ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်နမတွေဟာ သားတို့ ယခု ခံစားနေရတဲ့ ဒါန ရိက္ခာထုပ်နဲ့ မကင်းသူတွေ ဖြစ်နေတယ် ဆိုတာသဘောပေါက်ပြီး ရပစ္စည်းထဲမှ ထိုက်တန်သလောက် ထောက်ပံ့ရမယ်။ တတ်နိုင်သလောက် ကူညီရမယ်ပေါ့။

(မင်္ဂလာတရားကထာ၊ စာ - ၇၇)

ဒါကြောင့် ဆွေမျိုးမိတ်ဖက်တွေ ဖြစ်လာကြတာ အလှူရေစက်ကြောင့်ပါ။ လှူတဲ့သူကလည်း ညွတ်ညွတ်နူးနူးနဲ့ အမျှဝေပြီး ပရိသတ်ကလည်း စိတ်ပါလက်ပါ သာဓု ခေါ်ကြမယ်ဆိုရင် သံသရာ ခရီးရဲ့မိတ်ကောင်းဆွေမွန်တွေ ဖြစ်လာကြဦးမှာပါပဲ။

http://www.dhammadownload.com



# မိန်းမလျှာ၊ ယောက်ျားလျှာ၊ ပြည့်တန်ဆာ၊ ဖိမ်ခေါင်း စသည် ဘာကြောင့်ဖြစ်

ကုသိုလ်ကောင်းမှု အကြောင်းပြုပြီး ဆွေမျိုး မိတ်သင်္ဂဟများ ဖြစ်လာခဲ့ကြပါတယ်။ အကုသိုလ်ကို အကြောင်းပြုပြီး ဝဋ်ဆင်းရဲကြီးစွာ အသက်ရှင်နေရသူများကတော့ ယောက်ျားလျှာ၊ မိန်းမလျှာ၊ ပြည့်တန်ဆာ၊ ဖိမ်ခေါင်းနဲ့ တစ်ကိုယ်တည်းမှာ ကျားစိတ်နဲ့ မစိတ် ကိန်းနေသူများ ဖြစ်ပါတယ်။ သူတို့ ဘာကြောင့် ဒီဘဝကို ရောက်လာရသလဲဆိုတော့ ဆရာတော်ဘုရားကြီးက "ဗုဒ္ဓဘာသာဝင်တို့ရဲ့ မူဝါဒ ကြေညာချက် စာတမ်းကြီး" မှာ ဒီလို ဖော်ထုတ်ပေးခဲ့ပါတယ်။

မဇ္ဈိမစာပေတိုက်

http://www.dhammadownload.com



# မိန်းမလျာ

ဆိုပါစို့။ ဒီဘဝ ယောက်ျားအဖြစ်နဲ့ နေ့ရှိသရွေ့ အချိန်ရှိသရွေ့ မိန်းမများဆီကိုချည်း စိတ်ရောက်နေမယ်၊ စိတ်ကစားတိုင်းလည်း သွားရောက်ပြီး ကြုံကျက်ဖျက်ဆီးမှုကို တစ်ယောက်ရိုး တစ်ယောက်ကူးနဲ့ လွန်ကျူးလေ့ရှိမယ်ဆိုရင် ဒီယောက်ျား သေလျှင် နောက်ဘဝ လူအဖြစ် ပြန်ရောက်တဲ့အခါ ပုံစံက ယောက်ျား၊ စိတ်ထားက မိန်းမ ဖြစ်လာပြီး "မိန်းမလျာ" ဖြစ်ကရော။

(တ - ၂၁)

# ယောက်ျားလျာ

ဆိုပါစို့။ ဒီဘဝ မိန်းမအဖြစ်နဲ့က ယောက်ျားလိုချင်စိတ် အားကြီးပြီး တွေ့သမျှ ယောက်ျားများကို ဖြားယောင်းလေ့ရှိတဲ့ မိန်းမများလည်းပဲ နောက်တစ်ခါလာတော့ "ယောက်ျားလျာ" ပဲပေါ့။ ဒီနှစ်မျိုးလုံး အာရုံခံစားစဉ်မှာ မိမိဘက်မှာ စိတ်သွင်းပြီး အာရုံ ခံစားရမယ့် အစား သူ့ဘက်က စိတ်သွင်းပြီး အာရုံခံစားတတ်သူတွေ။

(၄င်း။ တ - ၂၁)

# ပြည့်တန်ဆာ

တစ်ဖန် အာရုံ ခံစားစဉ်မှာရော၊ အာရုံယူ ရှာဖွေစဉ်မှာပါ သူ့ဘက်မှာချည်း မိမိစိတ် ပို့လွှတ်ထားသူများကတော့ သွားလေပေါ့။ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး သေလွန်ပြီးနောက် တစ်ခေါက် လူ့ပြည်ရောက်လာတော့ မိန်းမအသွင် ပေါ့ပျက်ပျက် အပြင်အဆင်များနဲ့ ယောက်ျားတကာတို့ရဲ့အသုံးတော်ခံ "ပြည့်တန်ဆာ"။

http://www.dhammadownload.com



# ဇိမ်ခေါင်း

တစ်ဖက်ရှိ မိန်းမများကလည်း နောက်တစ်ခါ လူအဖြစ်ရောက်လာလျှင် ယောကျ်ားအသွင် ပေါ့ပျက်ပျက်အပြင်အဆင်များနဲ့ ဇိမ်ခေါင်းဘဝ၊ ပြည့်တန်ဆာထိန်း၊ သည်နှစ်မျိုးလုံး သူ့ပစ္စည်းယူပြီး သူ့ပစ္စည်းအတိုင်း အကြွေးဆပ်ရသူချည်းပဲ။ သားတို့ သမီးတို့ သံဝေဂ ယူတတ်ကြပါစေ။

(ဇင်း၊ စာ - ၂၁)

# မိန်းမ တစ်လှည့်၊ ယောကျ်ားတစ်လှည့်

နောက်တစ်မျိုး ကျန်သေး ...။

အာရုံ ရာဇဝင်မှာ ခံစားတုန်းမှာပါ သူ့ဘက်လည်း စိတ်မပေါက်၊ ကိုယ့်ဘက်လည်း စိတ် မရောက်တတ်ဘဲ အတွေ့မှာသာ မျောနေပြီး ခံစားနေတတ်သူ၊ တစ်ခါတစ်ရံ သူ့ဘက် တစ်လှည့်၊ ကိုယ့်ဘက် တစ်လှည့်မျိုးနဲ့ အတက်အကျလိုက်ပြီး ခံစားသူများကတော့ "မိန်းမ မဟုတ်၊ ယောကျ်ား မဟုတ်" ဖြစ်တတ်တယ်။ အပူရှိန် လွန်ကဲပြီး မိုးတစ်စက်မှ မကျဘဲ သရောခိုင်းနေတယ်ဆိုတာမျိုးပေါ့။

နောက်တစ်မျိုးကတော့ "မိန်းမ တစ်လှည့်၊ ယောကျ်ား တစ်လှည့်" ပေါ့။ အချိုးကျ ပြိုင်တူ ပေါ်နေလေရဲ့။ ရေထရက် ချိုးမှား မိန်းမ၊ လေထရက်မျိုးကျ ယောကျ်ား၊ ဒါမှမဟုတ် တက်စိတ်ပေါ်လာလျှင် ယောကျ်ား၊ ကျစိတ်ပေါ်တဲ့အခါ မိန်းမ၊ သည်အားလုံးလည်းပဲ သူ့ပစ္စည်း ရေးဌားစားသုံးပြီး သူ့ပစ္စည်းအတိုင်း ပြန်ဆပ်နေရပုံမျိုးပဲ။

http://www.dhammadownload.com



သူတို့ရဲ့နစ်နာဆုံးရှုံးမှုကြီးကတော့ သည်အားလုံး ရတနာ မနား ... သရဏဂုံ မပွင့် ဆိုတာပါပဲ။

(ရှင်း၊ တ - ၂၁)

ကာမဂုဏ် ခံစားရာက အစွဲကြီးပြီး စွဲရာဘဝ ရောက်ရပုံကိုလည်း ကျိုးကြောင်းပြ ရေးသားတော်မူခဲ့ပါတယ်။

"ကာမ ခံစားတုန်းက ကျူးလွန်ပြီးနောက် တစိမ့်စိမ့်တွေး၊ တိတ်ရေး ရေးပေါ်ပြီး သာယာနေတဲ့ အကျိုးဆက်များအဖြစ် မိန်းမတန်ဆာ စွဲ သေတဲ့ ယောကျ်ားမို့ လာခဲ့မိန်းမဘဝ၊ ယောကျ်ား တန်ဆာ စွဲသေတဲ့ မိန်းမကတော့ သွားတော့ ပြည့်တန်ဆာဘဝ၊ တစ်ခါ ယောကျ်ားက မိန်းမစွဲသေရင်တော့ ယောကျ်ားဘဝနဲ့ မိန်းမစိတ် ပေါ်ပေါက်နေတဲ့ ဘဝ၊ ယောကျ်ား စွဲသေ မိန်းမ ကျတော့ မိန်းမ ဘဝနဲ့ ယောကျ်ားစိတ် ပေါက်နေတဲ့ ဘဝ၊ ကဲ ... ကောင်းကြရဲ့လား။ သားတို့ သမီးတို့ ..."

(ရှင်း၊ တ - ၁၆၃)

ပွင့်ပွင့်လင်းလင်းနဲ့ အကြောင်းရင်းအမှန်ကို သတိပေးထားပါ တယ်။ ယောကျ်ားလျာ၊ မိန်းမလျာ၊ ပြည့်တန်ဆာ ... စသည် တွေ့ရင် သူတို့ရဲ့အတိတ်အကုသိုလ်ကံ အကြောင်းမှန်ကိုသံဝေဂယူခဲ့ရကြောင်း ပါဗျာ။

http://www.dhammadownload.com



# လူလို့ဘာကြောင့် ခေါ်ရသလဲ

ပတ်ဝန်းကျင်မှာ ကိုယ့်အိမ်တွင်းက စပြီး လူတွေကို မြင်တွေ့ ဆက်ဆံနေရတာပါ။ ဒါပေမယ့် ဒီ လူတွေကို လူလို့ ဘာကြောင့် ခေါ်ရတယ်ဆိုတာ စဉ်းစား အဖြေရှာကြည့်ဖူးပါသလား။ ကျေးဇူး တော်ရှင် ဆရာတော်ဘုရားကြီးက ...

""လူဆိုတာ အလံတံခွန်များ လွှင့်တင်ထားသလို မိမိတို့ ဘဝတွေ တလူလူ မြင့်တက်အောင် စွမ်းဆောင်ရည်ရှိလို့ လူလို့ ခေါ်တာ၊ သစ်ပင်များလို နိမ့်ရာက မြင့်ရာဆီ အညွန့်တလူလူထွက် ပြီး အထက်သို့ တက်နေတဲ့ သဘောရှိလို့ လူလို့ခေါ်တာ ..."" 

မနသာလို့ ခေါ်တဲ့ လူဆိုတာ ...

http://www.dhammadownload.com



❀ အကျိုးရှိ အကျိုးမဲ့ကို သိ.သိနေလို့ လူ၊ မသိရင် လူမဟုတ်။

❀ အပြစ်ရှိ အပြစ်မဲ့ကို သိ.သိနေလို့ လူ၊ မသိရင် လူမဟုတ်။

ပါဠိတော်အားဖြင့်တော့ ...

❀ အတ္တာ နတ္တံမ နတိ ဇာနာတိတိ မနသော

❀ ကုသလာ ကုသလ် မနတိ ဇာနာတိတိ မနသော ... တဲ့။

အကျိုးရှိ အကျိုးမဲ့၊ အပြစ်ရှိ အပြစ်မဲ့ တို့ကို ခွဲခြားသိနေခြင်း ဟာ လူနဲ့ တိရစ္ဆာန်တို့ရဲ့ခြားနားချက် ဖြစ်တယ်လို့လည်း အမိန့် ရှိပါတယ်။ ဆရာတော်ဘုရားကြီးက "လူသုံးမျိုး" ရှိတယ်လို့လည်း ဒီလို ရေးသား ပြခဲ့ပါတယ်။

၁။ လက်ရှိလူသားများ - အောက်ဘုံ အပါယ်လောက တို့မှ လွန်ပြီး တလူလူ တက်လာခဲ့လို့ ...။

၂။ နတ်လူသားများ - ပရိယေသန ဒုက္ခမှနေ လွန်ပြီး တလူလူ တက်သွားကြလို့ ...

၃။ ဗြဟ္မာလူသားများ - အချင်းချင်းအကြိုက်ပေး ဖျက်ဆီး ရတဲ့ ကာမဒုက္ခမှနေ လွန်ပြီး တလူလူ ထိုးတက်သွားကြ လို့ ...

လူလို့ချည်း ခေါ်ရတယ်။

(မဂ္ဂပဋိသံယုတ္တကထာ စာ - မိမိဖနီနဝါရီ ၁၉၉၈)

တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက် မြင့်အောင် ကျင့်ဆောင် သွားသူများကိုသာ ခေါ်ထိုက်ပါတယ်။ အကျိုးရှိ အကျိုးမဲ့ကို မသိ၊ အပြစ် ရှိ အပြစ်မဲ့ကို မသိပဲ အိပ်စား ကာမ ဝမ်းစာရှာဖွေရေးမျှသာ လုပ်နေသူ များမှာ လူကိုယ်ကောင်ကြီးကို ရထားသော်လည်း တိရစ္ဆာန်တို့ရဲ့

http://www.dhammadownload.com



ဘာသာဝေလေ့နှင့် မခြားသောကြောင့် "လူကိုယ် နှင့် တိရစ္ဆာန်စိတ်" ရယ်လို့ ဆရာတော်ဘုရားကြီးက တံဆိပ်ခတ်နှိပ် ကင်ပွန်းတပ်ပါတယ်။

လူလို့ ဘာကြောင့် ခေါ်ရသလဲဆိုတာ အဖြေရပြီ ဆိုရင် "အကျိုးရှိ အပြစ်မဲ့" အလုပ်တွေ လုပ်ခြင်းဖြင့်သာ လူ့ဘဝ၊ လူ့တန်ဖိုး၊ လူ့အဓိပ္ပာယ်ကို ဖော်ဆောင်သင့်ကြောင်း နားလည်ရပါတယ်။

http://www.dhammadownload.com



# ဂုဏ်ကြီးသူ အသက်ကြီးသူတို့ကို ဘာကြောင့် ရိုသေအပ်သလဲ

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် မိဘနှင့် ဆရာသမားများအပေါ် မရှိမသေ၊ ကလန်ကဆန် ဆက်ဆံခြင်းများ မကြာခဏ တွေ့နေရတတ်ပါတယ်။ ရဟန်း၊ သံဃာများ အပေါ်မှာပင် ရိုသေရကောင်းမှန်း မသိတော့လောက်အောင်ပင် ယဉ်ကျေးမှု ဆုတ်ယုတ်လာချိန် ဖြစ်ပါတယ်။ မိဘ၊ ဆရာ၊ ရဟန်း၊ သံဃာ မဟုတ်သော အခြားသော အသက်ကြီးသူ၊ ဂုဏ်ကြီးသူတို့ အပေါ် ဆက်ဆံရေးကား ဆိုဖွယ် မရှိတော့လောက်အောင် မာကျော ကြွပ်ဆတ်နေခဲ့ပါပြီ။

သိပ္ပံနည်းပညာနှင့် ရုပ်ဝတ္ထုပစ္စည်းတွေ ဘယ်လောက်တိုးတက်တိုးတက် ယဉ်ကျေးမှု ပျက်စီးလျှင် လောကကို တတိတိ ဖျက်ဆီးနေတာနဲ့ အတူတူပါပဲ။

မဂ္ဂဇင်းတိုက်

http://www.dhammadownload.com



ဂါရဝေါစ နိဝါတောစ ဆိုတာ ဘုရားဟော မင်္ဂလာတရားတော် တစ်ပါး ဖြစ်ပါတယ်။ ဂုဏ်ကြီးသူ အသက်ကြီး သူတို့ကို ရိုသေရုံမျှဖြင့် ငွေမကုန်ဘဲ ရရှိမယ့် အကျိုးကျေးဇူးများကို တစ်ကယ် မသိကြလို့ ရိုသေ ရကောင်းမသိ ဖြစ်လာခဲ့ပုံ ရပါတယ်။

ဒါကြောင့် ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော် ဘုရား ကြီးက ရိုသေခြင်း မင်္ဂလာကို အခါအခွင့်သင့်တိုင်း ဟောကြား ရေးသား လမ်းညွှန်ပြလေ့ ရှိပါတယ်။

"အသက် သိက္ခာအားဖြင့် ကြီးမြင့်သူတို့ကို ရိုသေစိတ်၊ အလေး ပေးစိတ်များဖြင့် ယဉ်ကျေးပျူငှာစွာ ဆက်ဆံတတ်ပါလျှင် ဂုဏ် (သီလ ဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်) အားဖြင့် ကြီးမြတ်နေသူဖြစ်က ထိုဂုဏ် များ သားတို့ သမီးတို့အပေါ် ရောင်ပြန်ဟပ်လာလို့ သားတို့ သမီးတို့ လည်း ဂုဏ်ကြီးသူရဲ့အဖြစ် တိုးတတ်စေနိုင်တယ်။ ထိုသူ့ဂုဏ်လည်း သားတို့ရဲ့အရောင်တင်ပေးမှုကြောင့် တက်သထက် တက်စေနိုင်တယ် ပေါ့။ တစ်ဖန် အသက်အားဖြင့် မိမိထက် လူ့ဘဝ တစ်ရက် စောရောက် လာသူပင် ဖြစ်စေ မိမိထက် လူတို့အသိ အကောင်းအဆိုး အကြောင်း အကျိုးများကို တစ်ရက် ပိုသိနေသူပီပီ ထိုသူ အား အလေးပေးခြင်းဖြင့် မိမိတို့မှာ အသက်ပိုရှည်စေနိုင်ပြီး ထိုသူများမှာလည်း မိမိတို့ကြောင့် အသက် ပိုရှည်စေနိုင်တယ်။ ဝမ်းမြောက်ခြင်း စိတ်ဟာ ပူစိတ်ကြောင့် တိုတောင်းမယ့် အသက်ကို တားပေးနိုင်လို့ပဲ သားတို့ "

"ကိုယ် စိတ်နှလုံး သုံးပါးစလုံး ရွှင်ပြုံး ချမ်းသာစွာနဲ့ နေတတ် သူတို့မှာ သက်တမ်းထက် လွန်ပြီး အသက်ရှည်စေနိုင်တယ်။ ကံ ကောင်းထောက်မသူများလို့ ဆိုရမှာပေါ့။ အဲ ... ပူပန်မှုနှိပ်စက်နေတဲ့

http://www.dhammadownload.com



သူများကျတော့ သက်တမ်းအောက် လျော့ပြီး အသက်ကုန်ရတတ်တယ်။ ကံမကောင်း အကြောင်းမလှသူများလို့ ဆိုရမှာပေါ့။ ပုပန်မှုနည်းပါးပြီး ပြုံးတစ်လှည့်၊ နံးတစ်လှည့်များမှာတော့ သက်တမ်းစေ့လောက်နဲ့ပဲ ပြီးစီးရပြန်တယ်။ ဒါ "သေပုံသုံးမျိုး" အထူးပဲ သားတို့။ အသက်ကုန် သေ၊ ကံကုန်သေ၊ နှစ်ဖက်စုံကုန် သေတွေလို့ မှတ်ထားရမယ် သားတို့ သမီးတို့ ..."

ဂုဏ်ကြီးသူမှာ ကံသက်ထက် ဉာဏ်သက်က ကဲနေလေရဲ့။ အဲဒီဉာဏ်သက်ကို ပူဇော်သောအားဖြင့် ရှိသေမယ်ဆိုလျှင် ဉာဏ်သက်ဟာ လှုပ်ပေးလျှင်နီးလာတတ်ပြီး၊ ချူပယူရင်လည်း ပါတတ်တဲ့အမျိုးဆိုတော့ ထိုဂုဏ်ဟာ သားတို့သမီးတို့ နှလုံးအိမ်မှာ မတည်ဘဲ မနေဘူး။ ပညာရှိနား ဆည်းကပ်သူ (ပညာရှိရဲ့အမူအကျင့်ကို အတုလိုက်သူ) ပညာရှင်လေးတွေ ဖြစ်တယ်ဆိုတာ ဆရာ့အသံမှ တစ်ဆင့် တပည့်ဉာဏ်ပွင့်ရသလို ပညာရှိ နှလုံးသားမှ တစ်ဆင့် အသိများ ဆည်းကပ်သူ၏ အသံကြား ပွင့်စေတတ်လို့ပဲ။

"ရှိသေသူမှာ ရှိသေသလောက် အကျိုးထူးလာတာပေါ့။ ရှိသေတတ်လျှင် ကိုယ့်ဖို့ရည်းပဲ။ ဂုဏ်ကြီးသူ အသက်ကြီးသူတို့ကို ရှိသေခြင်း၊ ဆည်းကပ်ခြင်း အမြဲပြုသူမှာ "အသက်ရှည်၊ အဆင်းလှ၊ ဗလထွား၊ ချမ်းသာများ" ဆိုတဲ့ အကျိုးလေးမျိုး ရရှိကြောင်း ဘုရားဟောပဲ မဟုတ်လား ..."

(မင်္ဂလာတရားကထာ
၁၉၉၄ မေလ ပထမအကြိမ်၊
စာ - ၁၀၄)

http://www.dhammadownload.com



မဂ္ဂပဋိသံယုတ္တကထာမှာလည်း ဝုဏ်ကြီးသူ၊ အသက်ကြီးသူတို့ ကို ဘာကြောင့် ရှိသေအပ်တယ်ဆိုတာ ဒီလို ရေးပြခဲ့ပါတယ်။

"အပစာယန - ဂုဏ်သိက္ခာ အသက်အားဖြင့် ကြီးမြင့်သူတို့ အပေါ်အရှိအသေပြုခြင်း၊ ဤကိရိယာသည်လည်း အထက်တတ်ရာ၏ မြမ်းသဖွယ် ဖြစ်သဖြင့် လက်လွှတ်၍မရချေ။ ဘုရား၊ အရိယာတို့သည် မမြင်အပ်ရာ အတွင်းပစ္စည်းဖြင့် တွေ့သူတိုင်းကို တို့နေပါသည်။ အချင်း ချင်း ကျဉ်စက်ဖြင့် တို့ရာ၌ ဓာတ်လိုက်သဖြင့် အတို့ခံရသူ၌လည်း ကျဉ် တက်သွားလေ့ ရှိတတ်၏။ သည့်အတူ ဘုရား၊ အရိယာများသည်လည်း ဝေနေယျတို့ကို ဓမ္မဓာတ်အားကို အစွမ်းကုန် ဖွင့်လွှတ်ပေးပို့လျက်က ဝေနေသည်သာဖြစ်၏။ မျက်စိလျင်သူ မြင်၏။ မလျင်သူမမြင်။ လက်ပါ သူရ၏။ မပါသူ မရချေ"

"ထိုဘုရား အရိယာတို့၏ အတုကို လိုက်လျက်က အကျင့် ဂုဏ် သိက္ခာ ကြီးမား မြင့်မြတ်လျက် ရှိသော သူတော်ကောင်း အစားစားများ သည်လည်း ကျင့်ကတည်းက ငါ့ဖို့ရှည်းမရှိ၊ ငါနှင့်အတူ အများကိုပါ ဟူ သော ဆန္ဒအမှန်ဖြင့် အားသွန်လျက်ရှိ၏။ သို့ကြောင့် ၎င်းတို့ ကျင့်သမျှ ဓမ္မဓာတ်အား ဝင်ထွက်လေတို့၏ လှိုင်းမှလည်းကောင်း၊ မွေးညင်းတို့၏ အပေါက်ကြားမှ လည်းကောင်း ပြင်ပသို့ ပျံ့နှံ့လျက်သာ ရှိချေသည်။ အရို အသေပြုခြင်းဖြင့် ၎င်းတို့ဆီ စိတ်ဦးလှည့် သူတို့ ထိုဓာတ်အား မဝင် သည် မရှိချေ"

"ဂုဏ်သိက္ခာ အရာ မိမိအရင် တစ်စက္ကန့် တစ်မိနစ်မှ နာရီ၊ ရက်၊ လ၊ နှစ် စောစီး၍ ကြီးမြင့်လေသူ၌ မိမိထက် မြတ်သော စေတနာအပွင့် ဦးသဖြင့် ရှိသေရသည်။ အသက်အရာ မိမိ အရင် စက္ကန့်၊ မိနစ်၊ နာရီ၊

http://www.dhammadownload.com



ရက်၊ လ၊ နှစ် စောစီးကာ မွေးဖွားပြီး လေသူ၌ကား မိမိထက် ဘဝကောင်း ဦးစွာ စောနေနိုင်သော "ကံပွင့်" ကို ရှိသေရသည်။

(မဂ္ဂပဒ္ဒိသံယုတ္တကထာ၊
၁၉၉၈ ဇန်နဝါရီ၊
စာ-၂၆)

http://www.dhammadownload.com



# ပင်ကိုယ်စိတ် ဘာကြောင့်ပျောက်

မိတ်ဆွေတို့ ရိပ်သာဝင်ဖူးပါလိမ့်မယ်။

တစ်ပတ် ဆယ်ရက်လောက် ကြိုးစားပမ်းစား၊ အားထုတ်တာတောင် အရောင်နိမိတ်၊ အလင်းနိမိတ် ကျတဲ့အဆင့်ကို ရခဲ၊ ရောက်ခဲပါတယ်။ အဲဒီ အရောင်အလင်း နိမိတ်ကလေး ကျလာပြီလားဆိုရင် ယောဂီ မပြောနဲ့၊ တရားပြဆရာပင် သူ့စိတ်ကလေး ပင်ကိုအတိုင်း ကြည်လာပြီဆိုပြီး အားတတ်သရော အားပေးတတ်ပါတယ်။ တစ်သံသရာလုံးက ညှိုးနွမ်းညစ်ပုတ်ခဲ့တဲ့ စိတ်ယုတ်စိတ်မာတွေ ပြယ်လွင့်ပြီး ကြည်လင်စ ပြုလာပြီကိုး။ ဒါတောင်မှ ဒီစိတ်ကြည်အလင်းကလေးဟာ မူလစိတ်ရဲ့ဖြူစင်တောက်ပမှုကို မမီသေးဘူး။ အချိန်မရွေး ပျောက်ဆုံး ပြုတ်ကျသွားနိုင်ပါသေးရဲ့။

မဉ္ဇိမစာပေတိုက်

http://www.dhammadownload.com



ပင်ကိုစိတ်ရဲ့ သဘာဝကို ဆရာတော်ဘုရားကြီး ဖော်ပြထားတာက ...

"ပင်ကို စိတ်သည် သုချည်းသက်သက်အားဖြင့် ဖြူစင်ခြင်း၊ တောက်ပခြင်း ထင်းလင်းရှိ၏။ တစ်ခါမြင် တစ်ခါသိ တစ်ခါပျောက်နှုန်းသာ ရှိ၏။ တစ်ခါမြင် အခါခါသိမျိုး မဟုတ်။

- ကမ္မဇိဒ္ဓိ ဖြစ်သော နတ်တို့ အလင်းရောင်၊
- ဈာနဇိဒ္ဓိ ဖြစ်သော ဗြဟ္မာတို့၏ အလင်းရောင်၊
- ဉာနဇိဒ္ဓိ ဖြစ်သော အရိယာတို့၏ အလင်းရောင်၊

ထိုအလင်းရောင်များသည် စိတ်၏ ပင်ကို သတ္တိမှ ထွက်ကျလာသော စိတ်တန်ခိုး၊ စိတ်သတ္တိ၏ အရောင်များချည်းပင် ဖြစ်ချေ ၏။

လောက၌ အနာထပိဏ်၏ ဘုရားနှင့် တွေ့ရတော့မည် ဖြစ်သဖြင့် ဖြစ်ပွင့်လာသော အလင်းရောင်များသည် စေတနာ၏ ကမ္မဇိဒ္ဓိစွမ်းအားပင် ဖြစ်ချေ၏။ အားထုတ်ဆဲ ယောဂီများ၏ ဉာဏ်ထက်သူ သမ္မာသနဉာဏ်မှာ ဉာဏ်နုံ့သူ ဥဒယဗ္ဗဉာဏ်မှာ ပေါ်ပေါက်လာသော အလင်းရောင်များသည်ကား ရှုမှတ်မှုမှ ပေါ်သော အလင်းရောင်များ ဖြစ်ကြသဖြင့် ဈာနဇိဒ္ဓိ (ဈာန်ကြောင့် ဖြစ်သောတန်ခိုး) အရောင်ဟု ဆိုရ၏။ ထိုယောဂီများတွင် ရှုမှတ်အားကောင်းပြီး ကိလေသာ ငုပ်သွားမှုများသော် ပြင်ပထိ အလင်းထွက်၏။ ရှုမှတ်အား (ဈာန်ဝင်စားအား) နည်းပါး၍ ကိလေသာဘက်မှ ကြွအား ရှိနေသော် ကိုယ်တွင်းနှင့်ပင် ပြီးစီးတတ်၏။

ရဟန္တာ ရှင်သခင်ဖြစ်သော အရှင်ဒဗ္ဗမထေရ်၏ အာဂန္တုက သံဃာများအား နေရာချထားပေးရာတွင် လက်ညှိုးတော် ညွှန်ရုံမျှဖြင့်

http://www.dhammadownload.com



ထိုလက်ညှိုးတော်မှ လက်နိပ်ခတ်မီးကဲ့သို့ အလင်းရောင် ပေါ်ထွက်လာပြီး ညဥ့်နက်ပိုင်း၏ အမှောင်ကို ခွင်းခြွေပေးနိုင်သော အလင်းရောင်သည် ဉာဏ်ကြောင့် ဖြစ်သော ဉာဏဇဝိဒ္ဓိ အရောင် ဆိုရ၏။

ဘုရားရှင်၏ ခပ်မဆိတ်သော ရောင်ခြည်တော်ကား ထိုကံ၊ ထိုဉာဏ်၊ ထိုရာန်များတွင် ပါရမီတော်၏ အဟုန်သတ္တိများလည်း ပါဝင်ရကား စိတ်တော်သည် အများထက် စင်ကြယ်လွန်းလှသဖြင့် အများထက် ကြည်လင်တောက်ပနေပါချေ၏။ အများထက် ကိလေသာ ပယ်သတ် အားကောင်းလွန်လွန်းလှသဖြင့်လည်း အများထက် ကြည်လင်တောက်ပနေခြင်းလည်း ဖြစ်ပါချေ၏။

ထိုမျှ ကြည်လင် တောက်ပနေသော စိတ်တလင်းပြင်ပေါ်ဝယ် တစ်ခါမြင်၊ တစ်ခါသိ၊ တစ်ခါပျောက်နှုန်း တို့ကို ဖုံးအုပ်လျက်က စွဲစိတ်များဖြင့် တစ်ခါမြင် တစ်သက် မေ့မရသူ၏ အဖြစ်သို့ ရောက်ရှိလာသူအဖို့ကား ပင်ကိုစိတ် ပျောက်ကွယ်သွားခဲ့ပြီ။ ထိုပင်ကိုစိတ်နှင့် အတူ စိတ်တန်ခိုး စိတ်သတ္တိ၏အလင်းရောင်များလည်း မြုပ်သွားကြပြီ။

- ❀ အဆင်းကိုမြင်သည်၊ ပင်ကိုသိကား အဆင်းကိုသာသိပေးရသည်။

  အဖြူရောင်ကို မြင်သည်၊ ပင်ကိုသိကား ယင်းအဖြူရောင်ကိုသာ သိ သိနေတတ်သည်။
- ❀ အဆင်းကို မြင်သည်၊ "မ" ဘယ်သူပဲ။ ပင်ကိုစိတ် ပျောက်သွားပြီ။

  အဖြူကိုမြင်သည်။ "ကို" အတ္တာပဲ။ ပင်ကိုသိ မြုပ်နေပြီ။

ထို မ ဘယ်သူ၊ ကို ဘယ်ဝါ ဟူသော သူ့စိတ် ပေါ်လာလျှင်

http://www.dhammadownload.com



သူ့အာရုံ၏ ဆွဲအား၊ တိုက်အားများကြောင့် ကြိုက်စိတ်၊ ကြိုက်စေးများ ပန်းတတ်လာပြီး ကြိုက်ငြိများ ပေါ်လာရချေတော့၏။ ထိုအခါ ရွံ့စေးပေါ် ကျသွားသော စိန်ကျောက်ကဲ့သို့ တောက်ရာမှ ပျောက်ရာသို့ ရောက် ရချေ၏။ သည့်အတူ မကြိုက်စိတ်၊ မသိစိတ် စသည့် ဖြူစိတ်ကို မဲစိတ် (မည်းစိတ်) ဖြစ်အောင် အရောင်ပြောင်းပေးတတ်သောစိတ်များ ပေါ် လာသမျှ အရောင်မှိန်ကျသွားကာ နောက်ဆုံး စိတ်မဲတူ၊ ကိုယ်မဲ တူ ဘဝ ဖြင့် ကြိုက်ရာလုပ်၍ မကြိုက်ရာ ဘဝ ရောက်ကြရရှာချေသည်။"

အဲဒါဟာ ပင်ကိုစိတ် ဘာကြောင့် ပျောက်သွားရတယ်ဆိုတာရဲ့ သဲလွန်စ အဖြေ ဖြစ်ပါတယ်။ ဒီကနေ့ သူသူငါငါ ရုပ်ထဲရွာထဲမှာ ပင်ကို စိတ်ပျောက်ကာအစွဲသိ၊ အစွဲနာနဲ့ နေ နေကြသူတွေက အများစုပါ။ ဘဝဒုက္ခ အမှောင်ထုကို ဖြိုခွင်းဖို့ စိတ်အလင်း၊ စိတ်တန်ခိုး၊ စိတ်စွမ်း ရည်တွေ ပြန်ရအောင် တရားအားထုတ်ခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိပြီလို့ နားလည်ခဲ့ရပါတယ်။

http://www.dhammadownload.com



# လူတွေ ဘာကြောင့်မေ့လျော့နေ

ကျွန်တော်တို့ လူသားတွေဟာ ဉာဏ်ကောင်းပါတယ် ဆိုတဲ့ သူတွေတောင် မေ့မေ့မျောမျော နေတတ်ကြလေရဲ့။ ကား၊ ရထားပေါ်မှာ၊ ရုပ်ရှင်ရုံမှာ ပစ္စည်းမေ့ကျန်ခဲ့တဲ့ မေ့တတ်ခြင်းမျိုးကို မဆိုလိုပါ။ အလုပ်တစ်ခု လုပ်တဲ့အခါ အလုပ်အပေါ်မှာ စိတ်စူးစိုက်မှု မရှိတာမျိုး၊ စိတ်နဲ့ကိုယ် မကပ်တာမျိုးကို ဆိုလိုပါတယ်။ ဥပမာ - "စိတ်အလုပ်" ဖြစ်တဲ့ ဘုရားရှိခိုးတာမျိုးတောင်မှ ရှိခိုးနေရင်း ကိုယ်ရွတ်ဆိုနေတဲ့ ဘုရားစာ ဘယ်ရောက်လို့ ရောက်သွားမှန်း မသိတာမျိုးဖြစ်ပါတယ်။ ပုတီးစိပ်နေရင်လည်း ပုတီးလုံးရေ၊ ပုတီးပတ်ရေ မမှတ်မိတာမျိုး ဖြစ်ပါတယ်။ တရားထိုင်နေရင်လည်း ဝင်လေ ထွက်လေ သို့မဟုတ် မှတ်စိတ်မှာ တည်မနေဘဲ စိတ်တပိုတပါး ပြေးလွင့်နေတာမျိုးကို ဆိုလိုပါတယ်။

http://www.dhammadownload.com



စိတ်ဟာ ခံစားဖူးရာ အာရုံတွေကို စားမြုံ့ပြန်လိုပြန် သို့မဟုတ် တစ်ခုခုဆီ ပြေးလွှားကူးလူးနဲ့ အငြိမ်နေတယ်ရယ်လို့ မရှိပါဘူး။ လူက ထမင်းချက်နေပေမယ့် စိတ်က ရောက်ချင်ရာရောက်နေမယ်။ ယုတ်စွအဆုံး အိမ်သာကသာ ဆင်းလာခဲ့ပေမယ့် အလေးအပေါ့သွားလို့ သွားခဲ့မှန်း မသိတဲ့ထိ စိတ်နဲ့ကိုယ် ကပ်လေ့မရှိပါဘူး။ (သတိပြု စောင့်ကြည့်ပါလေ) ဒါကိုပဲ ကိုယ်ဘာလုပ်လို့ လုပ်မှန်းမသိ မေ့လျော့ တွေဝေတယ်လို့ ဆိုရပါတယ်။

မသိတာက အဝိဇ္ဇာဖြစ်ပြီးတွေဝေ မေ့မျော့နေတာက မောဟဖြစ်ပါတယ်။ ရဟန်းသံဃာတွေဆီမှာ "အပ္ပမာ ဒေန သမ္ပာ ဒေထ" လို့ အာမဘင်္ဂေ ခံခဲ့ကြတာ "မမေ့မလျော့ မပေါ့မဆသော သတိနဲ့ နေပါမယ်" လို့ ဆိုလိုပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့နေထိုင်ခြင်းမှာ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆ၊ အမှုမဲ့ အမှတ်မဲ့ နေမော်နမဲ့ သတိလက်လွှတ် နေထိုင်ခြင်းက များပါတယ်။ အဲဒါ ဘာကြောင့်ပါလဲ။

သံသရာဘဝ ဘဝတွေကကပ်ပါလာတဲ့ အဝိဇ္ဇာနဲ့ မောဟတွေရဲ့လွှမ်းမိုးမှု ခံနေရလို့ပါပဲ။ တစ်နည်းအားဖြင့်တော့ တိရစ္ဆာန် ဘဝပေါင်းများစွာ ကျင်လည်ဖြတ်သန်းလာပြီးမှ လူ့ဘဝသို့ တက်လှမ်းလာခဲ့လို့ပါပဲ။ အဲ့ဒီမှာ တိရစ္ဆာန်တို့ရဲ့ အမူအကျင့်ဖြစ်တဲ့ မေ့လျော့တွေဝေခြင်း၊ မိမိ တစ်ကိုယ်ကောင်းအတွက် သူ့တစ်ကိုယ်ကောင်းကို ဖျက်ဆီးခြင်း (နိုင်ရာစားဝါဒ) အိပ်စား ကာမနဲ့ ဝမ်းစာရှာ ဝလှေ့ဖြင့် အချိန်ကုန်ခြင်း၊ အကျိုးရှိ အကျိုးမဲ့၊ အပြစ်ရှိ အပြစ်မဲ့ ခွဲခြား မသိနိုင်ခြင်းစတဲ့ တိရစ္ဆာန်ဘဝက အမွေတွေ လူ့ဘဝကို ယူဆောင် ကျင့်သုံးနေလို့ ပါပဲတဲ့။

http://www.dhammadownload.com



လူ့ဘဝ တစ်ကြိမ်တစ်ခါရရှိဖို့ တိရစ္ဆာန်ဘဝပေါင်း တစ်ရာလောက်ကျင်လည် ရင်းနှီးခဲ့ရတယ်လို့ ဆိုပါတယ်။ တိရစ္ဆာန်ဘဝက ပါလာတဲ့ အရှိန်အဟုန် သတ္တိစရိုက်ဉာဉ်တွေ မပြယ်တတ်သေးတော့ လူတွေဟာ မေ့မေ့မျောမျောကြီးနဲ့ အာရုံခံစားနေပါလေရော။ တစ်ခါ-တစ်ဖက်က အာရုံငါးပါး ဖမ်းစားမှုကလည်း လူတွေကို မေ့လျော့အောင် ပြုစားထားသလို ရှိတဲ့အတွက် "မေ့ကျင့်" ရလာကြတယ် ဆိုပါတယ်။

နေတော့လည်း မေ့လျော့တွေဝေ၊ သေတော့လည်း ဒီလိုပဲ မေ့လျော့တွေဝေ၊ မောဟနဲ့ သေမယ်ဆိုရင် လာရာလမ်းကို ပြန်ရမယ်လို့ ဆုံးမပါတယ်။ လာရာလမ်း ဆိုတာကတော့ မောဟဘုံလို့ ခေါ်တဲ့ တိရစ္ဆာန်ဘဝတွေဆီပဲပေါ့။

မသိရာက စခဲ့ပြီး မသိရာမှာ ဆုံးခဲ့ရင် မသိရာဆီပြန်သွားပြီး၊ မသိရာက ပြန်စရလိမ့်မယ်လို့ ဆရာတော်ဘုရားကြီးက ဓမ္မဥပဒေသ ထုတ်ပေးလိုက်ပါတယ်။ ဒါကြောင့် မောဟဆိုတဲ့ မေ့လျော့ တွေဝေခြင်းကို သတိဆိုတဲ့ ရှုမြင်ခြင်းနဲ့ ဖယ်ရှားပစ်ကြပါစို့။

(ပဋ္ဌိပတ္တိ ဥဒ္ဒေသက ကထာ၊
ဥမ် အောက်တိုဘာလ၊
စာ-၅၃)

http://www.dhammadownload.com



# ကျက်သရေ ဘာကြောင့်ယုတ်

"ကျက်သရေ ယုတ်လိုက်တာကွာ" ဆိုတဲ့ စကားလူတိုင်း ပြောတတ်ကြပါတယ်။ ကိုယ့်စိတ်နဲ့ မတွေ့မတည့် စိတ်တိုင်းမကျတဲ့အခါ လောကဝေါဟာရ အနေနဲ့သာ ပြောလိုက်တာပါ။ "ကျက်သရေ" ရဲ့မူလ အဓိပ္ပာယ်ကိုတော့ သိကောင်းမှ သိပါလိမ့်မယ်။

ကျက်သရေဆိုတာ ဖြူစင်သန့်ရှင်းတဲ့ နှလုံးသားရှိသူတွေမှာ တည်နေတာလို့ ဆရာတော်ဘုရားကြီးက "မင်္ဂလာဓာရဏကထာ" မှာ ဖော်ပြထားပါတယ်။

(တ-၁၈)

http://www.dhammadownload.com



တစ်နည်းအားဖြင့်တော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိစတဲ့ ကိလေသာအညစ်အကြေးတွေ မစွန်းထင်းတဲ့ စိတ်နှလုံးသားမှာ တည်နေတာကို ကျက်သရေလို့ ခေါ်ရပါတယ်။ အဲဒီ စိတ်ညစ် မထင်ဖြူစင်တဲ့ နှလုံးသား ပိုင်ရှင်များကတော့ ကလေး သူငယ်တွေ ဖြစ်ပါတယ်။ ကလေးတို့ရဲ့ရုပ်သွင်ဟာစိတ်ဖြူစင်မှုကြောင့် ရှချင်စဖွယ် တင့်တယ် လှပနေတော့တယ်။ ကျက်သရေဟာ သူတို့ကလေးတွေက တစ်ဆင့် ပတ်ဝန်းကျင်ဆီသို့ပါ ကူးစက် ပျံ့နှံ့သွားတတ်တဲ့ သဘောလည်း ရှိနေပါတယ်။

"ထိုသားရှင် သမီးရှင် မိဘတွေ၊ ညီအစ်ကို မောင်နှမအတူ နေတွေလည်း ထိုသားသမီးကို မှီ၍ ကျက်သရေရှိနေပြန်တယ်။ နေအိမ်ရော အသုံးအဆောင်များရော ဝတ်စား တန်ဆာ ဒွာရာများပါ ကျက်သရေတွေ ပျံ့နှံ့နေတတ်တယ်။ ထိုအိမ်မျိုးဟာ "သီရိဂေဟာ" ပဲ။ ခြုံလိုက်ရင်တော့ စိတ်ထားသန့်ပြန့်ဖြူစင် ကြည်လင်နေတဲ့သူတွေ နေတဲ့အိမ် "သီရိဂေဟာ" လို့ပဲ မှတ်ထားလိုက် ..."

(မင်္ဂလာ တရားတော်၊
၉၄ မေ၊ ပအကြိမ်၊
စာ-၁၉)

လူကြီးဆိုတာ...

ကိလေသာ အရောင်အမျိုးမျိုး အဆိုးခံထားရပြီးပြီ။ စိတ်ထားသန့်ပြန့်ဖြူစင်ကြည်လင်မှု အားနည်းသွားပြီ။ တစ်နည်းအားဖြင့်တော့ ကျက်သရေ ယုတ်လျော့စပြုနေပြီ။ စိတ်ထားဖြူစင်ကြည်လင်မှု မရှိတာဟာ ကျက်သရေယုတ်ခြင်းရဲ့အကြောင်းရင်းပဲဖြစ်ပါတယ်။ စည်း

http://www.dhammadownload.com



စိမ်ချမ်းသာ တိုက်တာ အိုးအိမ် ဖိမ်ခံစရာ အဆောင်အယောင်တွေ ဘယ်လောက်ပဲရှိရှိ ကျက်သရေမရှိတဲ့မျက်နှာမျိုး တွေ့ဖူးပါလိမ့်မယ်။ အဲဒါ အဆောင်အယောင်တွေရှိပေမဲ့ အတွင်းစိတ် မကြည်လင် မစင်ကြယ်ပုံကို ပြနေတာပါ။

ဘဝအနေချို့တဲ့ပေမယ့် စိတ်ထားဖြူစင် သန့်ပြန့်သူများရဲ့ မျက်နှာဟာ အင်မတန် ကျက်သရေရှိပြီး ငြိမ်းအေးနေတာ တွေ့ဖူးပါလိမ့်မယ်။

ကျက်သရေဆိုတာ ဘယ်လောက်ထိ လိုချင် တောင့်တဖွယ်ကောင်းသလဲ ဆိုရင် ကျက်သရေရှိသူ တစ်စုံ တစ်ယောက်ဆီက တောင်းယူချင်မိတဲ့ အထိပါပဲ။ ဒီသဘောကို ဆရာတော်ဘုရားကြီးက "ပညာရှိ ပုဏ္ဏား အနာထပိဏ် သူဌေးကြီးဆီက ကျက်သရေတောင်းခန်း" နဲ့ ပုံဆောင်ပြခဲ့ပါတယ်။

ဘုရားလက်ထက်တော်က ...

ကျောင်းဒါယကာကြီး အနာထပိဏ်ဟာ ဘုန်းကျက်သရေ အလွန်ရှိဆိုကိုး၊ ရှိမှာပေါ့။ စိတ်ထားဖြူစင် သန့်ရှင်းတာကိုး။

သူသည် ဗုဒ္ဓဘာသာဝင် မဖြစ်မီကပင် တစ်ဖက်သား (ဆင်းရဲသားမှန်သမျှ) သနားကြင်နာတတ်တဲ့ စိတ်ထားအပြည့်ရှိတယ်။ နေ့စဉ်ခိုးကိုးရာမဲ့တို့အား အစာပေးဝေပေးတယ်၊ အဝတ်လိုအဝတ် ဝေငှတယ်။ သို့ကြောင့် ဆင်းရဲသားတို့ရဲ့ အားကိုးရာ ထမင်းရှင် ဖြစ်လို့မို့ "အနာထပိဏ်" လို့ ခေါ်တယ်။ (အနာထ = ခိုကိုးရာမဲ့တို့ရဲ့ အားကိုးရာ၊ ပိဏ္ဍိက = ထမင်းရှင်) သူ့နာမည်ရင်းမဟုတ်ဘူး။ နာမည်ရင်းက သုဒတ္တတဲ့။ သုဒတ္တဆိုတာ အနွယ်ကောင်း (မျိုးရိုး ဗီဇကောင်း)လို့ ဆိုတာ။ ငါတို့

http://www.dhammadownload.com



ဇမာနာမည်နဲ့ဆို "မောင်ကောင်းနွယ်" လို့ မှည့်ရပေမပေါ့။ ၎င်းမှာ နောက်ကြောင်း အတိတ်ကံ ပါလာတဲ့ ဘုန်း (ပုညအားကောင်းသူ)၊ လက်ရှိ စေတနာမှ ပေါ်ထွန်းလာတဲ့ ကျက်သရေ အပြည့်ရှိနေသတဲ့။

တစ်နေ့ ပညာရှိ ပုဏ္ဏားတစ်ယောက်က ထိုကျက်သရေကိုလို ချင်လာလေတော့ တောင်းသတဲ့။

သည်နေရာမှာ "ကျက်သရေရဲ့ သင်္ကေတ" ကိုလည်း မှတ်ထား ဦး။ "မြင်ရသူ တစ်ဖက်သားရဲ့ စိတ်ကို အေးစေ၊ ရွှင်စေတတ်တဲ့ သန့်ပြန့် စင်ကြယ်မှုရဲ့ အခိုးအရှိန်လေးပါပဲ"။

အနာထပိဏ်လည်း ရက်ရောစွာ ပေးသတဲ့။

သို့သော်လည်း ထိုကျက်သရေက ဖြူစင်သန့်ဘွဲ့သော တည်ရှိး ထုံးစံ ရှိလေတော့ ပုဏ္ဏားလက် မရောက်ဘဲ အနာထပိဏ်ကိုင်တဲ့ တောင်ဝှေး မှာ သွားတည်သတဲ့။ တစ်ဖန် တောင်ဝှေး တောင်းပြန်တော့ ခြံတွင်းရှိ ကြက်ဖြူကြီးရဲ့အမောက်မှာ သွားတည်၊ တစ်ဖန်ကြက်ကြီး တောင်းပြန် တော့ ပတ္တမြား၊ ပတ္တမြား တောင်းပြန်တော့ အနာထပိဏ်ရဲ့ဇနီးသည် ပုညလက္ခဏာဒေဝီဆီမှာ သွားတည်ပါရော။ အင်း … ဇနီးဖြစ်နေတော့ တောင်းလို့မကောင်းတာနဲ့ ပုဏ္ဏားလက်ချော့ ပြန်သွားရသတဲ့။ ဒါဟာ သီရိဆိုတဲ့ ကျက်သရေရဲ့အဓိပ္ပာယ်ပဲ သားတို့ သမီးတို့ …။

(မင်္ဂလာ တရား ကထာ၊
၉၄ မေ၊ ပကြိုင်၊
စာ-၁၈)

အဲ့ဒါကြောင့် ကျက်သရေဆိုတာ တောင်းယူရလောက်အောင် လိုချင်စဖွယ် တင့်တယ်ပါတယ်။ ဒါပေမယ့် တောင်းယူလို့ရကောင်းတဲ့

http://www.dhammadownload.com



အရာမျိုးမဟုတ်။ ပင်ကိုစိတ် ဖြူစင်သန့်ပြန့်သူတွေဆီမှာသာ ကျက်သရေ တည်နေပါတယ်။ ဖြူစင်တဲ့စိတ်အပေါ် တဏှာ၊ မာန၊ လောဘ၊ ဒေါသ စတဲ့ ကိလေသာအရောင်ညစ်တွေ မှိုင်းတိုက်ခံရချိန်မှာတော့ "ကျက်သရေ ယုတ်သွားပြီ (ဝါ) ကျက်သရေ မရှိဘူး" လို့ ဆိုကြပါတယ်။

လူတွေမှာ ဘာကြောင့် ကျက်သရေယုတ်သွားတယ် ဆိုတာ အဖြေပေါ်လောက်ပြီ ထင်ပါတယ်။

http://www.dhammadownload.com



# ဘာကြောင့် သမာဓိပျက်ရသလဲ

သမာဓိ ဆိုတဲ့ စိတ်တည်ငြိမ်မှု၊ စိတ်တည်ကြည်မှု ရအောင် တော်တော်အားထုတ် စုဆောင်း ဆောက်တည်ခဲ့ရတာပါ။ တစ်သက်လုံး မွေးလာတဲ့ကြွက် တစ်မနက်တည်းနဲ့ ရိုက်ချက်ဆိုသလို ဒီလောက် ဆောက်တည်ခဲ့ရတဲ့ သမာဓိ စွမ်းအားတွေဟာ တစ်ခါဆို တစ်ခါမှန် သိသိသာသာ ပျက်ပြယ် လွင့်ပါးသွားစေတဲ့အကြောင်းခံကတော့ "မေထုန် မှီဝဲခြင်း" ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးက -

"မေထုန် မှီဝဲသူမှာ ရာဂမီး ပြင်းထန်လှသဖြင့် နှလုံးသွေး အကြည်ဓာတ် နောက်ကျိပြီး နီရဲသော အရောင်များ လှွမ်းမိုး လာစေတယ်။ နှလုံးသွေးပွက်ပွက် ဆူတက်လာသဖြင့်လည်း မနောအကြည်ဓာတ်ပျက်ကာ အသိစိတ်တည်၍မရ ဖြစ်လာစေတယ်။ တည်ငြိမ်

http://www.dhammadownload.com



သမာဓိဓာတ်အားတွေလည်းအားလုံး ပျက်ပြယ်စေတယ်။ နလုံးအိမ် တစ်ပြင်လုံး နီရဲသော အရောင်များကသာ ပွက်ထနေတော့သဖြင့် ဘာဆို ဘာကိုမျှရှင်းလင်းစွာ မြင်သိခွင့် မရပေတော့ဘူးပေါ့။ သည်အခါ အကြိုက်နောက် အမိုက်ပါ ဖုံးလာပြီး ဖြစ်ချင်ရာဖြစ်တော့ စိတ်တွေ ပေါက်ချလာစေတတ်သေးတယ် သားတို့ ... "

"ထိုသူမျိုး မိမိအကြောင်းကိုလည်းကောင်း၊တစ်ဖက်အကြောင်း ကို လည်းကောင်း မသိမြင်နိုင်ရှာပြီ။ ထိုမသိ ဖုံးအုပ်လိုက်တဲ့အခါ အမှား သိ၌ ငြိလျက်က မှန်စိတ်ဖြင့် အမှားလမ်းသို့သာ ဆက်ကာ သွားလာရရှာ ချေသည် သားတို့ ... "

"မနော အကြည်ပျက်၍ စိတ်ပျံ့ထွက်နေသော် တစ်နေရာ၌ နား ခြင်း၊ ရပ်ခြင်း၊ တည်ခြင်းများ အလျင်းကင်းသဖြင့်လည်း မိမိအကြောင်း မှန်ကိုလည်းကောင်း၊ တစ်ဖက်အကြောင်းမှန်ကို လည်းကောင်း သိခွင့် မရရှာပြီ။ နလုံးသွေး မငြိမ်သော် စိတ်ကစားတတ်ပြီး၊ စိတ်ကစားသော် သမာဓိအားလည်း တည်မရခြင်းဖြစ် ဗုန်းဗုန်းလဲကျတတ်တယ် ... "

"သမာဓိဆိုတာ စိတ်ငြိမ်မှရတာမျိုး။ စိတ်ငြိမ်ဖို့ရာမှာ ရာဂသွေး မပွက်မှ ငြိမ်တာရယ်၊ နလုံးသွေးဟာ ရာဂစိတ်ပေါက်သည်နှင့် အကြည် မှရဲတက်လာတယ်။ ဒေါသစိတ်ပေါက်လျှင်အမည်း၊ မောဟစိတ်ပေါက် လျှင်တော့ ပျစ်ချွဲချွဲပေါ့။ သည်တော့ သည်စိတ်တွေ ကင်းရှင်းအောင် (စိတ်စင်ကြယ်အောင်) မေထုန်အကျင့်ကို ရှောင်ရမယ် သားတို့ ... "

(မင်္ဂလာတရားကထာ၊
၉၄ မေ၊ ပ-ကြိမ်၊
စာ-၁၆၀)

http://www.dhammadownload.com



ရာဂစိတ် အားကြီးပြီး၊ မေထုန်ကျူးသူ၌ စိတ်တည်ငြိမ်မှု သမာဓိအား မရှိတတ်၊ စိတ်တည်ငြိမ်မှု မရှိဘဲ ဘာလုပ်လုပ်မအောင်မြင်နိုင်။ စိတ်တည်ငြိမ်မှု၊ တည်ကြည်သူ သမာဓိရှင်တွေကိုသာ လူတွေက အားကိုးယုံကြည်တတ်ပါတယ်။ ဒါကြောင့် သမာဓိပျက်စေမယ့် ရာဂအားကြီးမှုကို ရှုံးနိမ့်ပြီးမေထုန်ကျူးမှုကို အထူးရှောင်ရမယ်လို့ ဆင်ခြင်မိကြောင်းပါ။

http://www.dhammadownload.com



# ကိုယ်ကျင့်တွေ ဘာကြောင့်ပျက်

ဘယ်သူသေသေ ငတေမာပြီးရောဆိုတာ မိမိ တစ်ကိုယ်ကောင်းအတွက် သူတစ်ပါး တစ်ကိုယ်ကောင်းကို ဖျက်ဆီးတာ မြွေတစ်ကောင်ဟာ သူ့အဆာပြေ ဗိုက်ဝဖို့ ဖားတစ်ကောင်ရဲ့အသက်ကို ဖျက်ဆီး ဝါးမျိုလိုက်သလိုမျိုး၊ အဲဒီတိရစ္ဆာန်အကျင့်တွေက လူတွေဆီ ကူးစက်လိုက်ပါလာပြီး၊ တစ်ကိုယ်ကောင်း အကျင့်တွေ ကမ္ဘာအနှံ့ ထွန်းကားလို့ နေပါတော့တယ်။ ဒါကို ဆရာတော်ဘုရားကြီးက ...

"လူ့ခန္ဓာ လူ့ကိုယ်ကောင်ကြီးသာ ရလိုက်ပြီး လူ့သိမသိ၊ လူ့ကျင့် မကျင့်တဲ့အတွက် လူ့ကိုယ်နဲ့ တိရစ္ဆာန်စိတ် ပေါင်းထားတဲ့ လူ့တိရစ္ဆာန် တွေလို့ ဆိုရတယ်" လို့ တစ်တစ်ခွခွ ဟောပါတယ်။

http://www.dhammadownload.com



လူသိ လူကျင့် ဆိုတာ ဗုဒ္ဓဘာသာဝင်တို့ ဆောက်တည်ရတဲ့ "ငါးပါးသီလ" ကို ရည်ညွှန်းပါတယ်။ သိက္ခာပုဒ်တွေ၊ စည်းကမ်း ဥပဒေတွေ ဘယ်လောက်များများ အကျဉ်းချုပ်လိုက်ရင် "ငါးပါးသီလ" ပဲရတယ်လို့ ဟောပါတယ်။ ငါးပါးသီလဆိုတာ ကိုယ်တိုင် ကျင့်ရတဲ့ တရားဖြစ်လို့ "ကိုယ်ကျင့်တရား" လို့လည်း ဆိုရပါတယ်။ သူပေးလို့ ရတဲ့သီလ၊ သူပေးသီလ မဟုတ်ဘူးဆိုတာလည်းသတိပြုပါတဲ့။ ရဟန်း သံဃာတော်တွေ နှုတ်တိုက်ချပေးလိုက်တဲ့ ငါးပါးသီလကို လိုက်ဆိုရုံ ဆိုပြီး၊ တကယ်မကျင့်ရင် သူပေးသီလပဲ ရှိပြီး၊ ကိုယ်ကျင့်သီလ ရှိ တယ်လို့ မဆိုနိုင်ပါဘူး။ ငါးပါးသီလကို ဆောက်တည်ပါတယ်။ စောင့် ထိန်းပါမယ်လို့ ရဟန်းသံဃာတွေဆီမှာ အာမဘာန္တေခံပြီး တကယ် မစောင့်ထိန်း မဆောက်တည်ရင် ရပ်ထဲ ရွာထဲမှာ လူလူချင်း လိမ်ရတာ အားမရလို့ ဘုန်းကြီးတွေကို လာလိမ်တာပဲလို့ ဆရာတော်ဘုရားက သတိပေးတော်မူခဲ့ပါတယ်။

အလိုလေး ... လေး

သီလယူစဉ်မှာပဲ သီလ ဖျက်ခဲ့ပါပကော။

ဘုရားရှေ့ သံဃာရှေ့ ကျောင်းကြီးပေါ်မှာပင် စတင်ပြီး ကျွန်တော်တို့ရဲ့ကိုယ်ကျင့်တွေ ပျက်ချင်ချင် ဖြစ်ခဲ့တာပါကလား။ ဘုရား ... ဘုရား ... အရပ်ထဲမှာကား ဆိုဖွယ်ရာ မရှိလေပြီ။

ဒါကြောင့် ဆရာတော်ဘုရားကြီးက "ကိုယ်ကျင့်တွေ ဘာလို့ ပျက်" လို့ စစ်တမ်း ထုတ်ပေးထားခဲ့ပါတယ်။

သည် သီလတွေဘာပြုလို့ ကျိုးပေါက်ညှိုးခြောက် ပြောက်ကျား ရပါသတုန်းဆိုတော့ တံခါးတွေ မလုံခြုံကြလို့၊ ဒါအဖြေမှန်ပဲ။

http://www.dhammadownload.com



သည်မှာ ကျိုးတယ် ဆိုတာက ရှေ့နောက်ရှိ သိက္ခာ အကျင့် ပျက်တာ၊ ပေါက်တယ် ဆိုတာက အလည်တည့်တည့် သိက္ခာ အကျင့် ပျက်တာ၊ ပြောက် ကျားတယ် ဆိုတာက ကြိုကြား ကြိုကြား တစ်ခုခြား၊ ပျက်စီးတာ၊ ညှိုးခြောက် တာကတော့ ကိုယ်နှုတ်တော့ အလုံသား စိတ်က ကစားနေတာ။

ဆိုကြပါစို့ ...

သားတို့ ခံယူထားတဲ့ ငါးပါးသီလထဲမှာ အစ "ပါဏာတိ ပါတာ" သိက္ခာပုဒ်၊ အဆုံး "သုရာမေရိယ" သိက္ခာပုဒ်နှစ်ပါး၊ တံခါး မလုံခြုံလို့ ပျက်ပြားသွားခဲ့လျှင် အဲ့ဒီ သီလကျိုးတယ်လို့ ဆိုရတယ်။

အကယ်တိတိ အလယ်က ကာမေသု သိက္ခာပုဒ် တစ်ပုဒ်တည်း ကွက်ပြီး အကျင့်ပျက်ခဲ့လျှင်တော့ ပေါက်တယ်လို့ ဆိုရတယ်။ အင်း ... ပါဏာတိပါတကိုတော့ လုံ၊ အာဒိန္နကျတော့ ပျက်၊ တစ်ခါ ကာမေသု ကျတော့ ထိန်းနိုင်သား၊ မုသားကျတော့ လွှတ်ခနဲထွက်၊ အဲ ... သုရာ ကျပြန်တော့ အောင့်နိုင်ပြန်ရော သည်လို တစ်ခုကြား နှစ်ခုကြား ခုန်ကျော်ကွက်လုပ် အကျင့်ပျက်တာမျိုးကျတော့ ပြောက်ကျားနေပြီလို့ ဆိုရမယ်။

သိက္ခာအားလုံး ကိုယ်နှုတ်နဲ့ စောင့်နိုင်လို့တော့ လုံပါရဲ့၊ စိတ်က အလျော့မပေးရတိုင်း ထင်ရာသွားကစား နေဦးမယ်ဆိုရင်တော့ တစ်ခု ကစား တစ်ခုညှိုးကျနွမ်းနဲ့ ညှိုးမှာပဲ။ အညှိုးလွန်လွန်းတော့လည်း ခြောက်ရောပေါ့။ သည်အားလုံးလေ့လာလိုက်၊ ကျိုးပျောက်ရာသေနဲ့ သီလရှင် မဖြစ်နိုင်ပါဘူး။

သီလရှင်ဖြစ်ဖို့ကတော့ ကိုယ့်စိတ်ကိုယ်ပိုင်ပြီး လာသမျှ အာရုံ

http://www.dhammadownload.com



နိုင်နင်းအောင် သုံးသပ်ပြီး စံစားတတ်မှ ဖြစ်မယ်ဆိုတာ သေချာနေပြီ။ တစ်ခါ သည်သီလတွေ ဘာပြုလို့ ကျိုးပေါက်ညှိုးခြောက် ပြောက်ကျား ရပါသတုံး။ ကြိုက်လို့နဲ့ မကြိုက်လို့ချည်းကြောင့်ပဲ။ ဒါလည်း အဖြေမှန်ပဲ။

http://www.dhammadownload.com



# သူ့အသက် ဘာကြောင့်သတ်

သားတို့သမီးတို့ ရပ်ထဲရွာထဲမှာ ဖြစ်လေ့ရှိတာပြောကြည့်။

ဆိတ်တွေ သိုးတွေ ကျွဲနွားတွေ ဘာဖြစ်လို့ သတ်တာလဲ။ ကြိုက်လို့ . . . ။

တစ်ခါ ခြင်နဲ့ ကြမ်းပိုး၊ မြွေဆိုးမြွေဟောက် လူဆိုးသူခိုးများ သတ်တာကတော့ ကြိုက်လို့လား။ ဟုတ်ဘူး။ မုန်းလို့။ သည်အဖြေပဲ ထွက်မယ်။ သည်တော့ ရပ်ထဲရွာထဲက သတ်ပွဲတွေ မှန်သမျှ သေသေချာချာ လေ့လာကြည့်ကွယ်...။ အကြောင်းခံကတော့ သည်ကြိုက်စိတ်နဲ့ မကြိုက်စိတ်ချည်းကြောင့်ပဲ မဟုတ်လား။

http://www.dhammadownload.com



# သုညစွာ ဘာကြောင့် ယူငင်စိုး

ကဲ - ရှေ့သိက္ခာပုဒ် ဆက်ကြည့်။

အာဒိန္နာဒါန ဆိုတာ အာဒိန္နက သူက မပေးတာ၊ အာဒါနက ယူငင်တာ၊ နှစ်ခုပေါင်းတော့ ပိုင်ရှင်က ကိုယ်နဲ့နှုတ်နဲ့ မပေးတာကိုယူငင် အသုံးပြုတာပဲ။ သည်မှာလည်းပဲ သုညစွာကို ကြိုက်လို့ ယူတာရှိသလို မုန်းလို့ ဖျက်လို့ဖျက်ဆီး လုပ်တာမျိုးလည်း ရှိတာပဲ။

ကြိုက်လို့ယူတော့ တရားခံ ဘယ်သူလဲ၊ လောဘ။

မုန်းလို့ ဖျက်ဆီးတော့ ဒေါသ။

သည် သိက္ခာပုဒ်မှာလည်းပဲ သည်တရားခံ နှစ်ဦးကလွဲလို့ ဘာ ရှိသေးလဲ။

http://www.dhammadownload.com



# ကာမအမှု မိုက်မိုက်ကန်းကန်း ဘာကြောင့်ပြု

ကာမေသုမိစ္ဆာစာရ ကာမမှုမှာ မိုက်မိုက်ကန်းကန်း ပြုကျင့်တာ နှစ်ဦးနှစ်ဖက်ပိုင်ရှင်များက သဘောတူ ကြည်ဖြူစွာခွင့်ပြုထားတာမျိုး မဟုတ်ခဲ့လျှင် သမီးရည်းစားချင်းပဲဖြစ်ဖြစ် ပြည့်တန်ဆာမပဲ ဖြစ်ဖြစ်၊ အပြစ်မလွတ်ဘူးတဲ့။ သမီးရည်းစားအဖြစ်နဲ့က မိဘတွေ အရုက်တစ်ကွဲ အကျိုးနည်းလည်း ဖြစ်တတ်စေတယ်။ အကယ်တိ သဘောချင်း မဟာတ်မိတော့လို့ မယူဖြစ်လျှင်လည်း ကာယကံရှင်ပါ အရှက်ကွဲပေါ့။

ပြည့်တန်ဆာမကတော့ သူ့မှာလည်း အုပ်ထိန်းသူ ဖိမ်ခေါင်း ရှိသေးတာကိုး။ ဖိမ်ခေါင်းမသိဘဲ ပျော်ပါးမိလျှင် ကာမသူခိုးပဲပေါ့။

နောက်ပြီး လင်ရှိမယား၊ မယားရှိလင်များနဲ့ သွားပျော်ပါးနေတာလည်း တစ်ဖက် ပိုင်ရှင် သူ့လင်၊ သူ့မယား မသိဘဲ ယူခိုးပေးများချည်း

http://www.dhammadownload.com



ဖြစ်ကြလို့မို့ သူနိုးချည်းပဲ။ ကောင်းပြီ ...၊ ဒါတွေကလည်းပဲ စစ်တမ်းထုတ်ကြည့်ကြစမ်း။

သူတစ်ပါး ပျော်ပါးလိုလို့ လွန်ကျူးလျှင် လောဘ။

သူတစ်ပါး သားမယား စော်ကားလိုလို့ဆိုလျှင်တော့ ဒေါသနှင့်မာန။

သည်သိက္ခာပုဒ် ဖောက်ချင်သူ တရားခံများကလည်းပဲ သည်နှစ်ဦးပဲ မဟုတ်ပါလား။

နောက်တစ်ပုဒ် ဆက်ပြီး စစ်ကြည့်ဦး။

http://www.dhammadownload.com



# မှသားဘာကြောင့် သုံး

သူ့ပစ္စည်း လိုချင်လျှင် လိမ်လည် လှည့်ဖျား မုသား သုံးသလို၊ ကိုယ့်ပစ္စည်း မပေးချင်တော့လည်းပဲ လိမ်လွှတ်လိုက်တာချည်းပဲ။ သည့်အတူ သူ့အကျိုးထက်၊ ကိုယ့်အကျိုးဘက်က နာမယ်ထင်လျှင် ဘာမဆို လိမ်လွှတ် ညာလွှတ် လမ်းလွှဲလွှတ်တွေက လျှာတစ်လှည့်နဲ့ အတွင်းကိစ္စပြီးပြီးသား။

ပြီးခဲ့တဲ့ သိက္ခာပုဒ် သုံးပုဒ်က ကိုယ်ထိလက်ရောက်မို့ အတော်အလျော့အကြိုက် အမုန်းမျိုးနဲ့ ခြေသွက် လက်သွက် မဖြစ်ကြပါဘူး။ သည်မုသား စကားများကျတော့ ပဲလှော်ဝါးရတာထက် လွယ်လွန်းလို့ အပျော်တမ်းလည်း သုံးတတ်ကြတယ်။ ငေါ့ချင် ရမ်းချင်ရင်လည်း လျှာလေး လှည့်ပေးလိုက်ရုံပါပဲ။

http://www.dhammadownload.com



❁ ကိုယ်လိုချင်တာလေး သူ့ဆီရှိနေရင်လည်း လိမ်ညာ ဖြား ယောင်းတော့မယ်။

❁ ကိုယ် လိုချင်တာလေး သူတစ်ပါးလက် ရောက်မယ် ကြံ လည်း လိမ်ညာ ဖြားယောင်းမှာပဲ။

❁ ကိုယ် လိုချင်တာလေးက ကိုယ်လိုသလို ပါမလာလျှင် လည်း အတူတူပါပဲ။

❁ လိုချင်တာလေး ကိုယ့်လက်ထဲ ပျော်နေအောင်လည်း သည့်အတိုင်းပါပဲ။

သည်လေးမျိုးတို့ကို စာစကားက ပင်ရင်း မုသား၊ သင်းခွဲ မုသား၊ အဆဲ မုသား၊ အပျင်းပြေ မုသားရယ်လို့ ဆိုထားတယ် သဘောကတော့ သည်ဆိုက်တာပါပဲ။ သည်လိမ်ညာမှုနဲ့ မုသားဟာ ပထမ ကိုယ့်ကိုယ် ကိုယ် လိမ်ပြီး တော့မှ ကိုယ့်ကိုယ်တိုင်က အလိုတူ၊ အဲ ... ကိုယ်ကိုယ် တိုင် အလိုတူပြီးမှ သူ့သွားလိမ်ရတာမျိုး ဆိုပါစို့။

ကိစ္စတစ်ခု သည်လိုပြောလျှင် မဟုတ်မှန်း ကိုယ်ကိုယ်တိုင် လက်ဦး သိရတယ်။ ကိုယ်ကိုယ်တိုင်က သိပြီး သည်လိုပြောပြီး လိမ်ကြ ပါစို့ဆိုမှ ပင်ကိုစိတ်နဲ့ လိမ်လိုစိတ် နှစ်စိတ်ပေါင်း လိမ်ရတာ ညာ ရတာမျိုး ဟုတ်မဟုတ် စဉ်းစားကြည့်။

သည် မုသားသုံး သိက္ခာ ဖျက်မှုကြီးမှာလည်း "ချစ်လိမ်နဲ့ မုန်း လိမ်" နှစ်မျိုးပါပဲ။ လိုချင်လို့ လိမ်တာ မုန်သမျှ တရားခံ လောဘ၊ မပေး လိုလို့ လိမ်လှတ်တာ မုန်သမျှ တရားခံ ဒေါသ၊ ပြီး နောက်တစ်ပုဒ် ဆက် စစ်ကြည့်။

မစ္ဆိမဟာပေတိုက်

http://www.dhammadownload.com



# မူးယစ်သေစာ ဘာကြောင့်သုံး

မူးယစ်သောက်စားတာ မှန်သမျှ ပျော်ပါးချင်လို့နဲ့ စော်ကားချင်လို့ချည်းပဲ။

သူငယ်ချင်းကောင်း အပေါင်းအသင်းတွေများနဲ့ ပျော်ပါးကြတဲ့အခါ အရက်သေစာလေး သောက်စားပြီး ပျော်မှ မကောင်းတာချင်း ပေါင်းသင်းလို့ ကောင်းတာ။

တစ်ခါ တစ်ယောက်အပေါ် တစ်ယောက် မကျေချမ်းစရာများ အဖုအထစ်တွေ့လာခဲ့လျှင် ကိုယ်မခံချင်ပေါက် တုတ်ပေါက်ခံရလို့ အာဃာတ ပြင်းပြနေခဲ့လျှင် ပြောရဲလျှင် ချက်ချင်းပြော၊ မပြောရဲလျှင်တော့ သည်အရက်ကလေးနဲ့ ရဲဆေးတင်ပြီးမှ ပြောတော့ စကားလည်းချော ပြောလိုရာလည်းပြီး အားနာစရာကြီးလည်း ပျောက်ရောပေါ့။

http://www.dhammadownload.com



သည်အရက်ဟာ ပြီးခဲ့တဲ့ သိက္ခာပုဒ်များရဲ့နောက်လိုက်လုပ်ပြီး ခေါင်းဆောင်တတ်တဲ့ "နောက်လိုက်ဆရာ" ကွဲ့၊ ဒုစရိုက် အားလုံးရဲ့ ဝင်ထွက်ရာ တံခါးကိုကွဲ့၊ အရက်သောက်ပြီးလျှင် လူစိတ် ကင်းမဲ့သွားပြီ။ သို့ကြောင့် အရက်သေစာလို့သုံးတာ ရိုးရိုး မေ့ထက် ပိုဆိုးစေတဲ့ "အမူး အမေ့" မို့ အိပ်ပျော်နေသူလို စိတ်မချရ၊ နစ်မျောနေသူများလိုလည်း ဆေးသွင်းပေးလို့ မရ။ ကလေးလို ချော့ပြော ပြောလည်း နားမဝင်တတ် ရှာတော့ဘူး။ မပြစ်မှားသင့်သူ၊ ပြစ်မှား သင့်သူ သူ မသိတော့၊ ဂုဏ်ရှိသူ ဂုဏ်မဲ့သူ သူမသိတော့၊ မပြောသင့်စကား ပြောသင့်စကားလည်း သူ မရိပ်မိတော့။

သည့်အတူ သည်အကြံ သင့်မသင့်၊ ဒီအလုပ် တော်မတော် သူ မမြော်မြင်တတ်ရှာတော့။ သားတို့ သမီးတို့ လောကမှာ အရက်လောက် အဖျက်ကြမ်းတာ မရှိတော့ဘူးကွဲ့၊ အခြား လက်နက်တွေ ဖျက်တာက တစ်ချက် တစ်နေရာလောက်သာ အထိနာမယ်။ အဲ အရက်ဝင် ဖျက် လိုက်ရင်တော့ဖြင့် ကိုယ်ရော စိတ်ပါသွက်သွက်ခါကရောပဲ။

သည် သိက္ခာပုဒ်မှာလည်း တရားခံက လောဘနဲ့ ဒေါသ၊ မောဟ ဆိုတာက လမ်းပြနဲ့ နောက်ကူမျိုးလောက်ချည်းပါ။ တကယ် ပင်ပင်း တွေမှာကတော့ သည်နှစ်မျိုးချည်းပဲ မှတ်ခဲ့ကြသားတို့။

သိက္ခာပုဒ်တွေ များချင်သလောက် များစမ်းပါစေ၊ ဒိုင်ခံ ဖျက်ဆီး ပေးမှာကတော့ သည်ကြိုက်စိတ်နဲ့ မကြိုက်စိတ်ကြောင့်ချည်းပဲ။ သိက္ခာပုဒ်တွေ များချင်သလောက်များစမ်းပါစေ၊ ကိုယ်ကျင့်ကောင်းဖို့ လိုရင်းကတော့ သည်ငါးပါးပဲ။ (ငါးပါးသီလ)

သည် သိက္ခာတွေ ဘာပြုလို့ ဖျက်တာတုံး သား။

http://www.dhammadownload.com



ကြိုက်စိတ်နဲ့ မကြိုက်စိတ်ကို သတိနဲ့ မထိန်းနိုင်လို့ပါ ဘုရား။

အေး … သည် အဖြေ ဟုတ်ပြီ။ ဆက်မေးဦးမယ်ဟေ့။ သည် ကြိုက်စိတ်နဲ့ မကြိုက်စိတ်က ဘယ်က ဝင်တာတုံးဟေ့။

မြင်တံခါး၊ ကြားတံခါး စတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် များကပါ ဘုရား … ။

အေး …၊ ဒါအဖြေမှန်ပဲ။ စည်းမလုံလို့ ခွေးတိုးခံရတာကွဲ့။

သည်ကြိုက်စိတ် မကြိုက်စိတ်များက သူချည်းပဲ ဝင်လာတာ လား။

အာရုံခံစားမိမှ အာရုံနောက်က ကပ်ပါလာတာပါ ဘုရား။

ကာမတံခါးများ မလုံခြုံလျှင် မြင်ရာ ကြားရာစတဲ့ ပင်မငါး ဒွာန တံခါးများကနေ အာရုံရဲ့နောက်ပါး ခပ်ပြားပြားလေးကပ်ပြီး လိုက်ပါ လာတယ်။ အဲ … အတွင်း မနောတံခါး မလုံခြုံလျှင်တော့ အတွင်းသူပုန် (ကိလေသာ) ထဲမှာ သေရျာပြီ။ အေး … စည်းစောင့် မှတ်စိတ်နဲ့ နေသူ များတောင် ပညတ်သိ အစွဲသိလို့ ဆိုတဲ့ အမှန်မသိ (မောဟာ) စိတ်က ဘာကြီးရယ်ကွာလို့ လှန့်ပေးလိုက်တာနဲ့ ရှိစုမဲ့စု သတိလေး ဘေးစင် ထွက်သွားပြီး သူ့နေရာကြိုက်စိတ်က နေရာ ဝင်ဦးလိုက်ပြီ။ အရေးကြီး တာက ဒီမသိစိတ်ရယ် ကြိုက်စိတ်ရယ်၊ မကြိုက်စိတ်ရယ် ကိုဗြိုဟ် ကောင် သုံးကောင်လို သဘောထားပြီး ဂြိုဟ်ဆိုး မဝင်သာအောင် ထား ချင်စိတ်ပဲ။ ဒါဟာ ကိုယ်ကျင့်တွေ ပျက်ရခြင်းရဲ့အကြောင်းရင်း စစ်တမ်း ဖြစ်ပါတယ်။

(မဂ္ဂင်္ဂပွမ္ပော့ာညရွှေသိကထား၊ ၁၉၉၇ ဩဂုတ်လပ - ကြိမ်၊ စာ - ၁၄၃မှ ၁၅၂ အထိ)

မဂ္ဂြမစာပေတိုက်

http://www.dhammadownload.com



# ကောင်းကျင့်တွေ ဘာကြောင့် ကျင့် (ဝါ) သီလသိက္ခာ ဘာကြောင့် ဆောက်တည်

သံဃာတော်များ ရှေ့မှောက်တော်မှာ ကျွန်တော်တို့ သီလ ဆောက်တည် (ဝါ) ငါးပါးသီလ ယူကြလေ့ရှိပါတယ်။ သီလဆိုတာ အလေ့အကျင့်၊ ကောင်းသော အလေ့အကျင့်၊ ကိုယ်စိတ်နှလုံး ကံသုံးပါးလုံး ကောင်းမြတ်အောင်အထုံအလေ့ ဝါသနာများ အမြဲစွဲခိုနေအောင် လေ့ကျင့်ခန်းဝင်ပေးရခြင်း ဖြစ်ပါတယ်။ သီလဆိုတာ အလေ့၊ သိက္ခာကတော့ အကျင့် လို့ ဆိုတဲ့အတွက် သီလ သိက္ခာဆိုတာနဲ့ "လေ့ကျင့်ခြင်း" လို့ ဦးစွာ သဘောပေါက်ထားရမယ်လို့ ဆရာတော်ဘုရားကြီးက မှာကြားပါတယ်။ ပြီးတော့ ဒီလို အမေး ရှိတော်မူလိုက်ပါတယ်။

http://www.dhammadownload.com



# အဘယ်ကြောင့် သင်သည် ကောင်းမြင့်သောအထုံကို ကူးယူနေရချေသနည်း

သတ္တဝါတိုင်းတို့၏ မူလအစသည် အဝိဇ္ဇာ (မသိရာမှ) စသည် ဆိုသဖြင့် ဓာတ်လေးပါးတို့ ပေါင်းဆုံ နှီးနှောမိရာမှ ဓာတ်သက်များ ဝင်လာစေပြီး တိရစ္ဆာန်အဖြစ်ဖြင့် ကမ္ဘာမြေသို့ ဦးစွာ ခြေချခွင့်ရချေ၏။ ထိုတိရစ္ဆာန်သည်လည်း အညီအဖဟောက် စသည် သံသေဒဇ မျိုးရိုးမှ စတင်ရမည် ဖြစ်သဖြင့် ရေသတ္တဝါမှ စတင်ရချေ၏။

သတ္တဝါဟူ၍ သက်ဝင် လှုပ်ရှားလာသောအခါတွင်မူကား မိမိဘဝ ရပ်တည်နိုင်ရေးအတွက် အစာကိုလည်း ရှာဖွေရ၏။ နေရာကိုလည်း ရွေးချယ်ရ၏။ ပေါင်းသင်းဘက်ကိုလည်း အဖော် ရှာရ၏။ ထိုသို့ ရှာသောအခါ မိမိ၏ ဓာတ်သဘာဝနှင့်တည့်သော အစာ၊ နေရာ၊ အဖော်တို့ကို တွေ့ရသောအခါ တစ်ကြိမ်မက တစ်ကြိမ် သုံးစွဲမိသဖြင့် ကြိုက်စိတ်သည် အစိုင်အခဲကဲ့သို့ စွဲဝင်လာချေ၏။

http://www.dhammadownload.com



ထိုဝတ္ထုပစ္စည်းကို မရတော့သောအခါ သို့မဟုတ် စိတ်ကြိုက် ခံစားခွင့်မပေးတော့သောအခါ မကျေမချမ်းစိတ် ပေါ်လာ၏။ အကြိုက် တူ တွေ့၍ အပြိုင်လုယက်ရသောအခါတွင်ကား ငါ့ဖို့ ဟူသော အယူ လွဲမှားမှု၊ ငါဟူသော ထောင်လွှားစိတ်၊ တက်စိတ်ဖြင့် ပြိုင်ဆိုင်မှု စသည့် ကွင်းဆက်များ စီကာပတ်ကုံး ပေါ်လာရချေတော့၏။ ဆီ၊ ရေ၊ လေ၊ ဝိုင် တို့ဖြင့် ထည့်သွင်း မောင်းနှင်ရသော စက်ကြီးတစ်လုံးသည် မောင်းပါ များက ဆီစိုး ပေကျံသဖြင့် မောင်းပါများက ရုပ်ပျက်ဆင်းပျက် ဖြစ် လာဘိသို့။

ထိုမသိ၊ ကြိုက်၊ မကြိုက် စသည်တို့ဖြင့် လှည့်ပတ်ဖွေရှာ နေရ ရာတွင် "စိတ်ကောင်း" ဟူ၍ မရှိခဲ့ရချေပြီ။ ညစ်ပတ်မှုကား လှုမြင် မခံရဲ လောက်အောင်ပင် ကမ်းကုန်ကြရချေ၏။ ထိုသတ္တဝါအငယ်စား(အသေး မွှား) ဘဝဖြင့်လည်း အကြိမ်ကြိမ် လည်ပတ်ခဲ့ကြပြီ။

- ရေသတ္တဝါ အကြီးစား ဘဝဖြင့်လည်း အကြိမ်ကြိမ် လည် ပတ်ခဲ့ကြပြီ။
- ကုန်းသတ္တဝါ အငယ်စားလေးများ ဘဝဖြင့်လည်း မရေ မတွက်နိုင်ခဲ့ကြပြီ။
- ကုန်းသတ္တဝါ အကြီးစား ဘဝဖြင့်လည်း မရေတွက်နိုင်ခဲ့ ကြပြီ။
- ပျံသန်းနိုင်သော အငယ်စား ဘဝဖြင့်လည်း အတောမ သတ် ခဲ့ကြပြီ။
- မပျံသန်းနိုင်သော အကြီးစားဘဝဖြင့်လည်း အတောမ သတ်နိုင်ခဲ့ကြပြီ။

http://www.dhammadownload.com



ထို ရေ၊ မြေ၊ လေ သို့ ကျင်လည်နေကြရသော ဘဝမျိုးစုံတို့မှ လူ့ဘုံသို့ ရောက်ရန် အရေးမှာ အလွန့်အလွန်လျှင် ကွာဝေးလှပါချေ၏။ ကုသိုလ် ကောင်းမှုပြုသော စေတနာမျိုးစေ့ မပါဘဲနှင့် လူ့အဖြစ်သို့ လုံးဝ ကူးဝင်မလာနိုင်ချေ။ လူတို့နှင့် လက်ပွန်းတတီး တွေ့ခွင့်ရစေပြီး လူစွဲ မစွဲဘဲနှင့်လည်း လူ့အဖြစ်သို့ ကူးဝင်လာရန် စိတ်ကူးထဲ၌ပင် မထည့်နိုင်ချေ။ ထိုလူ မဖြစ်မီ ရှေ့အဖို့ ဘဝများစွာတို့ကလည်း မသိသည့် အလျောက် မိုက်ပြစ်များချည်း နေ့စဉ်ပြုကျင့်ခဲ့၏။ ကြိုက်သည့်အလျောက် စော်ကားမှုများသည် လည်းကောင်း၊ မကြိုက်သည့် အလျောက် စော်ကားမှုများသည် လည်းကောင်း ဒုနဲ့ဒေးပင်တည်း။

- ❀ ထိုသတ္တဝါ လူ့ပြည်သို့ ရောက်သော်လည်း လူစိတ်မပေါက် သေးပြီ။
- ❀ မသိ၊ ကြိုက်၊ မကြိုက် တို့ဖြင့် ပြုကျင့်နေခြင်း မှန်သမျှ လူ့ အလုပ် မဟုတ်တတ်သေးပြီ။

လူ့ပြည်ရောက်ပါလျက်က လူ့အတွေးအခေါ်မျိုးလည်း မတွေး မကြံတတ်သေး။ လူလိုလည်း မလုပ်တတ်သေးသော "အရိုင်း" တို့ကို ကောင်းမြင့်သော အလေ့အထုံများ စွဲမိလာစေရန် လေ့ကျင့်ခြင်း ဟူသော "သီလ" ကို စတင်ရာ၏။

(အနုပုဗ္ဗက ကထာ၊
ဥဒုမတ်လ ၁၉၉၈၊
တ-၉၈)

ဒါဟာ အရိုင်းမှ အယဉ် ဖြစ်လာရေးအတွက် အခြေခံအချက်မျှသာ ရှိပါသေးတယ်။ သီလ သိက္ခာ ဆိုင်ရာ ဆရာတော်ဘုရားကြီးရဲ့

http://www.dhammadownload.com



ဖွင့်ဆိုရှင်းပြချက်တွေ အများကြီး၊ ဓမ္မောဝါဒကထာမှ စ၍ "ဘယ်လမ်းလိုက်ကြမလဲ" ကျမ်းစာအထိ အခွင့်သင့်တိုင်း သီလ သိက္ခာရဲ့အရေးပါပုံကို ထည့်သွင်းဖော်ပြခဲ့တာချည်း။

ယဉ်ပါတယ်ဆိုတဲ့ လူတွေတောင်မှ အိပ်၊ စား၊ ကာမ၊ ဝမ်းစာရှာဘက်မှာသာ အချိန်ကုန်နေကြလေရာ "တိရစ္ဆာန်တို့ရဲ့အမူအကျင့်နဲ့ဘာမှမခြားပြီ" လို့ ဆရာတော်ဘုရားကြီးက မှတ်ချက်ချပါတယ်။ ဒါကြောင့် လူ့ဘဝ ဒုလ္လဘကို ရတာမှန်ပေမဲ့ ရုပ်ခန္ဓာ လူ့ကိုယ်ကောင် လူ့အသွင်ကိုသာ ရလိုက်တာဖြစ်ပြီး စိတ်ကတော့ တိရစ္ဆာန်စိတ်ပဲ ရှိသေးတယ်လို့ ဆိုပါတယ်။ အဲဒီတိရစ္ဆာန်စိတ်တွေကို သီလက လွှဲပြီး ဘာကမှ ခွာချမပေးနိုင်ပါ။

တိရစ္ဆာန်ဆိုတာ မင်္ဂ၊ ဖိုလ်၊ နိဗ္ဗာန်တို့မှ ဖီလာ ကန့်လန့် ဆန့်ကျင်နေတာ၊ လူဆိုတာက မဂ်ဖိုလ် နိဗ္ဗာန်ကို ဦးတည်နေတာ။ ဒါပေမယ့် လူတွေမှာက တိရစ္ဆာန်ဘဝပေါင်းများစွာ ကပ်ပါလာတဲ့ မသိ အဝိဇ္ဇာ၊ မေ့လျော့ တွေဝေခြင်း မောဟ၊ မကြိုက် ဒေါသ၊ ကြိုက် လောဘ အစရှိတဲ့ ကိလေသာတွေကြား ပျော်ပါး မေ့မျောနေကြလေရဲ့။

အဲဒီကိလေသာ အရိုင်းစိတ်၊ ဆိုးစိတ်တွေ ယဉ်ကျေးကောင်းမြင့်လာအောင် သီလ ဆိုတဲ့ အလေ့အကျင့်နဲ့ မြှင့်တင်ပေးရခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



# သီတင်းနေ့၊ ဥပုသ်နေ့လို့ ဘာကြောင့် သတ်မှတ်

မြန်မာလများရဲ့လစဉ် လဆန်း ရှစ်ရက်၊ လပြည့်၊ လပြည့်ကျော် ရှစ်ရက်၊ လကွယ်နေ့များကို "သီတင်းနေ့၊ ဥပုသ်နေ့" လို့ သက်မှတ်ပေးထားပါတယ်။ အဲ့ဒီနေ့များမှာ ဈေးများ၊ ကျောင်းများ ပိတ်တတ်လေ့ရှိပြီး သားကြီး ငါးကြီးပေါ်ခြင်းကိုပင် ကန့်သတ်ပေးလေ့ ရှိပါတယ်။ ခုနစ်ရက်တစ်ပတ်အလွန် ရှစ်ရက်မြောက်မှာ သီတင်းနေ့ ဥပုသ်နေ့လို့ ဘာကြောင့် သတ်မှတ်ထားရပါသလဲ။

အဲ့ဒီမှာ "ဥပုသ်၊ သီတင်း" တို့ရဲ့အဓိပ္ပာယ်ကိုသိမှ "သီတင်းနေ့၊ ဥပုသ်နေ့" ရဲ့အဓိပ္ပာယ် ပေါ်လွင်လာပါလိမ့်မယ်။

ဆရာတော်ဘုရားကြီးက ...

http://www.dhammadownload.com



ဥပုသ်ဟူသည် မိမိစိတ် အာရုံငါးပါးမှ ဆိတ်သုဉ်းခြင်းကို ဆိုလို၏။

သီတင်း ဟူသည် အေးဆေးငြိမ်သက်ခြင်း၊ သံဃာ့သုခ၏ အခြေခံ အစိတ်အပိုင်းများ ဟူ၍ အဓိပ္ပာယ် ထွက်ချေ၏ ... လို့ ရှင်းပြထားပါတယ်။

(အနုပုဗ္ဗိက ကထာ၊ စာ - ၁၀၂၊ မတ်လ ၉၆)

လူတွေဆိုတာက နေ့ရှိသရွေ့ စားဝတ်နေရေးအတွက် ပူပန်ကြောင့်ကြစိတ်တွေနဲ့ ပြေးလွှားနေရတယ်။ စိတ်ရောကိုယ်ပါ အားရ နားရတယ် မရှိဘူး။ စိတ်နဲ့ ကိုယ် မကပ်သာအောင်လည်း အာရုံငါးပါး နောက်သို့ ကြိုက်စိတ် မကြိုက်စိတ်တွေနဲ့ လိုက်ပါနေကြရပါတယ်။ မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ ထိတွေ့ရာတွေ မှာ ကိလေသာ ခိုင်းသမျှ အကုန်လိုက်လုပ်နေတာကို "စိတ်ထောင်း လို့ ကိုယ်ကြေ" လို့ ဆိုတယ် မဟုတ်ပါလား။ အဲ့ဒီတော့ မြင်ရာ၊ ကြားရာ၊ နံရာ၊ အရသာခံစရာ၊ ထိတွေ့ရာတွေ ရှိနေသမျှ စိတ်နဲ့ကိုယ် အနားမရ မအားရနဲ့ ဘာမှ လည်း အကျိုးမရှိဘဲ အချိန်တွေ ကုန်ဆုံးခဲ့ရတယ်။

"ထိုကိုယ်စိတ်ပူပန်ခြင်း (ကိုယ်အပူလောင်၊ စိတ်အပူလောင် ခြင်း) တို့မှ တစ်နေ့တာ ရပ်နားနေစေရန် "သီတင်းနေ့ သီတင်းသုံးခြင်း" ဟူ၍ လူတို့အတွက် သီးခြားတစ်နေ့ သတ်မှတ်ထားခြင်း ဖြစ်ချေ၏။

(အနုပုဗ္ဗိက ကထာ၊ စာ - ၁၀၂)

အဲ့ဒီမှာ ကြံဖန် ကတ်ဖဲ့ပြီး မေးစရာ တစ်ခုနဲ့ ကြုံလာနိုင်ပါတယ်။ လူတွေအနားယူဖို့ တနင်္ဂနွေ ရှိတာပဲလို့ ဆိုခဲ့ရင် ... သီတင်း ဥပုသ်နေ့ ဆိုတာ တနင်္ဂနွေနေ့နဲ့ မတူပါဘူး ... ဆိုတာလောက်တော့ လူတိုင်း သဘောပေါက်သင့်ပါတယ်။ တနင်္ဂနွေ အားလပ်ရက် ဆိုတာက ရုပ်ရှင် ကြည့်ကြ၊ ပန်းခြံသွားကြ၊ အာရုံ ငါးပါးခံစားကြတာပါ။ သာမန်နေ့

http://www.dhammadownload.com



တွေထက် ပိုကဲပြီး တနင်္ဂနွေနေ့မှာ အာရုံငါးပါး စံစားရပါလိမ့်မယ်၊ ဥပုသ်နေ့မှာ ဥပုသ်သည် ဆိုတာ သီချင်း ညည်းလို့တောင်မရ၊ ပန်းပန်တာ သနပ်ခါးလိမ်းတာတောင် ဥပုသ် အင်္ဂါရပ်နဲ့ မညီပါဘူး။

ဆိုခဲ့တဲ့အတိုင်း ... ဥပုသ်ဆိုတာ အာရုံငါးပါး မခံစားနိုင်အောင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဆိုတဲ့ အာရုံတံခါး ငါးပေါက်ကို သတိနဲ့ စောင့်ပိတ်ထားတာပါ။ အဲ့ဒီတော့မှ "သီတင်း" ဆိုတဲ့ အေးဆေး ငြိမ်သက်ခြင်း အနှစ်သာရကို ရရှိခံစားရမှာ ဖြစ်ပါတယ်။ ဒီတော့ အာရုံငါးပါးနဲ့ဝေးရာ ရပ်ထဲရွာထဲက ခွာပြီး ဘုရားကျောင်းကန်တွေဆီသွားပြီး ဥပုသ်သီတင်း စောင့်ခြင်းအလေ့ ပြုကြရပါတယ်။ ဥပုသ်တစ်ရက် စောင့်ရုံမျှနဲ့ တစ်ပတ်စာအာရုံ ခံစားမှုတွေ ပြေ သလားဆိုရင် "ချောင်းရေနဲ့ ကန်ရေ" မရောဘူးလို့သာ ဆရာတော်ဘုရားကြီးရဲ့အဘော်ကျ ဖြေရပါလိမ့်မယ်။ ဥပုသ်စောင့်နေတာ ကုသိုလ်မျိုးစေ့ကိုယူနေတာပါ။ ဘုရားကျောင်းကန်သွားပြီး အာရုံ ငါးပါးကို မခံစားဘဲ ရတနာသုံးပါးဆီမှာ စိတ်ကို ပို့လွှတ်ထားခြင်းပဲ ဖြစ်ပါတယ်။ ကိုယ်ဆော့ နှုတ်ဆော့ကိုယ်ကြမ်း နှုတ်ကြမ်း အမူအရာကြမ်းတွေကို သတိဖြင့် ပယ်သတ်ပြီး ကိလေသာ အပူမီးလွှတ်ရာမှာ သီလဆိုတဲ့အကျင့်မြတ်ကို ဆောက်တည်နေတာပါ။

ကိလေသာကို တစ်ချက် ပယ်သတ် တစ်ချက် မှတ်လိုက်တာ မိမိကိုယ်ကို တစ်ချက် ကယ်တင်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ အဲ့ဒီ သတိ မလွှတ်တဲ့ စိတ်အမှတ် တစ်ချက်ဟာ တစ်ချက်ဆို တစ်ချက်ဆိုသလောက် စိတ်ကို သန့်စင်ပြီး ဖြစ်စေပါတယ်။ စိတ်သန့် ကိုယ်သန့်မှသာ ဥပုသ်သီတင်းစောင့်ခြင်း အလေ့ပြုကြရခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



# ဥပုသ်ဘာကြောင့်ကျိုး

သီတင်းဥပုသ်ရဲ့ အဓိပ္ပာယ် ရည်ရွယ်ချက်ကို မသိသူများက တော့ ဥပုသ်နေ့ကျခါမှ ယခင်နေ့တွေထက် လှအောင် ပအောင် ဖြီးလိမ်း ပြင်ဆင်လို့၊ စားစရာတွေလည်း အိမ်မှာ စားနေကျထက် ပိုကောင်း အောင် ချက်ပြုတ်စီမံလို့၊ ကျောင်းရောက်တော့ အထင်မသေးအောင် လက် ဝတ်ရတနာတွေကလည်း ဆင်လာလိုက်သေးနဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ တွေနဲ့ စလာလိုက်တာ ဥပုသ်မစောင့်ခင်ကတည်းက ဥပုသ်က ကျိုးချင် နေပြီ။

ကျောင်း ရောက်တော့လည်း ဥပုသ်သည်ချင်း ပြောလိုက်တဲ့ စကားတွေဟာ လက်ပံပင်ဇရက် (ဆက်ရက်) ကျလို့တဲ့၊ ဘုရား ကြောင်း၊ တရားကြောင်းထက် သားကြောင်း၊ သမီးကြောင်း၊ ခေတ်ပေါ်

http://www.dhammadownload.com



ပစ္စည်းအသစ်တွေ အကြောင်း၊ တစ်ခါတစ်လေ ရုပ်ရှင်အကြောင်း၊ တီဗွီ ကြောင်း၊ ဘောလုံးပွဲ အကြောင်းတွေ ဉပုသ်နေ့မှာ စားမြုံ့ပြန်နေကြရဲ့ဗျာလို့ ဆရာတော်ဘုရားကြီးက ထောက်ပြပါတယ်။

ညစာ မစားတာ တစ်ခုက လွဲရင် ကျန်တာတွေက ရပ်ထဲရွာထဲက အကျင့်ဆိုးတွေအတိုင်း ဖြစ်နေသေးသတဲ့။ အဲ့ဒါ ညစာ စားမိလို့မှ ဉပုသ်ကျိုးတယ်လို့ ထင်နေကြလို့ပါပဲ။

ဒါကြောင့် ဆရာတော်ဘုရားကြီးက -

"ဉပုသ်ဟူသည် မိမိစိတ် အာရုံငါးပါးမှ ဆိတ်သုဉ်းခြင်းကို ဆိုလို၏။ စိတ်သည် အာရုံနောက်သို့ လိုက်စားနေသမျှ ဉပုသ်ဟူ၍ အမည် မခံရပြီ။"

"ယနေ့အဖို့ မျက်စိရှိ၍ မြင်ရသော်မှ ဘာလဲဟူ၍ အာရုံနောက် လိုက်ကာ မစုံစမ်းသင့်၊ နားရှိ၍ ကြားရသော်မှ အာရုံနောက်လိုက်၍ မခံစားသင့်၊ အမြင်သည် အမြင်နှင့်သာ ပြီးစေပြီး အမြင်၏နောက် ဘယ်သူ ဘယ်ညာ ရုပ်လုံးမပေါ်လာစေသင့်။ သို့မှသာ ဆိတ်သုဉ်းခြင်းဟူသော ဉပုသ်၏ အဓိပ္ပာယ် ပြီးပြည့်စုံရချေမည်။ သည့်အတူ အသံ၊ အနံ့၊ အရသာ၊ အတွေ့တို့ကိုလည်း ဆက်ဆံရချေ၏။"

"ယနေ့အဖို့ နံနက်ပင်ဖြစ်စေ၊ ညနေပင်ဖြစ်စေ အစားအသောက် သူ့အချိန်နှင့်သူ သုံးဆောင်ရာ၌ အာရုံ၊ အရသာတို့ဘက်သို့ စိတ်မရောက်စေဘဲ မိမိဘက်သို့သာ စိတ်ထားကာ သုံးဆောင်တတ်ကြရာ၏။"

"လှည်းစာ" ထိုးသော ဥပမာကဲ့သို့ အနာဆီ ထည့်သော ဥပမာကဲ့သို့ လှည်းသည် "အစာ" မထိုးက တကျွီကျွီမြည်လေဘိသို့ ခန္ဓာသည်လည်း အစာထိုးမပေးပါက ဝမ်းဗိုက်သည် တကျွီကျွီ မြည်အော်နေ

http://www.dhammadownload.com



တတ်ရကား ထိုအော်မြည်နေသော နေရာသို့ မိမိစိတ် စုရပ်အဖြစ်ထား ကာ စားသုံးရမည်ဟူ၏။

အနာသည် ဆေးမလူးသော် တဖျဉ်းဖျဉ်း အဆိပ်တက်လေဘိ သို့ စန္ဒာသည်လည်း အရသာ၏ ကဆီဓာတ်ဖြင့် သုတ်လူးမပေးပါက အရှင်းရှင်း ပွတ်တိုက်မှုကြောင့် ဖြစ်သော ဒဏ်ရာသည် တဖျဉ်းဖျဉ်း တက်နေရှေ့ရကား ထိုတက်နေသော နေရာဆီသို့ မိမိစိတ် ပို့လွှတ်ထား ကာ သုံးဆောင်ရမည် ဟူ၏။

ဤအလေ့အကျင့်မျိုး လေ့ကျင်တတ်ပါမှ ဥပုသ်တော် သီလဖြစ် ရတော့၏။

သီတင်းဟူသည် အေးဆေး ငြိမ်သက်ခြင်း၊ သန္တိသုခ၏ အခြေခံ အစိတ်အပိုင်းများ ဟူ၍ အဓိပ္ပာယ်ထွက်ချေ၏။ ကိုယ်စိတ် နှစ်ပါးလုံး အေးငြိမ်းမှုမရှိက "သီတင်းသည်" အမည်မရပြီ။ ယနေ့အဖို့ ကြိုက် စိတ်ကြီးပြင်းလာသဖြင့် ဘဝင်မငြိမ်၊ နလုံးအိမ်စုန်၊ ရင်တုန်လှုပ်လှုပ် ကိုယ်စိတ်နှစ်ရပ်တို့ကို ကိလေသာ အပူကပ်ခြင်းမှ ကင်းဝေး နေစေ ရာ၏။

စောင့်သုံးခြင်း ဟူသည် မိမိစိတ်နှင့် တစ်ဖက်အာရုံတို့ အကြား သတိ အစောင့်အကြပ်ထားလျက်က ခံစားခြင်းတည်း။

သို့မှသာ ဥပုသ်သည် အာရုံတို့နှင့် ကင်းကင်းရှင်းရှင်းနေလေ သူ၊ သီတင်းသည် ကိုယ့်စိတ်နှင့်ကိုယ် အေးအေးဆေးဆေးနေလေသူ ဟူ သော လူဖြူ အဆင့်မြင့်သို့ ရောက်စေနိုင်၏။ ကောင်းမှန်သော အမည် ထူးကို ခံယူနိုင်သူဖြစ်ချေ၏။ သို့မဟုတ်က အဟုတ် ဥပုသ်သို့ မဆိုက်၊ အချုပ် ဥပုသ်ဖြင့်သာ တစ်ရက်တာ ကုန်ဆုံးရချေမည်။ ကြည့်လိုပါ

http://www.dhammadownload.com



လျက်က အောင့်အည်း ချုပ်တည်းနေရခြင်း စသည့် အောင့်လုံးများဖြင့် သာ အချိန်ကုန်လွန်ရသော် အချုပ်သားတို့ ဘဝနှင့် ဘာမှမခြားနား တော့ပြီ။

ထောင်တွင်းမှ အချုပ်သားကြီးများလည်း အာရုံလုံကြပါ၏။ ထောင်နံရံ ကာခြားထားသဖြင့် မယား မမြင်၊ သားမမြင်ရှည်းသာ ဖြစ်ကြပါ၏။ သို့တစေလည်း စိတ်၌ကား ငါထောင်က ထွက်ရလျှင် တော့လား ဟူသော အောင့်လုံး၊ တေးလုံး များစွာဖြင့် အချိန်ကုန်ရရာ အာရုံလုံလျက်က ဥပုသ်မရသူ၏ အဖြစ်သို့ ရောက်ရချေတော့၏။ သို့ကြောင့် စောင့်သုံးခြင်းဟူသော စကားလုံးကို ပုံစံပြည့် ဖော်ဆောင် သောအားဖြင့် စိတ်နှင့် အာရုံကြားမပြဲမပြတ် စောင့်ကြပ်သော သတိ အစောင့်ချထားသင့်၏"

(အနုပုဗ္ဗိကကထာ၊ ၁၉၉၆ မတ်လ၊ စာ - ၁၀၃)

ဒါကတော့ ဥပုသ်သီတင်းစောင့်ထိန်းခြင်းရဲ့အနှစ်သာရ၊ မိမိတို့ စောင့်ထိန်းလေ့ရှိတဲ့ ဥပုသ်နဲ့ တိုက်ဆိုင်ပြုပြင်ယူနိုင်ကြပါစေ၊ ဆရာ တော်ဘုရားကြီးက "ဥပုသ်သည် စစ်တမ်း" လို့ သီးသန့်ရေးသား လမ်း ညွှန်ထားတာ ရှိပါသေးတယ်။ ဆိုရပါသော် ...

ညစာ စားမိမှ ဥပုသ်ကျိုးသည် မဟုတ်၊ ရေသောက်တာက အစ "ရေကလေး အေးလိုက်တာ" ဟူ၍ အာရုံနောက်လိုက်ပါ စံစားမိချေ သော် ဥပုသ်ကျိုးသည်ဟူ၍ မှတ်ပါလေတဲ့။ ဒါကြောင့် တကယ့် ဥပုသ် သည် အစစ်ဖြစ်ဖို့ကတော့ တော်တော်လေ့ကျင့်ယူရမယ်လို့ နားလည် မိကြောင်းပါဗျာ ... ။

http://www.dhammadownload.com



# ကုသိုလ်တွေပြုနေပါလျက် ဘာကြောင့် အကျိုးပေးညံ့နေပါသလဲ

ငါ လှူနေတာပဲ၊ ကောင်းတာတွေ လုပ်နေတာပဲ၊ ဘာဖြစ်လို့ အဆိုးတွေက မလွတ်သေးပါလိမ့်၊ ဘာကြောင့် အကျိုးပေးညံ့နေပါလိမ့် ဆိုတဲ့ အတွေးမျိုး အမေးမျိုး ခေတ်လူသား အတော်များများမှာ ပေါ်ပေါက်နေပါတယ်။ တချို့ပုဂ္ဂိုလ်များ ယေဘုယျကျကျလှစ္စာ အဖြေပေးပုံမှာ "ရှေးက ပြုဖူးတဲ့ အကုသိုလ် ကံဆိုးတွေမကုန်သေးလို့" ပါတဲ့။ ပစ္စုပ္ပန်မှာရော ကိုယ်ပြုတဲ့ကုသိုလ်ကံ စင်ကြယ်ရဲ့လား၊ အကျိုးရှိရဲ့လား၊ အပြစ်မဲ့ရဲ့လား ဆိုတာ ပြန်သုံးသပ်ကြည့်လေ့ မရှိကြပါ။

ဥပမာ - အလှူပေးမယ့် ငွေတွေ ရှာဖွေစဉ်က ကောင်းရောင်းကောင်းဝယ် စင်စင်ကြယ်ကြယ်နဲ့ ရခဲ့တဲ့ ချွေးနဲ့စာအစစ် ဟုတ်ရဲ့လား၊

http://www.dhammadownload.com



သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျပြီးမှ ရလာတဲ့ပိုက်ဆံတွေလား။ သူတစ်ပါးဆီက ကျေကျေနပ်နပ်ရတာ ဟုတ်ရဲ့လား။ ဓားပြတိုက်ပြီး အလှူပေးရင် စင်ကြယ်ရဲ့လား ဆိုတဲ့ ဆန်းစစ်ပုံမျိုးနဲ့ သုံးသပ်ကြည့်ပါလား။ ဒါက လှူဖို့ ငွေရှာတဲ့ အကြောင်းတစ်ခုမျှသာ ရှိပါသေးတယ်။

အလှူဒါနစတဲ့ ကုသိုလ်ပြုနေချိန်မှာ ဖြစ်ပေါ်နေတတ်တဲ့သင့် စိတ်စေတနာကိုလည်း ပြန်ဆန်းစစ်ကြည့်ပါလေလို့ ဆရာတော်ဘုရားကြီးက သတိပေးလေ့ရှိပါတယ်။

"သင်သည် အလှူကြီးတစ်ခုကို ခမ်းနားကြီးကျယ်စွာ စွန့်လွှတ်နေပါ၏။

သို့တစေလည်း ထိုအလှူ၌ သာယာ တပ်မက်စိတ် ကင်းရှင်းပါ၏လော။ မိမိပြင်ဆင်မွမ်းမံထားသော မဏ္ဍပ်ကြီးနှင့် တကွလှူရန် အသုံးအဆောင်များ၌ လည်းကောင်း၊ မိမိ အလှူသို့ ကြွရောက်တော်မူလာသော သံဃာပရိသတ်ကြီး အပေါ်၌လည်းကောင်း၊ သတိလက်လွတ် ငုက်တောင်ကျတ်သည့်ပမာ တစိမ့်စိမ့် ကြည့်ကာ ခေါင်းတညိတ်ညိတ်သာ ရှိနေချိမ့်မည်ထင်၏"

ငါ လှူသော အလှူကြီးပဲ ဟူ၍ သာယာ တပ်မက်စွဲက လက်ခံသိမ်းပိုက်လိုက်သည်နှင့် သူများနှင့် မတူ ရှက်စရာကြီး၊ သူများထက်သာကိုသာမှ ဟူသော "ရှက်စရာကြီး အလှူ သာမှ အလှူ" မျိုးထဲသို့ စာရင်းဝင်နေချိမ့်မည် ထင်၏။

လောက်မှ လောက်ပါ့မလား၊ နည်းများ နည်းနေမလား။ များများသွားနေလေလားနဲ့ တွေဝေစိတ်နှင့်တကွ နှလုံးမသာယာ စိတ်များကလည်း လွှမ်းမိုးလျက် နေချိမ့်မည်ထင်၏။ သတိမကပ်သော စိတ်သည်

http://www.dhammadownload.com



တစ်ခုမှ တစ်ခုသို့ ကူးတတ်သည့် အားလျော့စွာ ကြားရာမှသည် တွေးမိ တွေးရာသို့ အထိပျံ့ကာ ကျိုးကန်းတောင်းမှောက် ရှာလျှောက်ပတ် ပြေး၊ ရှာဆော်ကြီး ခွေးကဲ့သို့ ဂနာမငြိမ်ဘဲ လည်းနေရိမ့်မည်ထင်၏။

ထို ပူစိတ်တို့ဖြင့် အကြောင်းခံထားသော ကောင်းမှုသည် "အေးကျိုး" ကို မရစေနိုင်ပြီ။ ယနေ့ သင်ပြုကျင့်နေသော အလှူတို့ကို စစ်ဆေးကြည့်သော် သာယာစိတ်၊ အလိုမကျစိတ်၊ တွေစိတ် သုံးမျိုး တို့မှလွတ် မလွတ်သိနိုင်၏။ ထိုသို့ သိနိုင်ရန်ကိုလည်း ဆန်းစစ်ကြည့် ပါဦး။

မလွတ်ကင်းချေသော် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့ အကျိုး ပေးများအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာသဖြင့် ထိုအကျိုးတို့ကို သိမ်း ပိုက်ခံရလေသောအခါ အားရတင်းတိမ်ခြင်း၊ အလိုပြည့်ဝခြင်း ရှိစေ လိမ့်မည်မထင်။ စိုးရိမ်ခြင်း၊ စိတ်မချခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းများ လည်း ကင်းစင်လိမ့်မည် မထင်။ ဤကားအမှား၊ ဤကားအမှန် ဟူ၍ ဝေဖန်သုံးသပ် ဆုံးဖြတ်ပေးတတ်သော အသိဉာဏ်မျိုးလည်း ပါရှိတော့ လိမ့်မည် မထင်။

ထိုအခါ လူမှာ ပစ္စည်းပေါ်လျက်က စိတ်မောရသောကြောင့် "သူဌေး လူဆင်းရဲ" ဘဝသို့ ရောက်တတ်လျက် ရေရှိုးရင်း မတ်တင်က ကိုယ်ပူနေတတ်၏။ ယပ်လေ(ပန်ကာ) အောက်မှာ နေလျက်က ချွေး ပြန်နေတတ်၏။

(အနုပုဗ္ဗိက ကထာ၊

၁၉၉၆ မတ်လ၊

တ-၆၄-၆၅)

http://www.dhammadownload.com



ကုသိုလ်ပြုခဲ့စဉ်က စိတ်ထားမမှန် (ဝါ) စေတနာမှန် မသက်ရောက်ခဲ့လို့ အကျိုးပေးညံ့ရပုံကို ခုလို ဆက်ရှင်းပြထားပါတယ်။

"ကုသိုလ် အကျိုးပေး စသည် အကုသိုလ် အကျိုးပေးကို ပယ်ဖျက်နိုင်သော စွမ်းပကား ရှိသည်ဆိုပါသော်လည်း စေတနာသည် အကုသိုလ် ဘက်လောက်ပြုချက်မပိုင်သော် ပတ္တမြားကျောက် မြေကျင်းထဲဝယ် ငုပ်ကွယ်၍ ပျောက်လေဘိသို့ ကုသိုလ်သည်ငုပ်ကောင်အဖြစ်သာရှိ၏။ ပြောက်ကျားမျှ သာအကျိုးပေးခွင့်ရ၏။ နံ့နေးစွာသာ အကျိုးပေးခွင့်ရ၏။ အဘယ်ကြောင့်ဆိုသော် ကုသိုလ်သည် အကုသိုလ်လောက် အရေအတွက်လည်း မများ၊ စေတနာထားရာ၌လည်း နှစ်နှစ်ကာကာ ရက်ရောစွာလည်း (အကုသိုလ်ပြုတုန်းကလောက်) မရှိ၊ အာရုံမှန်သို့လည်း တည့်တည့်မကျရောက်ခြင်းကြောင့်တည်း။

အကုသိုလ်ပြုရာ၌ စေတနာသည် သူတစ်ပါးလက်တို့စရာ၊ မျက်စပစ်ပြစရာပင် မလိုပြီ။ အလွန်လျှင် ထက်သန်၏။ ရက်ရော၏။ နှစ်နှစ်ကာကာကြီး ရှိ၏။ ဟန့်တားရန် လူကြီးတို့ကကြား ဝင်သော်မှ ထိုကြားလွတ်ရာမှပင် တစ်အားကျုံး၍ ရှန်းထွက်ကာ ပြုကျင့်၏။ တားလေသွားလေ၊ ချိုးလေဆိုးလေ အထိလွန်တက် မွှန်တက်နေတတ်၏။ စိတ်သည်ကား မိမိမကောင်းမှု ပြုကျင့်တော့မည့် သက်ရှိသက်မဲ့ထံသို့ တန်းမတ်စွာ ထိုးကျနေတတ်၏။ ရမ္မက်ကြီးလျှင် ကြီးသလောက် ထိုစိတ်ထိုအာရုံမှ ခွာမသွားတော့ပြီ။ အမျက်ကြီးလျှင်လည်း ကြီးသလောက်ပင် အရှိန်ပြည့် ထိုစိတ် ထိုအာရုံမှ ဖဲ့မသွားတော့ပြီ။

ကုသိုလ်တွေ ပြုနေပါလျက် ဘာကြောင့် အကျိုးပေး ညံ့နေသလဲ။

http://www.dhammadownload.com



ဤအမေးကို သင်မေးသော် သင်လုပ်ခဲ့သော ကုသိုလ်ပြုစဉ်က စိတ်ထားလေးကို ပြေးမြင်လျှင် ကိုယ့်အမေးကိုယ်ပင် ရှက်စရာ ဖြစ်နေရှိမှုမည် မဟုတ်လော။ ထိုအမေးမျိုး ပညာရှိရှေ့သွားမေးမိချေသော် သင့်အား သနားကရုဏာ မြောက်များစွာဖြင့် ငုံကြည့်ကာ သြော် … ဤသူသည်ကား ကုသိုလ် မပြုတတ်ရှာ သူလေးပဲကိုး ဟူ၍ စိတ်တွင်းမှ မှတ်ချက်ချတော့မည်မှာ ကေန်ပင်တည်း။

(ၚင်းစာ-၆၇)

ဒါဟာ အခြေခံ ရှင်းလင်းချက်မျှသာ ရှိပါသေးတယ်။ ဒေါသစေတနာ၊ မောဟစေတနာ၊ လောဘစေတနာ … စေတနာ တစ်ခုချင်းအလျောက် ရောက်ရှိ အကျိုးပေး ဝင်ရောက်ကြွေးဆပ်ရတဲ့ ဘုံဘဝတွေကို ဆရာတော်ဘုရားကြီးက ဆက်ပြထားပါသေးတယ်။ အသေးစိတ်ကို ထုတ်နုတ် မပြသာပြီ။ အထက်ပါ အခြေခံဖြင့်ပင် ကုသိုလ်တွေ ပြုနေပါလျက် ဘာကြောင့် အကျိုးပေးညံ့နေပါသလဲ ဆိုတဲ့ အဖြေကို ချိန်ကိုက်နိုင်လောက်ပြီလို့ ယူဆပါတယ်။

http://www.dhammadownload.com



# လက်ငင်းအကျိုးပေး ဘာကြောင့်ရ

ငွေကုန်ကြေးကျ အများကြီးနဲ့ မော်မော်ကြွားကြွား၊ ခမ်းခမ်းနားနား အလှူကြီးပေးပေမယ့် အကျိုးပေး ညံ့ချင်ညံ့နေတတ်ပါတယ်။ အဲ့ဒါ အလှူကြီးပေးစဉ် စိတ်ထားမမှန် စေတနာမထက်သန်ခဲ့လို့ပါ ပဲ။ တကယ်တော့ ငွေကြေးဝတ္ထုပစ္စည်းက အဓိကမဟုတ်၊ စေတနာကသာ ကောင်းကျိုးပေးစွမ်းနိုင်တာလို့ ဆိုပါတယ်။ လှူတဲ့အခါ ငါးစွဲ၊ ဝတ္ထုစွဲ၊ ပုဂ္ဂိုလ်စွဲ ဒီအစွဲ သုံးမျိုးက ကျွတ်ကျွတ်လွတ်လွတ်နဲ့ (ဘယ်သူကမှ မတိုက်တွန်းရပဲ) စေတနာ သုံးတန်ထက်ထက်သန်သန် လှူတဲ့ အလှူမျိုးသာ အကျိုးပေးကောင်းတယ်လို့ မှတ်သားခဲ့ရပါတယ်။ ဘယ်လောက်ထိအကျိုးပေး ကောင်းသလဲဆိုရင် ချက်ချင်း လက်ငင်းအကျိုးပေးခံစားရတာပါ။ ဒီသဘောကို ဆရာတော်ဘုရားကြီးက "သုမနပန်းသည်" နဲ့ ပုံဆောင်ပြောကြားခဲ့ပါတယ်။

http://www.dhammadownload.com



ဘုရားရှင် ရွှေလက်ထက်တော်က . . .

ရာဇဂြိုဟ်မြို့မှာ ဗိမ္ဗိသာရမင်းကြီးထံ ပန်းတော်ဆက်ရတဲ့ သုမနပန်းသည်ဆိုတာရှိတယ်။ သုမနဟာ တစ်နေ့လျှင် မြတ်လေးပန်း ရှစ်စလွယ်ဘုရင်ကို ဆက်သရတယ်။ ဘုရင့်ဆီက တစ်နေ့လုပ်အားခ အသပြာ ရှစ်ကျပ်ရတယ်။

တစ်နေ့မှာတော့ ဘုရားရှင်ဟာ ရောင်ခြည်တော် ခြောက်သွယ် တစ်ခဲနက် ကွန့်မြူးပြီး မြို့တော်တွင်းသို့ ဆွမ်းခံကြွအလာ သုမနက လည်း ဘုရင့်ထံ ပန်းတော် ဆက်ဖို့အလာ တစ်နေရာမှာ ဆုံမိကြပါလေရော။ သုမန ပန်းသည်ဟာ ဘုရားရှင်ကို ဖူးလိုက်ရတယ် ဆိုရင်ပဲ ဘုရားကျေးဇူးတွေ တလှိုက်လှိုက် ကြည်ညိုလာပြီး

"ဘုရင်က ငါ့ကို သတ်ချင်သတ်၊ ထောင်ချချင် ချလိုက်ဦး ဘုရင့်ကိုဆက်မယ့် ပောဒီ ပန်းတွေ ဘုရားကို လှူလိုက်တော့မယ်။ ဘုရင်ပေးတဲ့ တစ်နေ့ရှစ်ကျပ် ဆိုတဲ့ အသပြာဟာ တစ်ဘဝသာ စားသုံးနိုင်တယ်။ ဘုရားရှင်ရဲ့ ဖွဲ့ကျေးဇူး၊ စွန့်လွှတ်မှုရဲ့တန်ပြန်အားကတော့ ကမ္ဘာကုန်ပေမယ့် ကုန်အံ့မထင် . . ."

အဲ့ဒီလို စံယူဆုံးဖြတ်ပြီးသကာလ ပန်းနစ်ဆုပ်ဖြင့် ဘုရားရှင်ရဲ့အထက်ဆီ ပစ်ကြဲပူဇော်လိုက်တယ်။ ပန်းတွေဟာ ပန်းဆိုင်းကြီးတွေ ဖြစ်ပြီး ဘုရားရှင့် အထက်မှာ မျက်နှာကျက်လိုတည်နေတော့သတဲ့။ ကျန်တဲ့ ပန်းတွေနဲ့ ဝဲယာလှည့်ပတ်ပူဇော်ကြပြန်တော့ ပုဆိုးတင်းထိမ်တွေနဲ့ ကာရံထားသလို (ဘုရားရှင့် မျက်နှာတော် ဖူးနိုင်ရုံမျှ အပေါက်ကလေးသာ ကျန်ပြီး) တည်နေတယ်ဆိုပဲ။ ပန်းတွေဟာ မြေမသက်၊ ဘုရားရှင်ကြွတော်မူရင် အတူလိုက်ပါသွားပြီး ဘုရားရှင် ရပ်တော်မူ

http://www.dhammadownload.com



သော် အတူ ရပ်တန့်ကြတယ်။ သုမနဟာ သူလှူတဲ့ သူ့ပန်းတွေရဲ့ ထူးခြားတဲ့ အခြင်းအရာကိုကြည့်ပြီး ပီတိဖြစ်လာလိုက်တာ ရိုးတွင်း ခြင်ဆီထဲကတောင် တသိမ့်သိမ့် တက်လာသတဲ့ကွယ်။

မြို့သူမြို့သားတို့လည်း အလှူခံပုဂ္ဂိုလ် ဘုရားရှင်ရဲ့ထူးကဲ လွန် မြတ်ခြင်း၊ အလှူပေးသူ သုမနရဲ့ထူးကဲခြင်း၊ နှစ်ဖက်ဆုံရာက ပေါ်ထွန်း လာတဲ့ ပန်းတို့ရဲ့တည်နေဟန် အံ့ဖွယ်သရဲ ဖြစ်ပုံကိုမြင်တွေ့ကြပြီး ပီတိ အဟုန် ဖြစ်ပေါ်လာတယ်။ ဘုရားရှင်ကို လှူဖွယ်အစုံ၊ ပူဇော်အထူးနဲ့ သဒ္ဓါကိုအကြောင်းပြုပြီး သဒ္ဓါပေါင်းများစွာ ပွင့်ပေါ်လာကြတယ်။

သုမန အိမ်ပြန်ရောက်တော့ ဒီအကြောင်း ဇနီးဖြစ်သူဝမ်းသာ ပါစေတော့လို့ ပြန်ပြောပြတယ်။ မိန်းမက ဝမ်းမသာတဲ့အပြင် ဆဲရေး တိုင်းထွာပါလေရော။ ဘုရင့်စီးပွား၊ သူ့စီးပွားထိမယ့် အလှူမျိုး လုပ်ခဲ့ လို့ဆိုပဲ။ သခင်အားရ ကျွန်ပါးဝ ဆိုတာလို ရှေ့တော်မှောက် အရင်ဦး အောင်အရောက်သွားပြီး သံတော်ဦးတင်(ကုန်းချော)ပါလေရော။

ဒါပေမဲ့ ဘုရင်ဗိမ္ဗိသာရဟာ မိန်းမကုန်းချောရာကို မလိုက်ပါ။

မကြုံစဖူး ထူးကဲတဲ့ သုမနပန်းသည်ရဲ့အလှူပေါ်မှာ အံ့ဩလို့ မကုန်၊ ပီတိအဟုန်လည်း ဖြစ်လျက်က ချက်ချင်း မြှောက်စားလိုက်ပုံ ကတော့ ဆင်ရှစ်စီး၊ မြင်းရှစ်ကောင်၊ ကျေးကျွန်ယောက်ျား ရှစ်ဦး၊ ကျွန် မိန်းမ ရှစ်ယောက်၊ အကောင်းဆုံး ဝတ်စုံ ရှစ်စုံ၊ အသပြာ ရှစ်ထောင်၊ တန်ဆာအပြည့်အစုံ ဆင်ယင်ပြီးတဲ့ အပျိုတော် ရှစ်ယောက်၊ ရွာကြီး ရှစ်ရွာ ... စုစုပေါင်း ဆုအမျိုးအစား ရှစ်မျိုး တစ်မျိုးတစ်မျိုးမှာ ရှစ်ခုစီ ပေးသနား ချီးမြှင့်လိုက်တော့တယ်။

အဲ့ဒါ ချက်ချင်းလက်ငင်း အကျိုးခံစားရတာ။ လက်ငင်း အကျိုး

http://www.dhammadownload.com



ပေး ဘာကြောင့်ရသလဲဆိုတော့ သုမနပန်းသည်မှာ ငါစွဲ၊ ဝဋ္ဋစွဲ၊ ပုဂ္ဂိုလ်စွဲမရှိဘူး။ ဘုရားဆိုတဲ့အစွဲထက် ဘုရားရှင်ရဲ့ဂုဏ်တော် ကျေးဇူးတော်တွေကို အောက်မေ့ ကြည်ညိုခဲ့တာ အဓိကပဓာနကျပါတယ်။ ဘုရားကို ပန်းလှူလိုက်ပါကွာ၊ ကုသိုလ်ရပါတယ် ဆိုပြီးတော့လည်း ဘယ်သူမှ မတိုက်တွန်းရဘူး။ ဘုရင်ကိုဆက်ရမယ့် ပန်းတွေ လှူလိုက်လို့ ဘုရင်သတ်ချင်သတ်၊ ထောင်ချလို ထောင်ချဆိုတဲ့ ရဲရင့် ထက်သန်တဲ့ စေတနာလည်း ရှိတယ်။

အဲဒီလက်ဦး စေတနာက အကျိုးပေးတာ။

လှူလိုက်တာက ပန်း ရှစ်စလွယ်၊ ရလိုက်တဲ့ ဆုရှစ်မျိုး ရှစ်ခုစီက အဖိုးမဖြတ်နိုင်ဘူး။ ဘဝမခြား အကျိုးပေး ခံစားရတာ လက်ဦးစေတနာ ထက်သန်လို့၊ လှူစဉ်တုန်းကလည်း ရကောင်းစေ ဆိုတဲ့ လောဘစိတ် မျှော်စိတ်မရှိဘဲ စင်ကြယ်စိတ်နဲ့ လှူခဲ့တာ ဖြစ်လို့ လက်ငင်းအကျိုးပေးတာ။

သုမနပန်းသည် သံသရာမှာ ရရှိမယ့်ဆုကတော့ ၉၁ ကမ္ဘာလုံးလုံး အပါယ်မလားတော့ဘူး။ ပစ္စေကဗုဒ္ဓါ အဖြစ်နဲ့လည်း နိဗ္ဗာန် စံဝင်ရမယ် ဆိုတဲ့ ဆုထူး ဆုမြတ်ကြီးကိုလည်း ရရှိသွားပါသတဲ့ဗျာ။

အဲ့ဒါပါရမီဒါန၊ အဆင့်မီတဲ့ အမြတ်စားကုသိုလ် ပြုတာတ်လို့ ပါပဲလို့ ဆရာတော်ကြီးက သဘောတရား ထုတ်ပေးလိုက်ပါတယ်။

မဟာဒုတ်ကဲ့သို့ သူဆင်းရဲလည်း လက်ဦးစေတနာ ထက်သန်လို့ လက်ငင်းအကျိုးပေးကာ ရွှေမိုးငွေမိုး ရွာခဲ့တဲ့အစဉ်အလာ ရှိပါတယ်။ ဒီဘက်ခေတ်မှာလည်း ဘယ်ဘုရားမှာ စိတ်အားထက်သန် စေတနာအမှန်နဲ့ လှူခဲ့လို့ ထီပေါက်တယ် ဆိုတာမျိုး၊ ဘယ်ဆရာတော်

http://www.dhammadownload.com



ကို ပြင်းပြတဲ့ စေတနာနဲ့ ကြည်ညို လှူဒါန်းခဲ့လို့ ဘယ်လိုအကျိုးထူး ပေးတယ်ဆိုတာမျိုး ... လက်ငင်း အကျိုးပေးပုံတွေ မြင်မိ၊ ကြားမိပါ လိမ့်မယ်။

ဒါကြောင့် လက်ငင်းအကျိုးပေး ဘာကြောင့်ရသလဲ ဆိုရင် လက်ဦးစေတနာ ပြင်းပြထက်သန်ခဲ့လို့ပဲလို့ အဖြေပေးရပါလိမ့်မယ်။

(အနုပုဗ္ဗိကတထာ၊ ၁၉၉၆ မတ်လ၊ တ၃၇ - ၃၈)

http://www.dhammadownload.com



# ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ ရိုးရာစောင့်နတ် စသည့် နတ်များကို ဘာကြောင့် မေတ္တာပို့ အမျှဝေအပ်သလဲ

ကုသိုလ်ကောင်းမှုတွေ ပြုပြီးတိုင်း ကျွန်တော်တို့ မေတ္တာပို့တဲ့ အခါ " ၃၁ ဘုံသားများ" သို့ခြုံငုံပြီး မေတ္တာပို့လေ့ရှိပါတယ်။ ကျေးဇူး တော်ရှင် မင်းကွန်းဆရာတော် ဘုရားကြီးရဲ့မူအရ မေတ္တာပို့တဲ့အခါ "မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကြပါစေ" ဆိုတာ ပါလာပါတယ်။ မင်းကွန်းဆရာတော်ဘုရားကြီးက ကလေးတွေက အစ တတ်လွယ်ဆိုလွယ်အောင် "မေတ္တာသုတ်" နှင့်အညီ စီရင်ပေးခဲ့တာပါ။

http://www.dhammadownload.com



အဲ့ဒီ မမြင်အပ်ဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေမှာ ကိုယ်စောင့်နတ်က စပြီး မိဆိုင် ဖဆိုင်လို့ခေါ်တဲ့ ရိုးရာနတ်တွေအလယ် သာသနာတော်စောင့် နတ်များအထိ ပါဝင်ပါတယ်။ လူနဲ့ နတ်ဆိုတာ "မကင်းတရား" အား ဖြင့် ဆက်စပ် ပတ်သက်နေတတ်ပါတယ်။ ဒါကိုမသိမမြင် မဆင်ခြင်မိ သူတွေက နတ်ဆန့်ကျင်ရေး လုပ်တတ်ကြပါတယ်။ ၁၁ ဘုံ မေတ္တာပို့ နေမှ နတ်တွေကို ဘာလို့ချန်လုပ်ထားရမလဲ။

ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ ရိုးရာစောင့် နတ် စသည့်နတ်များကို ဘာကြောင့် မေတ္တာပို့အပ်ပါသလဲ။

ဒီအဖြေကို ဆရာတော်ဘုရားကြီးက "မဂ္ဂပဋိ သံယုတ္တကထာ" မှာ အဖြေပေးထားပါတယ်။

မဂ္ဂပဋိ သံယုတ္တကထာမှာ အခြားကျမ်းများနဲ့ မတူဘဲ ဝတ္ထု သဖွယ် ဇာတ်ဆောင်၊ ဇာတ်ကြောင်းများဖြင့် ခင်းကျင်း ရှင်းလင်းထား ပါတယ်။ နတ်တွေကို မေတ္တာပို့သင့်ကြောင်း ရှင်းလင်းချက်ကိုတော့ လောကပါလလောကကို စောင့်ရှောက်တဲ့ နတ်များက တစ်ဆင့် ဇာတ် ဆောင် "ကာယသခ်" နဲ့ "အသခ်" တို့ကို ပြောပြဟန် တင်ပြထားပါ တယ်။ လိပ်ပတ်လည်အောင် ပြည့်ပြည့်စုံစုံ ကောက်နုတ်ဖော်ပြပေး လိုက်ပါတယ်။

သည်လိုလေ သားတို့ လူ့ပြည်မှာ မကောင်းစိတ်နဲ့ ကောင်း စိတ် ဆိုတာရှိတယ်။ အဲ့သည် စိတ်ထား နှစ်မျိုးကိုတော့ စေတနာ (နောက်ခံတွန်းအားပေးခြင်း) က ကြိုးကိုင်တယ်။ စိတ်ထားများရှေ့က တော့ ဆန္ဒ (စိတ်ရှေ့ဂကလမ်းပြပေးခြင်း)၊ ဝီရိယ (စိတ်ရဲတင်းစွာ ဖြစ် လာခြင်း)၊ စိတ္တ (အလုပ်၌ စိတ်ဝင်စားလာခြင်း)၊ ဝီမံသ (အလုပ် တိုး

http://www.dhammadownload.com



တတ်ရာ တိုးတတ်ကြောင်း နည်းကောင်း ရှာဖွေလာခြင်း) တို့ကို ဦးဆောင်မှု ပေးနေတယ်။

ဟော ... စိတ်ထားကောင်းလေးက အတွန်းအဆွဲ တို့ဘက်လိုက်ပါချင်တော့ သူ မှီခိုနေရတဲ့ ကိုယ်ခန္ဓာကြီးကို ပူဆာတယ်။ စိတ်ပူဆာရာ ကိုယ်မခံသာတော့ နှုတ်နဲ့ပဲ ကိစ္စပြီးက နှုတ်နဲ့လုပ်ပေးလိုက်ရတယ်။ အကယ်တိတိ ခြေလက်များနဲ့ အသုံးချပြီးလိုက်လံ ဆောင်ရွက်ပေးမှသာ ကိစ္စပြီးစီးမယ် ဆိုရင်တော့ အင်္ဂါခြေလက်စုံ အကုန်ဝင်ပြီး လိုက်လံပြုကျင့်ပေးရတယ်။ အားလုံးချုပ်လိုက်လျှင် စိတ်လိုကျရာကိုယ်ဝင်ပါ ပူဆာရက်မှ ပြီးပြေရပေါ့ ... သား။

သည်နည်းနဲ့ပဲ အကောင်း အကောင်းမြင်နဲ့ ပြုမူနေကြတယ်။

သည်နည်းနဲ့ပဲ မကောင်း အကောင်းထင် ပြုမူနေကြတယ်။

သည်အမူအကျင့် အမှုအားလုံး ဘာဘတို့ဆီကို လူ့ပြည်မှာလွှတ်ထားတဲ့ –

(က) တစ်ဦးချင်း အနီးကပ် စောင့်ကြပ်နေကြတဲ့ ကိုယ်စောင့်နတ်တွေက သတင်းပို့ကြရတယ်။

(ခ) တစ်ရွာလုံး၊ တစ်အိမ်လုံး စောင့်ကြပ်နေကြတဲ့ အိမ်စောင့်၊ ရွာစောင့်နတ်တွေကလည်း သတင်းပို့ကြရတယ်။

(ဂ) တစ်နယ်လုံး စောင့်ကြပ်ပေးနေရတဲ့ ကုန်းပိုင်၊ ကွင်းပိုင်၊ နယ်ပိုင် အသီးသီးတွေကလည်း ပို့ပေးကြတယ်။

(ဃ) တိုင်းပြည် တစ်ပြည်လုံး သိမ်းကျုံး စောင့်ကြပ်ပေးနေကြရတဲ့ နတ်မင်းကြီးများကလည်း သတင်းပို့ပေးတယ်။

သည်နည်းအတိုင်း ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်များ

http://www.dhammadownload.com



ရော တိုက်ကြီး လေးတိုက် စကြဝဠာ အသီးသီးရှိ နတ်တွေကပါ လူတို့ ဖြစ်သမျှမှာ အမှုစုဆောင်း သတင်းပို့ကြရတယ်။

(က) ဘာဘတို့က ဘာတွေမို့ နတ်တွေက ဝိုင်းပြီး သတင်းပို့ရပါ သလဲ။

(ခ) ဘာဘတို့က သတင်းအရ ပေါ်လာတဲ့ အမှုကိစ္စဘယ်လို စီမံ ပိုင်ခွင့် ရှိပါသလဲ။

ဘာဘတို့ကို လောကပါလ နတ်မင်းကြီးများလို့ခေါ်တယ်။ လောကကြီးရဲ့ကောင်းကျိုးဆိုးပြစ်များကို အမြဲစောင့်ကြပ်ပေးနေကြ ရတဲ့ အာဏာပိုင်များပေါ့။

ဟော ... ဟိုဘက် ရုံးခန်းက အလုပ်များနေတာကတော့ "ကမ္ဘ ရက္ခိတ" ကံထိန်း နတ်မင်းကြီးပဲ။ သူက သားတို့ ရဲ့ကိုယ်၊ နှုတ်၊ စိတ်များနဲ့ ပြုကျင့်နေကြတဲ့ အမှုကြီးငယ်များကို ယနေ့ ဘယ်သူ ဘယ်ဝါ ...

(က) ကောင်းမှုဘက်၌ စိတ်ဖြင့် နှုတ်ဖြင့် ကိုယ်ပါ ပြုကျင့်မှု ဘယ်ရွေ့ဘယ်လောက်

(ခ) မကောင်းမှုဘက်၌ စိတ်တွေး၊ နှုတ်ဆော့၊ ကိုယ်သောင်း ကျန်းမှုတွေ ဘယ်လောက် ဘယ်ရွေ့

(ဂ) တစ်နေ့ချင်း တစ်ဦးချင်း ဇယားကွက်ချပြီး မှတ်တမ်းတင် ပေးနေရတယ် သား။ သားတို့ ဆီက မှတ်ပုံတင်စာရင်း ရုံး မှတ်ပုံတင်ရုံးကြီးများတို့လိုပေါ့။

အသစ် ခေါင်းနားပန်းကြီးသွားၿပီ။ စကားတစ်လုံး တစ်လုံး ထွက်လာတိုင်း ထန်းရေခါးအိုးရှိ အစိုးသတ္တိများ ပုဇွန်ဆိတ် ခုန်တက် နည်းတက်သည့်ပမာ ကြက်သီးများ ဖြန်းခနဲ ဖြန်းခနဲ ထနေတော့၏။

http://www.dhammadownload.com



ငါ့စာရင်း ဘယ်ဒင်းက များနေမလဲ ... ။ သွားရောက်၍ပင် မေးကြည့်၊ လှန်ကြည့်လိုစိတ်ပေါက်သွား၏။

(၁) အဲ ... တစ်လပြည့်ပြီလား၊ တစ်လစာရင်း ချုပ်ထားတယ်။

(၂) တစ်နှစ်ပတ်လည် ရောက်ပြီလား ... တစ်နှစ် ... တစ်နှစ် နှစ်ချုပ်စာရင်း ပြုစုထားတယ်။

(၃) ကံကုန်လို့ ဘဝဆုံးပြီလား၊ သူ့တစ်ဘဝအတွက် ဘဝချုပ် ပါ လုပ်ပေးထားတယ်။ မည်သူကား ...
ကောင်းမှုဘက်က ရှုံးနိမ့် ပျက်ပြားသွားပြီ မကောင်းမှု ဘက်က နောက်ဆုတ် အရှုံးပေးပြီ။ နေ့၊ ရက်၊ လ၊ နှစ် ကနေ တစ်ဘဝစာအထိ အတိုးအလျှော့ စာရင်းကိုပါ ပြု စုနေရတယ် သား။ "ပြုစုပြီးတော့ ဘယ်မှာ အသုံးချသလဲ ဘဘ"

ယနေ့ ဘယ်သူ ဘယ်သူတွေ ကံကုန်သွားပြီ၊ သွားခေါ်တော့ မလို့ စာရင်းကြည့်ပြီး ကံထိန်းနတ်ကြီးက အမိန့်ထုတ်လျှင်ပဲ "ကံစောင့် နတ် သားများ" ကသွားခေါ်ရတယ်။ သားတို့ လူ့ပြည်က သချိုင်း စောင့်ကြီးနဲ့ အသုဘယာဉ် တာဝန်ခံများလိုပေါ့။

အဲ ... ကံထိန်းနတ်များက ကံကုန်လူများကို ဘဘတို့ဆီ လာ ပို့ကြရတယ်။

ဘဘကြီးတို့က ဘယ်လို ဘယ်လိုများ ...

အသခ် စကားမဆက်နိုင်ပြီ။ တုန်တုန်ယင်ယင်ဖြင့် သိလိုရာ မေးလိုက်၏။ လောကပါလ နတ်မင်းကြီးကလည်း ကရုဏာသက်သော မျက်လုံးဖြင့် အသခ်ကို ငုံ့ကြည့်နေ၏။ အင်း ... ဘဘတို့ကလား။

http://www.dhammadownload.com



(၁) မင်း လူ့ပြည်တုန်းက ဘာများ လုပ်ခဲ့သလဲကွယ်။

(၂) မင်း လူ့ပြည်မှာနေစဉ် ဒေဝဒူတသုတ္တန်ကိုကော နာခံမှတ်သားခဲ့ရဲ့လား။

(၃) လူနဲ့ တိရစ္ဆာန်တို့ရဲ့နယ်ခြားဖြစ်တဲ့ ဒါနမှု၊ သီလမှုဘက်ကိုကော လိုက်စားခဲ့ရဲ့လား။

(၄) အဲ့သည် ဒါန၊ သီလ ပြုကျင့်စဉ်တုန်းက ငါတို့ကိုကော အမျှဝေခဲ့ရဲ့လား။

သည်မေးခွန်း လေးမျိုးနဲ့ ဆီးကြိုစစ်ဆေးပေးကြတာပေါ့။

မမှတ်မိဘူး။ မသိဘူး။ မေ့နေပါတယ်ဆိုရင်ကော ဘာဘာ...။

ဒါဆို တကယ်ကောင်း လုပ်ထားတာမှန်တယ်။ မေ့နေတဲ့အခါ၊ အရေးကြုံတဲ့အခါ သက်သေရအောင် တို့ကိုလည်းအမျှဝေထားမယ်ဆို တို့က သက်သေခံ ဖော်ပေးလိုက်ပြီး ကံထိန်းနတ်ကြီးရဲ့ မှတ်ချက်တောင်းရတယ်။

(က) ကံထိန်းနတ်ကြီးက ကောင်းမှုမှာ ဘယ်တုန်းက ကံကစွမ်းအားအကောင်းဆုံး အဲ့ဒီ ကံအရ လူ့ဘုံရောက်ထိုက်ပါတယ်လို့ မှတ်ချက်ပေးလိုက်ရင် ...

(ခ) လူ့ပြည်မှာ ဘယ်မျိုးရိုးထဲကိုလဲ။ ဘယ်ဘာသာဝင်အဖြစ်ကိုလဲ၊ ဘယ်တိုင်းပြည် ဘယ်ဒေသကိုလဲလို့ ထပ်မံပြီး ရှိးရာစောင့်နတ်၊ သာသနာစောင့်နတ်များနှင့် ကုန်းပိုင်၊ ကွင်းပိုင်၊ နယ်ပိုင်များကို ခေါ်မေးရတယ်။ အဲ ... သူတို့က ...

(၁) သည်ကောင်းမှုကို ဘယ်ဘာသာဝင်အဖြစ် ခံယူပြီး ပြုခဲ့ပါတယ်။

http://www.dhammadownload.com



(၂) ဘယ်ဒေသမှာ ဘယ်လူမျိုးဘ၀နဲ့တုန်းက ပြုကျင့်ထားတာ ဖြစ်ပါတယ်။

(၃) သည်လို လာရောက် အစစ်ခံတော့မှ ရိုးရာစောင့်နတ်လက်ထဲ အပ်နှံပေးလိုက်ရတယ်။

(၄) တကယ်လို့ ကံထိန်းနတ်မင်းကြီးက ၎င်း၏ စေတနာစိတ်ထက်သန်မှု လိုက်၍ နတ်ဘ၀ ရောက်သင့်ပါတယ်။ ဘယ်ဌာန၊ ဘယ်ဘုံကိုဆိုလည်း သည်အတိုင်းပေါ့။

မလုပ်မိခဲ့ပါဘူး .... ပျော်သလိုပဲ နေခဲ့ပါတယ် ဆိုရင်ကော ဘဘ ...။

ဒါဆိုရင်တော့လား။

အင်း ... ကံမင်းကြီး၏ မှတ်တမ်းအရ သူနဲ့လိုက်ဖက်ရာ ...

(၁) အချို့ငရဲခန်းထဲ တန်းပို့လိုက်ရတယ်ကွယ်။

(၂) အချို့တိရစ္ဆာန်ကောင်အဖြစ် ဇာတ်သွင်းပေးလိုက်ရတယ်ပေါ့။ အချို့ကျတော့ ဆိုင်းငံ့အဖြစ်နဲ့ပဲ . . .

(၃) (က) ကိုယ်စွဲလမ်းရာ သူ့မမြင် လူမမြင် သာသာလေး သွားကာစ်နေဖို့ ခွင့်ပြုထားတယ်။

(၃) (ခ) အစွဲမရှိ အငြိတွေကျတော့ တူရာမြစ်ချောင်းအင်းအိုင်ပို့ ထားရတယ်။

" ဘဘ ... သား စိတ်တွေ ပူအိုက်လာတယ်။ သား မသိတာတွေ သိခွင့်ရလို့လည်း ဘဘကြီးကို ကျေးဇူးတင်တယ်""

(မဂ္ဂပဋိသံယုတ္တကထာ၊ ၁၉၉၈ ဇန်နဝါရီလ၊
စာ - ၁၉၉ မှ ၁၉၃)

မဇ္ဈိမစာပေတိုက်

http://www.dhammadownload.com



အဲဒီမှာ နတ်တွေ ဘယ်ပုံ အလုပ်လုပ်နေတယ် ဆိုတာထင် ရှား သိသာလောက်ပါပြီ။ လူနဲ့ နတ်တို့ ဆက်စပ်ပတ်သက်နေပုံလည်း မြင် သာပါလိမ့်မယ်။ သက်သေခံလိုက်ရတဲ့ ရိုးရာစောင့်နတ်စတဲ့ နတ်များ ရဲ့ အရေးပါပုံကိုလည်း သတိပြုမိပါလိမ့်မယ်။ ကိုယ်လုပ်တဲ့ အလုပ် အကောင်းအဆိုးကို ဘယ်သူ မသိသိ ကိုယ်စောင့်နတ်က သိပါ တယ်။ ဒါကြောင့် "လူမသိ နတ်သိ" ဆိုတဲ့ စကားဖြစ်ပေါ်နေတာ မဟုတ်လား။ မကောင်းတရားနဲ့ပဲ ဖြစ်စေ ပတ်သက်နေတဲ့ နတ်အသီးသီးကို ကုသိုလ် ကောင်းမှုပြုပြီးတိုင်း မေတ္တာပို့အမျှဝေအပ်တယ် ဆိုတဲ့ အဖြေမှန်ရ လောက်ပြီ ထင်ပါတယ်။

နတ်အသီးသီးထဲမှာ ကျွန်တော်တို့ကြားဖူးနားဝ မရှိခဲ့တဲ့ "ကံ ထိန်းနတ်၊ ကံစောင့်နတ်" ကိုလည်း "နတ်အသစ်" သဖွယ် သတိပြုမိ လိမ့်မယ်လို့ မျှော်လင့်ရပါကြောင်း ...။

http://www.dhammadownload.com



# ဘာ့ကြောင့် အိမ်မြှောင်စုတ်ထိုး

အိမ်ရှိလျှင် အိမ်မြှောင်ဆိုတာ ရှိတတ်စမြဲ။ သူ့ စုတ်ထိုးသံ ကြားရတတ်စမြဲ။

အိမ်မြှောင်စုတ်ထိုးသံကိုလည်း လူတွေ အတိတ်ကောက်ကြ လေ့ရှိတတ်ကြရဲ့။

ဘာကြောင့် အိမ်မြှောင်စုတ်ထိုးပါသလဲ။ အိမ်မြှောင် စုတ်ထိုး ခြင်းဟာ နတ်တွေနဲ့ ပတ်သက်နေတတ်ကြောင်း ဆရာတော်ဘုရား ကြီးက ဒီလိုရှင်းပြထားပါတယ်။

မိဘနဲ့သားသမီး၊ ဆရာနဲ့ တပည့်၊ လင်နဲ့မယား ဆက်ဆံ ရေးမှာ လိုက်လျောမှု မရှိခဲ့လျှင် တကျက်ကျက်ဖြစ်ပြီး ကျက်သရေ မင်္ဂလာလည်း ပျက်တတ်တယ် ဆိုပါတယ်။

http://www.dhammadownload.com



" ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်တွေ နားမခံသာ၊ ကံထိန်းနတ်၊ ဥစ္စာစောင့်နတ်တွေလည်း နားမခံသာ။ နတ်တို့ နားမခံသာလို့ ရှောင်သွားမည်။ သို့မဟုတ် လက်ပိုက်ကြည့်နေမည် ဆိုပါက အဲ့ဒီ အိမ် စီးပွားမတတ် နေသမျှ လူစိတ်မအေးရ၊ လာသမျှ ညှော်မဆက်ဆံ ချင်ဖြစ်ပြီ သားတို့ သမီးတို့ ..."

လူတွေအပေါ် လူအုပ်ချုပ်ရေး ရှိသလို နတ်တွေအပေါ် နတ်အုပ်ချုပ်ရေးလည်း ရှိသေး၊ လူလူချင်း အုပ်ချုပ်တဲ့ လူမင်းကိုတော့ လောကနတ် ခေါ်ရတယ်။ လူ အုပ်ချုပ်တဲ့ နတ်မင်းများကိုတော့ သမ္မုတိနတ် ခေါ်ရတယ်။ လောကသုံးပါး ရှေ့ဆောင် လမ်းပြတော်မူတဲ့ ဘုရားရှင်ကိုတော့ "ဝိသုဒ္ဓိနတ်" ခေါ်ရတယ်။ အဲ့ဒီ သမ္မုတိနတ်မျိုးထဲမှာ "ကိုယ်စောင့်နတ်" က ရပ်ကွက်အုပ်ချုပ်ရေးမင်းနဲ့ တူတယ်။ "အိမ်စောင့်နတ်" က အိမ်ထောင်ဦးစီး မိဘများနဲ့ တူတယ်။ ကံထိန်း (မိမိ ဘဝရဲ့ ကောင်းကံ ဆိုးကံ မိမိစေတနာ ဖန်တီးထားတိုင်းကို တွက်ချက်ကာ ဆု ပေး ဒဏ်ပေးတဲ့) နတ်က အလုပ်ရှင်နဲ့ တူတယ်။

ဥစ္စာစောင့် (မိမိရဲ့ လက်ရှိပစ္စည်း၊ အတိတ်က မြှုပ်နှံပစ္စည်းများကို စောင့်ရှောက်ပြီး ပေးသင့်ချိန်၊ သိမ်းသင့်ချိန် တွက်ချက်ကာ ဆု ပေး ဒဏ်ပေးတဲ့) နတ်က ထိုအလုပ်ရှင်ရဲ့ဇနီးနဲ့ တူတယ်။ သားတို့ သမီးတို့က လုပ်သားတွေနဲ့ တူတယ်။ သူတို့ကမှ စီးပွားတက်တာ သူတို့ကူလျှင် စီးပွားကျစေဦးတော့ ခွေးကျ မကျတတ်။ သူတို့ကို ယုံလည်း ယုံမယ်၊ ရှိသေလည်းရှိသေမယ် ဆိုလျှင် သူတို့ပျော်လေ ရဲ့၊ သူတို့ ပျော်လို့ သားတို့အပေါ်စေတနာ သက်ရောက်လာလျှင် စီးပွားရေး အဆင်ပြေ၊ အိမ်ထောင်ရေးအခြေလှ၊ လူမှုရေးတွေမှာ မျက်နှာပန်းလှရော။ အဲ့ ...

http://www.dhammadownload.com



သူတို့နောင့်ယှက်လျှင်တော့ အရုက်တကွဲ အကျိုးနည်းပဲ။

သားတို့၊ သမီးတို့ ...

အိမ်တစ်အိမ်မှာ ညနေ နေဝင်ခါနီးကွဲ။ မီးဖိုချောင် စီးပွား သိုလှောင်ရာ အရပ်တို့က အိမ်မြှောက်စုတ်ထိုးသံကြားလျှင် အဲ့ဒါ သူတို့က သားတို့အတွက် စားသုံးဖို့ ပစ္စည်းလာထားတာတဲ့။ အချို့အိမ် ဆန်အိုး ဆန်မလျော့၊ ဆီအိုး ဆီမလျော့ ဖြစ်တတ်တယ်။ နမော်နမဲ့မို့ မသိကြတာ။ တစ်ခါတစ်ရံသူ ထားသလို ကိုယ်ထားသလိုလိုနဲ့ ငွေများ လည်း ရတတ်တယ်။ အမှတ်မထင် ရွှေ၊ ကျောက်မျက်စလေးများ လည်း ကောက်ရစေတတ်တယ်။ နတ်မတယ် ဆိုတာ နားကင်းကြီးနဲ့ ရှော့၊ အင့် မျိုး မဟုတ်ဘူး။ အိမ်ရှေ့ခန်းက စုတ်ထိုးလျှင် မင်းမှုစိုးမှုများနဲ့ စကားများတတ်သတဲ့။ အိမ်လယ်ခန်းက စုတ်ထိုးလျှင် သားကိစ္စ၊ သမီး ကိစ္စ စကားပြောရတတ်သတဲ့။ အိပ်ခန်းထဲက စုတ်ထိုးလျှင်တော့ လင် မယားချင်းရန်ဖြစ်ကြကရော။ အိမ်မြှောင်ဆိုတာ ရှာန်ကွက် (ကသိုဏ်း ကွက်) ဝင်နေတဲ့ မျက်လုံးရှင်ဆိုတော့ သူတို့ (နတ်)လာတာ မြင်ရ သိရသတဲ့။

(မင်္ဂလာတရားကထာ၊ ပ-အကြိမ်၊

၉၄ မေ၊ စာ ၁၃၂-၁၃၃၊)

ဒါကြောင့်အိမ်မြှောင်စုတ်ထိုးသံ ဆိုတာ လူနှင့်နတ်တို့ရဲ့ဆက် သွယ်ရေး အချက်ပြ သင်္ကေတသဖွယ်လည်း ရှိပါတယ်။ လူချမ်းသာ၊ နတ်ချမ်းသာ ဆိုတာလည်း အပြန်အလှန် ဆက်သွယ်နေတာမို့ လူတို့ ဘက်က ကောင်းအောင်နေပြဖို့ အရေးကြီးတယ်လို့ ဆိုသင့်လှပါ တယ်။

မဉ္ဇူမစာပေတိုက်

http://www.dhammadownload.com



# ဗုဒ္ဓဘာသာဝင်တွေ ဘာကြောင့်အရှေ့အရပ်ကို ခေါင်းတော်ပြီး အိပ်ကြသလဲ

ဗုဒ္ဓဘာသာဝင်တွေဟာ အရှေ့အရပ်ကို ခေါင်းပြု ခေါင်းတော်ပြီး အိပ်ကြလေ့ရှိပါတယ်။ ဒါဟာ မိရိုးဖလာ အစဉ်အလာဓလေ့ထုံးတမ်းတစ်ရပ်လည်း ဖြစ်နေပါပြီ။ နှိုက်နှိုက်ချွတ်ချွတ် မေးတတ်လေ့ ရှိတဲ့ငယ်စဉ်ကပင် ဘာဖြစ်လို့ အရှေ့အရပ်ကို ခေါင်းတော်ပြီးအိပ်ရသလဲဆိုတာ လူကြီးတွေကို မေးကြည့်ခဲ့ဖူးပါတယ်။ အဖြေက မတင်မကျနဲ့ပါပဲ။ ကြီးလာတော့လည်း သဲကွဲရေရာတဲ့ အဖြေမျိုး မရခဲ့ပါ။ ဆရာတော်ဘုရားကြီးရဲ့ဩဝါဒခံတပည့် ဖြစ်လာပြီးချိန်မှာတော့ ဒီအဖြေကိုကြောင်းကျိုးဆက်နွှယ်လည်းနွှင့် ရခဲ့ပါတယ်။

အရှေ့ကို ခေါင်းတော်ပြီး အိပ်တာ နေရဲ့အတက်ဓာတ်ကို ရအောင်လို့တဲ့ . . . ။

အဖြေက တိုတိုကလေးပါ။ ဓာတ်သဘောကိုနည်းနည်းဆက်

http://www.dhammadownload.com



ပြောမှ ဝိုပြီး နားလည်မယ် ထင်ပါတယ်။ ဓာတ်ဆိုတာ သူ့သဘော သူ ဆောင်နေတာကို ဓာတ်လို့ ခေါ်ပါတယ်။ နေရဲ့သဘောက အရှေ့က ထွက်တယ်။ တဖြည်းဖြည်း မြင့်တတ်ထွန်းလင်းတောက်ပလာတယ်။ အဲ့ဒီ နေရဲ့သဘော (ဓာတ်)ကို ကူးယူတာပါ။ ဓာတ်ကူးတယ်ဆိုတဲ့ စကား ကိုလည်း ကြားဖူးမှာပါ။ တညင်းသီး ဆားရည်စိမ်မှာ တညင်းသီးထဲ အငန်ဓာတ်တွေ ပျံ့နှံ့စိမ့်ဝင်ကူးစက်သွားတဲ့ သဘောပါ။ ဟိုမှာဘက်က လူတစ်ယောက် သံပရာသီး စားနေတာကို မြင်ရုံနဲ့ ဒီမှာဘက်က လူရဲ့ ပါးစပ်ထဲ ချဉ်လာပုံမျိုးဟာ ဓာတ်ကူးတာပေါ့။ တချို့များ သံပရာသီး ဆိုတဲ့ အသံကြားရုံနဲ့ ချဉ်လာပါတယ်။

မီးခလုတ် ဖွင့်လိုက်တာနဲ့ ဝါယာကြိုးတစ်လျှောက်လျှပ်စစ် ဓာတ် စီးသွားပြီး မီးသီးလင်းလာတာ ဓာတ်ကူးတာပါပဲ။ သံလိုက်တုံးမှာ ကြာကြာကပ်ထားတဲ့ သံပစ္စည်းတွေမှာ သံလိုက်ဓာတ် စီးဝင်နေပုံမျိုး ဟာလည်း ဓာတ်ကူးတာပါပဲ။ လဆန်း လဆုတ်ရက် လိုက်ပြီး ဒီရေ အတတ်အကျ ဖြစ်နေတာလည်း ဓာတ်သဘောပဲ ဖြစ်ပါတယ်။ တီဗွီ တိုင်တွေ၊ စလောင်းတွေကို အသံလှိုင်း လာရာအရပ်ဆီ ဦးလှည့်ပေး ထားတာလည်း လေထဲက ရုပ်သံဓာတ်တွေကို ဖမ်းယူဖို့ ဖြစ်ပါ တယ်။

အဲ့ဒီ ဓာတ်သဘောကို လက်ခံရင် "အရှေ့ကို ခေါင်းတော်ပြီး အိပ်တာ နေရဲ့အတက်ဓာတ်ကို ရအောင်လို့" ဆိုတဲ့ အဖြေကိုလည်း ကျေနပ်လိမ့်မယ် ထင်ပါတယ်။

ဒါနဲ့ တစ်ဆက်တည်း "မွန်းလွဲပိုင်းမှာ ဘာကြောင့် အသုဘချ ရသလဲ" ဆိုတဲ့ ဆန်းစစ်ချက်ရဲ့အဖြေမှန်လည်း ထွက်ပေါ်လာပါတယ်။ မွန်းလွဲပိုင်း ဆိုတာ နေကျချိန်။ အသုဘ ဆိုတာလည်းအကျမှ တကယ့်

http://www.dhammadownload.com



အကျ၊ တစ်ဘ၀ ကျသွားချိန်မှာ နေရဲ့အကျဓာတ်နဲ့ အတူလိုက်ရပေး လိုက်ရတာ ဖြစ်ပါတယ်။ နေတက်ချိန်မနက်ပိုင်းမှာ လူရဲ့စိတ်ကလည်း တဟုန်းဟုန်းတက်ပြီး ရုပ်ကိုယ်ကလည်း စိတ်တက်သလောက် တက်ပြီး အလုပ်များများလုပ်နိုင်ပါတယ်။ နေကျတော့ စိတ်ကျ၊ နေညိုတော့ စိတ်ညှိုးပြီး ညရောက်လို့ အအေးဓာတ်ဝင်လာမှ စိတ်လည်း အေးကြည်လာရပါတယ်။ လသာညဆိုရင် လရဲ့အအေးဓာတ်ကူးပြီး စိတ်လည်း ပိုအေးကြည်သာနေတတ်ပါတယ်။

လူတွေရဲ့စိတ်ဟာ နေဓာတ်၊ လဓာတ်တွေနဲ့ သာမကဂြိုဟ်တာရာ နက္ခတ်တွေနဲ့ပါ ဆက်စပ်နေတတ်ပါတယ်။ ဒီသဘောကတော့ ကျယ်ပြောလှပြီး "အရှေ့ကို ခေါင်းတော်အိပ်တာ နေရဲ့အတက် ဓာတ်ရအောင်လို့" ဆိုတဲ့ အဖြေတစ်ခုနဲ့ပဲ ကျွန်တော်ဖြင့် ဘဝင်ကျလှပါပြီ။

http://www.dhammadownload.com



# ဘုရားစေတီတွေကို ဘာကြောင့်ရွှေချ ရွှေသင်္ကန်းကပ်ရသလဲ

ဘုရားစေတီရယ်လို့ တွဲခေါ်တဲ့အထိ ဘုရားနဲ့စေတီ သီးခြားစီ မဟုတ်တော့ဘဲ နှောင်းခေတ် တည်ထားသော စေတီများပင်လျှင် မြတ်စွာဘုရားရဲ့ကိုယ်စားတော်များ အဖြစ် ကြည်ညိုကိုးကွယ်ရာ ဖြစ်လာပါတယ်။ ဘုရားစေတီ အတော်များများဟာ ရွှေချ၊ ရွှေသင်္ကန်း ကပ်ထားပြီး မှန်စီ မှန်သင်္ကန်းကပ်ထားတဲ့ ဘုရားများကိုလည်း ဖူး. ဖူးကြပါလိမ့်မယ်။ တချို့ဘုရားတွေကတော့ ရွှေတစ်ဝက်၊ မှန်စီတစ်ဝက် ဖြစ်ပါတယ်။ အဲ့ဒီလို ဘာကြောင့် ခြားနားနေရပါသလဲ။ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးထံမှ ဒီလိုကြားနာခဲ့ရဖူးပါတယ်။

မဟာဗောဓိမြိုင်

http://www.dhammadownload.com



ဘုရားတစ်ဆူလုံး ရွှေချ၊ ရွှေသင်္ကန်းကပ်ထားတာ မေတ္တာရဲ့ သင်္ကေတ၊ ဒီဘုရားတည်သူဟာ မေတ္တာပါရမီကိုအထူးဖြည့်ဆည်း သွားပါတယ်လို့ သက်သေထူခဲ့တာ။ မေတ္တာဆိုတာ အအေးဓာတ်။ ဒါကြောင့် "လ" နဲ့ ထပ်တူပြုလေ့ ရှိတယ်။ လရောင်ဆိုတာ ရွှေရောင် ပဲမဟုတ်လား။ ဒါကြောင့် သာသနာပြုပုဂ္ဂိုလ်တွေ တည်သွားတဲ့ ဘုရား များ ဖူးရရင် ရွှေသင်္ကန်း ကပ်ခဲ့လို့ကတော့ မေတ္တာကိုအားပြုလုပ်ကိုင် သွားတယ်လို့ သဘောပေါက်ပြီး မိမိကလည်း မေတ္တာအလုပ်ကို အဓိက ထားပြီး လုပ်ရမယ်။ ဒါမှ ဓာတ်အမှန်ကို ရမယ်။

ဘုရားတစ်ဆူလုံး မှန်စီ၊ မှန်သင်္ကန်း ကပ်ထားတာ ဂ သစ္စာကို ကိုယ်စားပြုတယ်။ သစ္စာဆိုတာ မှန်လို့ ဆိုတယ် မဟုတ်လား။ သစ္စာဆိုတာ စူးရှထက်မြက်လို့ "နေ" နဲ့ နှိုင်းလေ့ရှိတယ်။ နေရဲ့အရောင် ကလည်း စူးစူးရဲရဲတောက်တောက်ပြောင်ပြောင်မှန်နဲ့ သဘောချင်း မတူပေဘူးလား။ ဒါကြောင့် မှန်စီ၊ မှန်သင်္ကန်းကပ်ထားတဲ့ ဘုရားများ ဖူးရပြီဆိုရင် ဒီဘုရားတည်သွားတဲ့ သာသနာပြုပုဂ္ဂိုလ်ဟာ သစ္စာပါရမီ ဖြည့်သွားတယ်။ သစ္စာကို အားပြု လုပ်ကိုင်သွားတယ်လို့ သဘော ပေါက်ပြီး ကိုယ်ကလည်း သစ္စာအလုပ်ကို အဓိကထားပြီး လုပ်ရမယ်။ ဒါမှ အောင်မယ်။

ရွှေတစ်ဝက်၊ မှန်တစ်ဝက် တည်ထားခဲ့ရင်တော့ မေတ္တာ သစ္စာပေါင်းပြီး အားထုတ်သွားတယ်လို့ နားလည်ရတယ်။ ဘုရားစေတီ ရဲ့အောက်ခြေကို ရွှေချထားရင် မေတ္တာကို အခြေခံတဲ့သဘော၊ ဘုရား စေတီ အောက်ပိုင်းကို မှန်စီထားရင်တော့ သစ္စာအခြေခံပြီး လုပ်သွား တာ။ ကိုယ်က ဘုရားဖူးပြီး အားထုတ်လုပ်ကိုင်တော့မယ် ဆိုရင်တော့

http://www.dhammadownload.com



ဒီသဘော လိုက်ပြီး အားထုတ်တဲ့အခါ ထိရောက်မှု ရှိတာပေါ့လို့ သာစည်ရွှေကျောင်း ကုန်းတောင်မှာ ဆရာတော်ဘုရားကြီးက အမိန့် ရှိဖူးပါတယ်။

ဒါက သာသနာပြု ပုဂ္ဂိုလ်များရဲ့ မူလဓာတ်သဘော ရည်ရွယ် ချက်ပါ။

ဒီနေ့ ကျွန်တော်တို့ ဘုရားရောက်လို့ ရွှေသင်္ကန်း ကပ်ကြ၊ ရွှေသင်္ကန်း အလှူငွေ ထည့်ကြတာကတော့ သဒ္ဓါကြည်ညိုမှု တစ်ခု တည်းအပေါ်မှာ အရင်းခံတယ် မဟုတ်ပါလား။

http://www.dhammadownload.com



# ၄၉ ရက် အဓိဋ္ဌာန် ဘာကြောင့် ဝင်ကြသလဲ

အကျင့်စခန်းမှာ အဓိဋ္ဌာန်သမား အတော်များများ ၄၉ ရက် အဓိဋ္ဌာန်ဝင်လေ့ ရှိကြပါတယ်။ အဲ့ဒါဘာ့ကြောင့်ပါလဲ။ မဟာဗောဓိမြိုင် ဆရာတော် ဘုရားကြီးက ပြုံးပြုံးအေးအေးနဲ့ ဒီလို အဖြေပေးတော်မူ ခဲ့ပါတယ်။

"ဘုရား အရိယာတို့ မည်သည် ... ကျင့်ကတည်းက ကိုယ့် အတွက် မဟုတ်ဘူးဗျ။ သတ္တဝါ ဝေနေယျများအတွက်၊ ခုနစ်ရက်သား သမီးများ အတွက်ဗျ။ ခုနစ်ရက် သားသမီးများအတွက်ဆိုတော့ ခွန် ခွန် နှစ်လီ ၄၉ မို့လားဗျ။ အဲ့ဒါကြောင့် ၄၉ ရက် အဓိဋ္ဌာန် ဝင်ပြီးဆိုကတည်းက ခုနစ်ရက်သားသမီးအတွက် အလုပ်လုပ်ရတယ်" လို့ အစချီပြီး ...

"ဘုရားရှင် ကိုယ်တော်မြတ်ကြီးက စပြီး ၄၉ ဂဏန်းကို သုံး သွားတာပဲ ..."

http://www.dhammadownload.com



"ဘုရားအဖြစ်ရောက်တော်မူမည့်နေ့ မဟာသတ္တရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ မနက်စောစော သုဇာတာ သူဌေးသမီးကပ်တဲ့ ယနာနို့ဆွမ်းကို ဘုဉ်းပေးတာ ဘယ်နှလုံးလဲဗျ"

"၄၉ လုတ်ပါ ဘုရား ..."

""အဲ့ဒါ ခုနှစ်ရက် သားသမီးအကျိုး လောကအကျိုး ရည်ညွှန်း တာပဲဗျ။ ဘုရားဖြစ်တော့ကောဗျာ။ တောဓိပင်နဲ့ ရွှေပလ္လင်ကစပြီး သတ္တ ဌာန ခုနှစ်ဌာန သီတင်းသုံးသွားတယ် မဟုတ်လား။ တစ်ဌာန တစ်ဌာနစီ မှာလည်း ဘယ်နှစ်ရက် သီတင်းသုံးသွားတာလဲဗျ"

"ခုနှစ်ရက်ပါ ဘုရား"

"ခုနှစ်ဌာန ခုနှစ်ရက်စီ ဆိုတော့ ခုနှစ်ရက်သားသမီး ကယ် ချွတ်ဖို့ ရည်ရွယ်တော်မူတာပဲ။ ဒါလည်း ခုနှစ်ဌာန၊ ခုနှစ်ရက်စီဆိုတော့ ၄၉ ပဲမဟုတ်လား။ ဒါကြောင့် နောင်းခေတ် အဓိဋ္ဌာန်သမား တွေဟာ လည်း ဘုရားသာသနာမှာ ဘုရားလမ်းစဉ်လိုက်ပြီး ၄၉ ရက် အဓိဋ္ဌာန် ဝင်ကြလေ့ ရှိတယ်" လို့ ကြောင်းကျိုးညီညွတ်စွာ ရှင်းပြတော်မူပါတယ်။

ဒီတော့မှ အကျင့်စခန်းမှာ ၄၉ ရက် အဓိဋ္ဌာန် ဘာကြောင့် ဝင်ရ တယ် ဆိုတာ ရှင်းရှင်းလင်းလင်း သိမြင်ခွင့်ရခဲ့ပါတယ်။

"ဘုရား အရိယာတို့ မည်သည် .... ကျင့်ကတည်းက ကိုယ့် အတွက် မဟုတ်ဖူးဗျ။ သတ္တဝါဝေနေယျများ အတွက်၊ ခုနှစ်ရက်သား သမီးများအတွက်" ဆိုတဲ့ ဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားသံက ရင်မှာ အမြဲပဲ့တင်ဆဲ။

http://www.dhammadownload.com



# ဘာကြောင့် အရှေ့မျှော်ရသလဲ

ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူပြီး သဗ္ဗညုတရွှေ ဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ် ပွင့်တော်မူချိန်မှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ အရှေ့အရပ်သို့ မျက်နှာတော်မူ၍ ပွင့်ခဲ့ပါ တယ်။ ဝန်းကျင်အရပ် ရှစ်မျက်နှာမှာ ဘာကြောင့်အရှေ့အရပ်ကို မျက် နှာမူပြီး ပွင့်တော်မူခဲ့ပါသလဲ။ ဒါလည်း အကြောင်းရှိပါတယ်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးက ...

"တို့ မြန်မာပြည်က မဇ္ဈိမဒေသရဲ့ အရှေ့အရပ်မှာ ရှိတာ။ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးရင် ဘုရားပွင့်ရာ အရပ်မှာ တစ်စ တစ်စ သာသနာဆိတ်သုဉ်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြိုသိတော်မူ

http://www.dhammadownload.com



ခဲ့တယ်။ အဲ့ဒီတုန်းက ပစ္စန္တရစ် ဖြစ်တဲ့ တို့မြန်မာပြည် အရှေ့အရပ် ဒေသတွေမှာ နောင်အခါ သာသနာတော်ထွန်းမှာကိုလည်း မျှော်ကြည့်ခဲ့တဲ့သဘော" လို့ ရှင်းပြခဲ့ဖူးပါတယ်။

"ဘုရားရှင်တို့မည်သည် ရှေ့သို့ အညွန့်ထွက်စေတဲ့ တရားမျိုးကိုသာ ဟောလေ့ရှိတယ်" လို့လည်း ထောက်ပြခဲ့ဖူးပါတယ်။

ဟုတ်ပါတယ်။ မြတ်စွာဘုရား တရားတော်တွေက တစ်ဆင့်သာ အင္ဂုတ္တရအဋ္ဌကထာ စတဲ့ ကျမ်းကြီးကျမ်းမြတ်တွေ စဉ်ဆက်မပြတ် အညွန့်ထွက်ခဲ့တာ ဒီနေ့ခေတ်တိုင် မဟုတ်ပါလား။

" ဘုရားရှင်သည် နွေဦးစ သစ်ကိုင်းများ၏ အညွန့် နီနီထွက်သကဲ့သို့ ရှေ့သို့ အညွန့်ထွက်စေသော တရားတော်တို့ကိုသာ ဟောခြင်း၊ ပွင့်သောကာလ၌လည်း အရှေ့သို့လှည့်၍ ပွင့်ခြင်းများကြောင့် ရှေးခေတ် ဘုရားတည်ရာ၌ ဘုရားကိန်းဝပ်ရာ မုခ်ဦးသည် အရှေ့ဘက်မှာသာ ရှိချေ၏။ ငါတို့ ခေတ်နောင်း၌ကား မိမိက ဘုရား ခြေတော်ရင်းမှနေ၍ ကြည်ညိုလိုသောကြောင့် မုခ်တို့သည် အနောက်လှည့်ကြလေ့ရှိပြန်၏။ စင်စစ် အရှေ့မျှော်သည် အနောက်မျှော်ထက် အဓိပ္ပာယ်ပြည့်ဝသည်ကို သဘောပေါက်သင့်ပြီတည်း။

(အနုပုဗ္ဗိကကထာ၊ ၉၆၊
မတ်လ၊
တ - ၁၇၉၊)

http://www.dhammadownload.com



# ပိတ်ဖြူ၊ ပိတ်ညို၊ ပိတ်ဝါ ဘာကြောင့်ဝတ်

ဘာဝနာလမ်း အကျင့်စခန်းတွင် ပိတ်ဖြူ (ဝတ်ဖြူစင်ကြယ်)၊ ပိတ်ညို၊ ပိတ်ဝါ (သင်္ကန်း) ဆင်မြန်းအားထုတ်နေသူများကို တွေ့ရှားကြပါလိမ့်မယ်။ ဘာ့ကြောင့်ဒီလို ဝတ်ဆင်ရတယ်ဆိုတာကို ဆရာတော်ဘုရားကြီးက ဒီလို ရှင်းပြထားပါတယ်။

သူတော်ကောင်း အမည် ခံယူပြီး သူတော်ကောင်းမှန်း သိအောင် အများတို့ကို အသိပေးကြေငြာရာမှာ ...

ပိတ်ဖြူဖြင့် အလံစိုက်ထားလေသူ တစ်ယောက်

ပိတ်ညိုဖြင့် အလံထောင်ထားလေသူ တစ်ယောက်

ပိတ်ဝါဖြင့် အလံလွှင့်ထားလေသူတစ်ယောက် (တစ်ပါး)

ဒီလို သုံးမျိုးသုံးစား သားတို့ တွေ့မိမြင်မိကြ မဟုတ်လား။ ဘာကို ဆိုလိုပါသလဲ။ သားတို့ သိအောင် မှတ်ထား။

http://www.dhammadownload.com



ဝိတ်ဖြူဝတ်က သူမှာ သီလစင်ကြယ်ပါကြောင်း ပြောတာ။ ဝိတ်ညိုကတော့ သမာဓိရှင် ပါလို့ဆိုတာ။ ဝိတ်ဝါကတော့ သူမှာ ပညာရှိသူ ဖြစ်ကြောင်းအသိပေး တာပဲ။ အဖြူမှာ သီလပါဝင်နေလို့ သတိကို တိုးတတ်စေတယ်။ အညို ကြည့်မိလျှင် သမာဓိရှိလို့ ဝီရိယတိုးစေတယ်။ အဝါကို ကြည့်မိလျှင် တော့ ပညာပါဝင်နေလို့ သဒ္ဓါကို တိုးပွားစေတယ်။ အဝါရောင် သင်္ကန်းက ဖူးမြင်သူတို့ရဲ့ သဒ္ဓါကို လွှမ်းခြုံပေးနေတယ်လို့ ဆိုလိုတယ် သားတို့ ...။

ဒီမှာ ပညာရှင်မှာ သမာဓိ၊ သီလပါမှ ဖြစ်တာဆိုတော့ သူ့ မှာ သီလရော၊ သမာဓိရော၊ ပညာရော သိက္ခာစုံ အကုန်ရှိကြောင်း ဖော်ကျူးပြီးသားပဲ။ သမာဓိရှင်များ သီလပါမှ ဖြစ်တာမို့ သိက္ခာနှစ်ပါး ဆောင်ထားသူသာ ဖြစ်ကြောင်း ဖွင့်ဟနေတာ။ သီလရှင်မှာတော့ အခြေတည်စ ဖြစ်သေးတော့ ရှေ့တက်ရန် တာစူနေပါကြောင်း သက်သေခံနေတာပဲ သားတို့။

ဒါကြောင့် ဝိတ်ဖြူဝတ်သူတော်စင်တွေ့လျှင်

"သြော် ... သူက သီလစခန်းက သူပေပဲကိုး" လို့ အသိအမှတ်ပြုကြရမယ်။

ဝိတ်ညိုဝတ် သူတော်ကောင်းတွေ့လျှင်တော့

" သြော် ... သူကတော့ သမာဓိစခန်းထိ တိုးတတ်နေတဲ့ သူပေပဲကိုး" လို့ ရှိသေရမယ်။

အဲ့ ... ဝိတ်ဝါဝတ်သူမြတ် လောင်းများ ဖူးတွေ့မိလျှင်တော့

" သြော် ... သူက သိက္ခာစုံလို့ နိဗ္ဗာန် ကူးဖို့စောင့်ဆိုင်းနေတဲ့ သိက္ခာရှင်ပေပဲကိုး" လို့ အသိအမှတ် ပြုပြီး ဖူးမြင်တတ်ရမယ်။

http://www.dhammadownload.com



ဒါက သူ့ဂုဏ်ရှိမှ ဝတ်တာမျိုးကို ဆိုလိုတာ။

အများဝတ်လို့ လိုက်ဝတ်တာမျိုး ပြောတာမဟုတ်ဘူး။ ဂုဏ်မရှိဘဲ ဂုဏ်ရောင်တင်မိလျှင် သစ်ပင် အဝတ် ချိတ်ဆွဲသလိုပဲ ဖြစ်မှာပေါ့။

(မင်္ဂလာတရားကထား၊
ပ-ကြိမ်၊ ၁၉၉၄၊ မေ၊
စာ-၁၃၈)

http://www.dhammadownload.com



# ဘာ့ကြောင့်ရေစက်ချ

ကုသိုလ် ကောင်းမှုတွေ ပြုပြီးတိုင်း အထူးသဖြင့် အလှူဒါန ပြုပြီးတိုင်းမှာ ရေစက်ချ အမျှဝေလေ့ရှိတာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု တစ်ခုပါ။ မိမိတို့ရဲ့ ကုသိုလ်ကောင်းမှုများကို ဝသုန္ဒြေမြေစောင့်နတ်ကို သက်သေပြုရတဲ့အနေနဲ့ ရေစက်ချတယ် ဆိုတာတော့အများ သိပြီး ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီး ရေစက်ချ အဓိပ္ပာယ်ကို ဖွင့်ဆိုပုံ ကတော့ ...

ကိလေသာ အပူမီးတွေကြားက ရုန်းထွက်နိုင်အောင်၊ လောကဓံကို တရားရှိရှိနဲ့ ရင်ဆိုင်နိုင်အောင် မိမိတို့ စိတ်ကလေး ကြည်နေ အေးနေ တည်ငြိမ်နေရတယ်။ ရေလို ကြည်ပြီး ရေလိုအေးနေပါမှ မိမိတို့ ဒါနမှုဟာ အစွဲအငြိတွေက လွတ်မြောက်စင်ကြယ်တယ်။ အလှူဒါန စင်ကြယ်မှ အကျိုးပေးတယ်။ ဘယ်အထိ အကျိုးပေးမလဲ ဆိုတော့

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ကြောင်း အကြောင်း အထောက်အပံ့ ဖြစ်စေတဲ့အထိ အကျိုးပေးမယ်။

ရေစက်ချနေစဉ် အခါမှာလည်း ရေစက်ခွက်ထဲက ရေတွေ "ရှိရာမှ မရှိရာသို့" သွားနေတဲ့သဘော။ ဖြစ်ပျက်နဲ့ အနိစ္စလက္ခဏာကို ဆင်ခြင်မိတတ်ပါစေ၊ ဉာဏ်ဦးစီးတဲ့ ကုသိုလ်မျိုးသာ နိဗ္ဗာန်ထိ အကျိုးပေးနိုင်တာ။

ရေစက်ချတဲ့ ဓလေ့ ဘယ်အချိန်က စခဲ့သလဲ ဆိုရင်တော့ ဝေဿန္တရာမင်းကြီးက စခဲ့တယ်လို့ ပြောရမယ်။ ဝေဿန္တရာမင်းကြီးဟာ သားတော်၊ သမီးတော်တို့ကို ပုဏ္ဏားကို လှူတဲ့အချိန်မှာ သူ့နှလုံးဟာ အင်မတန် ပူလောင်နေတယ်။ ဒါကြောင့် ရေစက်ချပြီးရေရဲ့အေးတဲ့ အထိအတွေ့ဌာတစ်ဆင့် ဓမ္မဓာတ်ရဲ့အေးမြတဲ့သဘော၊ သောကစတဲ့ ကိလေသာအပူကို အေးငြိမ်းအောင်နိုင်တဲ့ ဓမ္မဓာတ်ကို ကူးယူရတယ်။

ဒီဘက်ခေတ်မှာကျတော့ သားတွေ၊ သမီးတွေ ပေးလှူပစ်တဲ့ အထိ မရက်ရောနိုင်ပေမယ့် လှူတဲ့ အလှူတွေမှာ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ မာနစတဲ့ ကိလေသာ မကင်းကြဘူး။ ကိလေသာ မကင်းသမျှ ပူနေမှာပဲ။ ဒါကြောင့် ပူနေတဲ့စိတ်ကလေး ရေလိုအေးပြီး ရေလို ကြည်အောင် ရေစက်ချနေစဉ်မှာ စိတ်တည်ငြိမ်အောင်ထားနိုင်ရမယ်။ ခုနပြောသလို ခွက်ထဲက ရေတွေ "ရှိရာမှ မရှိရာသို့" သွားနေတဲ့ ဖြစ်ပျက်သဘောကိုလည်း ဒီရေစက်ချကပဲ ဆင်ခြင်ကြရလိမ့်မယ်။ ဒါက တရားသဘောအရ ဘာ့ကြောင့် ရေစက်ချရတယ် ဆိုတာပါပဲ။

(၁၃-၃-၉၇ သာစည်မြို့နယ်၊ လှိုင်းတက်စည်သွပ်စက်ရုံတရားပွဲ။)

မဂ္ဂဇင်းစာပေတိုက်

http://www.dhammadownload.com



# ဩကာသနဲ့ ဘာကြောင့်ကန်တော့

ဩကာသ ... ဩကာသ ... ဩကာသ ...

ဩကာသ ကန်တော့ရိုး ရွတ်ဆို ပူဇော်သံတွေဟာ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံး အိမ်တိုင်းဧစ္စမှာ ကြားရလေ့ ရှိတဲ့ အသံများ ဖြစ်ပါတယ်။ သားသမီးတွေ ရလာလို့ စကားပြောတတ်စအရွယ်မှာကတည်းက ကျွန်တော်တို့ ပထမဆုံး သင်ကြားပေးလေ့ရှိတာ "ဩကာသ ... ဩကာသ ..." နဲ့ ဩကာသက စပြီး မွေအမွေကို စတင်ပေးဝေလေ့ ရှိတတ်ပါတယ်။ အင်မတန် ချစ်စရာကောင်းတဲ့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုမြန်မာမှု တစ်ခုပါပဲ။ သို့ သော် ကြီးလာတော့ ... ကြီးလာတော့လည်း ဩကာသကို ကျယ်ကျယ်လောင်လောင် ရွတ်ဆိုပြီး ကန်တော့ကြမြဲ၊

http://www.dhammadownload.com



ကန်တော့ကြဆဲ ဖြစ်ပေမယ့် ဘာ့ကြောင့် ဩကာသ ကန်တော့ရိုးနဲ့ ရှိတ်ဖတ်ပူဇော်ရတယ်ဆိုတာ ကျိုးကြောင်း နိုင်လုံစွာ မသိခဲ့ပါ။ မိရိုးဖလာ အစဉ်အလာတိုင်းသာလျှင် ခရီးနှင်ခဲ့ကြပါတယ်။ ရဆို ရမ်းဆို ဩကာသဖြင့် လိုက်လုံသော စေတနာ မပါဘဲ ပါးစပ်ဖျားကသာ ဘုရားရှိခိုးခဲ့ကြပါတယ်။ မိုးဦးကျ ဖားတွေ အော်သလို တစ်ကောင်အော်လို့ လိုက်အော်တာမျိုး ဖြစ်နေတယ်လို့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ထောက်ပြညွှန်ပြခဲ့ပါတယ်။

ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက ဩကာသနဲ့ ဘာကြောင့် ကန်တော့ရသလဲ ဆိုတဲ့ အခြေခံအကျဆုံး ဗုဒ္ဓဘာသာဝင်တို့ရဲ့ထုံးတမ်းစဉ်လာကို စတင်ရှင်းပြခဲ့ပါတယ်။

ဩကာသ ဆိုတာ ခွင့်ပေးပါလို့ ခွင့်တောင်းတာ၊ အပြည့်အစုံဆိုရင် ...

ဩကာသံ ဒေထ၊ ဩကာသံ ဒေထ၊ ဩကာသံ ဒေထ လို့ ဆိုရမယ်။

ခွင့်ပေးတော်မူပါဘုရားလို့ သုံးကြိမ် တောင်းပန်တာကလား။

ဘာလို့ ခွင့်တောင်းရတာတုန်းလို့ မေးကြည့်။

တပည့်တော်တို့ ကိုယ်.နှုတ်.စိတ်ထား သုံးပါးများနဲ့ပြစ်မှားမိခဲ့တဲ့ အပြစ်ဟူသမျှတို့ကို ပျောက်ကင်းစေချင်လို့ပါ ဘုရားလို့အဖြေပေါ်လာတယ်။

ဟုတ်ပြီ၊ ဘယ်မှာ ပြစ်မှားထားသတုန်းလို့ ဆက်မေး၊ ဘုရားအစရှိတို့အပေါ်၊ တရားသံဃာ အစရှိတို့ အပေါ်မှာပါ ဘုရားလို့ အဖြေထွက်လာမယ်။

http://www.dhammadownload.com



ပြစ်မှားခဲ့ပုံ၊ ဖြစ်မှားနေပုံတွေကတော့ ဒီဘဝဗုဒ္ဓဘာသာဝင် ဘဝမှာတောင် မနည်းလှပါဘူး။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကသာဓက ဆောင်ပြပုံမှာ . . .

"သားတို့ချင်း ခရီးသွားမည်ကြံလျှင် ဟော့ကောင်. . . သုတ် သုံးကျမ်း နားလည်ရမတဲ့ကွ၊ မင်းသုတ်သုံးကျမ်း သိရဲ့လား။ စားသုတ် သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ် ပြောတာကွရယ်လို့ ဘုရားရှင် ဟောကြားထားခဲ့တဲ့ သမာဓိပိုင်းဆိုင်ရာသုတ်မဟာ၊ သုတ်သီလက္ခန်။ သုတ်ပါဝေယျများကို သရော်ထားတယ် မဟုတ်လား။ ဒါ ဒီဘဝမှာပဲ တရားတော်အပေါ်ပြစ်မှားပုံ . . . သားတို့ ရပ်ထဲ ရွာထဲမှာ အငြိမ့် ကဇာတ် က တစ်ဆင့်ရထားတဲ့ တရားပြက်လုံးတွေ အများကြီးပါပဲ ဘုရားဖျက် သံဃာဖျက်ဖျက်ထားတဲ့ ပြက်လုံးတွေလည်း မနည်းပါဘူး . . ."

". . . . ."

ဒီဘဝသောမဟုတ် ဘဝဝတိုင်း၊ ဒီကမ္ဘာသာမဟုတ် ကမ္ဘာ့ကမ္ဘာ မှာပေါ့။ ဒီဘုရားသာမက ဘုရားအဆူဆူ၊ ဒီသံဃာမျှမက တရားတော် အစားစား သံဃာအများအပြားပါပဲ၊ မပြစ်မှားဖူးခဲ့သည် မရှိ၊ တစ်ကြိမ် မဟုတ် တစ်ကြိမ်၊ တစ်ကွေ့မဟုတ်တစ်ကွေ့ပြစ်မှားခဲ့ဖူးကြတာချည်းပဲ၊ ကုန်ကုန် ပြောရလျှင် သားတို့ သမီးတို့ကလည်း ခွေးဘဝ ရောက်နေ တုန်း ဘုရားကလည်း အပွင့်၊ သားတို့နဲ့ဘုရား တစ်ခုသောလမ်းကြား ရင်ဆိုင်တွေ့ကြစဉ် ဘုရားကို မိုက်ကြည့်ကြည့်ပြီး ဟောင်ခဲ့သည်မှာ အမှန်၊ သံဃာကို ဟိန်းဟောင်ခဲ့သည်မှာလည်း အမှန်ပါပဲကွယ်။

ဒီဘုရားအဆူဆူ၊ တရားအစားစား၊ သံဃာအများအပြား အပေါ် ပြစ်မှားမိခဲ့တဲ့ မိုက်ပြစ်၊ မသိပြစ်၊ မလိမ္မာပြစ် အားလုံးကို တကာယ

http://www.dhammadownload.com



လည်း ဆင်ခြင်ဉာဏ်နဲ့ မြင်သိ၊ တကယ်လည်း ကင်းပျောက်လိုတဲ့ ဆန္ဒကလည်းရှိမှ အပြစ်ကကျေမှာ၊ ဆိုကျင့်ပါလို့ ဆိုရုံနဲ့တော့ စင်းလုံးချော မကျေပျောက်နိုင်ဘူး။

(၉၇-ဩဂုတ်လထုတ် - မင်္ဂလာမောင်မယ်သီကာကထာ တ - ၃၃)

ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်သော်မှ ဟိုရှေးအလွန်ဘဝများက ရတနာသုံးပါး ပြစ်မှားဖူးလို့ ဝိပါက်တော်များ ခံယူတော်မူရတာ အားလုံးသိပြီး ဖြစ်ပါတယ်။ လူသာမန်တို့က ဆိုဖွယ်ရာမရှိပြီ။

ဒါကြောင့် . . .

နှစ်သက်သလို ဝန်ချတောင်းပန်ကြဆိုတော့မှ ပထမ၊ ဒုတိယ စသည်မှ အရှိအသေ အလေးအမြတ် လက်စုံမိုး၍ ရှိပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ ဘုရားဆိုတဲ့ ဝန်ချ တောင်းပန်ခန်းဆိုက်လာတယ်။

သည်ကြိုကာသ ကန်တော့ခန်းကို အတိုချုံးပြီး အဓိပ္ပါယ်ဖွင့်ပြရလျှင် . . .

"တပည့်တော် တပည့်တော်မတို့သည် . . .

ဘဝ အဆက်ဆက် သံသရာ အဆက်ဆက်တုန်းက ဘုရားအဆူဆူ၊ တရားအဆူဆူ၊ သံဃာအဆူဆူ တို့အပေါ် မသိမိုက်မှား စော်ကားကျူး လွန်ခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၊ အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်တို့ကို ထိုအားလုံးတို့ ကိုယ်တော်အရှင်ဘုရားထံပါးမှာ ဝန်ချတောင်းပန်လိုပါတယ်ဘုရား၊ အကယ်၍သာ အရှင်ဘုရားက ထိုဘုရားအဆူဆူ၊ တရားအဆူဆူ၊ သံဃာအဆူဆူတို့ ကိုယ်စားကျေအေးစကား ဆုပေးသနားခဲ့မယ် ဆိုလျှင် တပည့်တော်များ အပါယ်

http://www.dhammadownload.com



လေးပါး အစ၊ ဗျာသနာအဆုံးရှိသော ဝဋ္ဋဒုက္ခအားလုံးတို့မှ လွတ်မြောက်ရာ မဂ်ဖိုလ်နိဗ္ဗာန်လမ်း တန်းတန်းကြီးသွားချင်ပါတယ် ဘုရား။"

(ဇုန်း-တ၂၅)

ဒါကြောင့် ဩကာသဟာ ပေါ့သေးသေးမဟုတ်၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ရည်ရွယ်ချက်နှင့် လမ်းစဉ်ကြေညာချက် ဖြစ်တယ်လို့ ဆုံးမတော်မူပါတယ်။

ဒီလို အပြစ်ဝန်ချ ဩကာသနှင့် ကန်တော့တာကို "ပဏာမဂါရဝ" လို့ ခေါ်ပါတယ်တဲ့။ ပဏာမဆိုတာ ရှေ့ပြေးလမ်းခင်း သွားလမ်းလာလမ်းကို ရှင်းလင်းခြင်း၊ ဂါရဝဆိုတာ ရိုသေထိုက်သည်ကို ရိုသေပြီး အားမယုဉ် မာန်မတင်းခြင်းဘဲ ဖြစ်တယ်။

ဩကာသနဲ့ ကန်တော့ရခြင်း အကြောင်းရင်းတစ်ခုကတော့ သဒ္ဒါပေါ်လို့ ပူဇော်လိုတဲ့အခါ ဩကာသနဲ့ ကန်တော့ရပုံ ဖြစ်ပါတယ်။ ဒါလိုတော့ "သကစ္စဂါရဝ" လို့ ဆိုရတယ်။ သက္ကစ္စဆိုတာပူဇော်ထိုက်သူမို့ ပူဇော်လိုခြင်း၊ ဂါရဝကတော့ အရိုအသေပြုတာ၊

ဒီမှာ ဘုရားရှင်ရဲ့လက်ထက် ဘုရားရှင်အကြောင်း နည်းနည်းပြောဦးမယ်။

ဘုရားရှင်မှာ သားတို့သမီးတို့လို အချိန်အားမထားဘူး။ အချိန်ကို အလကားအကုန်မခံဘူး။ အချိန်ကောင်း ဘဝကောင်းနှစ်မျိုးနဲ့ တိုးမိနေကြတဲ့ ဝေနေယျများအတွက် တစ်ခုမဟုတ် တစ်ခု အကျိုးပြုကျင့်ပေးတော်မူနေတယ်ကွဲ့၊ အဲ ဝေနေယျများကိစ္စ ပြီးစီးလို့ဖြစ်ဖြစ်၊ စောင့်ဆိုင်းနေဆဲ ဖြစ်ဖြစ် နည်းနည်းအချိန်ရသေးလျှင် ဖလသမာပတ် ဝင်စားနေတော်မူသတဲ့ကွဲ့... ဖလသမာပတ် ဝင်စားတယ် ဆိုတာ ရပြီး မဂ်

http://www.dhammadownload.com



ချမ်းသာများရဲ့ အကျိုးကို စံစားနေတာ၊ မျက်လုံးတော်များက မှိတ်တာလည်း မဟုတ်၊ ဖွင့်တာလည်း မဟုတ် ဆိုတဲ့၊ မမှိတ်မသုန် နေတော်မူမျိုးကွဲ၊ သည်တော့ ဝေနေယျတွေလာလျှင် ဘယ်အာရုံပြုပါ့မလဲ။ အနန္တဂေါစရစားကျက် ဆိုတဲ့ တစ်လောကလုံးကြီးရဲ့ လွတ်မြောက်ရေးကိုစွ ဝင်စားနေတော်မူရတာကိုး။

ဒီအခါ ဝေနေယျတို့က မိမိတို့လာကြောင်းသိစေလိုလို့ မိမိတို့သို့ အာရုံညွှတ်တော်မူစေလိုလို့ အသံပြုနေတဲ့အနေနဲ့ ဩကာသ ဩကာသ ခွင့်ပြုတော်မူပါဘုရား စတဲ့ ရှေ့ပြေးစကားဆိုရတယ်။

ဒီတော့မှ အသိအမှတ်ပြုတော်မူသောအားဖြင့် မျက်လွှာတော်လေး အနည်းငယ်မျှ ဖွင့်ပြတော်မူတယ်။ ဒီပုဂ္ဂိုလ် ကျွတ်ထိုက်မထိုက် ဆင်ခြင်တော်မူတယ်။ ကျွတ်ထိုက်သော် အဘယ်စရိုက် ရှိမရှိ ရှေ့ရှုတော်မူတယ်.။ ဆက်လက်ပြီး အဘယ်တရားမျိုးဟောမှ ကျွတ်မည်၊ မကျွတ်မည်ပေါ့။ တကယ်လို့ မကျွတ်ထိုက်သေးဘူး၊ ဘာတရားဟောလို့မှ နားဝင်မယ့်သူ မဟုတ်ဘူး၊ ကျွတ်လိုတဲ့ ဆန္ဒ နာကြားလိုတဲ့ ဆန္ဒလည်း ကျိုးတိုးကျဲတဲ တခြားပဲဆိုရင်တော့ ဒီပုဂ္ဂိုလ်ကဦးသုံးကြိမ်ချကန်တော့ပြီးတာနဲ့ မျက်တောင်ချမြဲ ချပြီး ဖလသမာပတ် ဖြစ်ဖြစ်၊ တစ်လောကလုံး ဖြန့်ကျက်ပြီး ဖြစ်စေနေတော်မူ သတဲ့ကွဲ။

(ၾငင်း-စာ ၃၅)

ဒ့ါကြောင့် ဩကာသဆိုတာ ...

ပစ္စုပ္ပန်ပြစ်၊ သံသရာပြစ်တို့မှ ဝန်ချရာ၊ မဂ်ဖိုလ်နိဗ္ဗာန်အထိ လမ်းစဉ်ကြေညာရာ၊ သဒ္ဓါဖြစ်ပေါ်လို့ ပူဇော် ခွင့်တောင်းရာ ဖြစ်တဲ့အတွက် လေးလေးနက်နက် စိတ်နဲ့အသံ တစ်သားတည်းကျ ဩကာသ

http://www.dhammadownload.com



ပူဇော်ကြဖို့ လိုတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သဘောပေါက်နိုင်ကြောင်းပါဗျာ။ ။

(အညွှန်း-၉၇၊ ဩဂုတ်လထုတ်၊ မဂ္ဂင်္လာမောင်မယ်ဂျာနယ်ကထား)

http://www.dhammadownload.com



# နမောတဿနဲ့ ဘာ့ကြောင့်ရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သြကာသနဲ့ ကန်တော့ခြင်းဟာ ...

၁။ ပဏာမ ဂါရဝ

၂။ သတ္တုစွ ဂါရဝ (သဒ္ဓါဖြစ်ပေါ်ပူဇော်ခြင်း)

ဆိုတာ ပြောခဲ့ပြီးပါပြီ။

ဒီလို သြကာသနဲ့ ကန်တော့ပြီးတဲ့နောက် သရဏဂုံဆောက်တည်ခြင်း၊ သီလယူခြင်း မပြုမီမှာ တစ်ကြိမ်ထပ်ပြီးတော့ ဘုရားရှိခိုး ကြပြန်ပါတယ်။ ဒီဘုရားရှိခိုးကိုတော့ ကိုယ်တိုင် (သို့) ရဟန်းသံဃာများက တိုင်ပေးလေ့ရှိပါတယ်။

http://www.dhammadownload.com



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဒီလို သုံးကြိမ် ရှိခိုးကြရပြန်ပါတယ်။ ဩကာသနဲ့ ကန်တော့ပြီးပြီပဲ။ နမောတဿနဲ့ ဘာ့ကြောင့် ထပ်ပြီးရှိခိုးရပါသလဲ၊ ဒီမေးခွန်းကို ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဒီလိုဖြေရှင်းပေးထားပါတယ်။

နမောတဿ ဂါထာဟာ ဘုရားအာရုံပြုပြီး ရှိခိုးတဲ့ဂါထာကွယ်၊ ဘုရားလက်ထက်က သိကြားမင်း ဘုရားထံမှောက်ရောက်တဲ့အခါ သင့်ရာအရပ်ကနေပြီး ခြေစုံရပ်ကာ ရှိခိုးတဲ့ဂါထာမို့ "သိကြားမင်း ဥဒါန်း" လို့ ဆိုကြတယ်။ သရဏဂုံ မယူမီ နမောတဿဂါထာနဲ့ ဦးတိုက်ကြရတာကဖြင့် ဆိုပါစို့ကွယ်၊ လောကီမျက်မြင် ဥပမာ ...

သားတို့သမီးတို့ မြို့ရွာရပ်ရွာတွေမှာ အစိုးရအသင်းအဖွဲ့ဖြစ်စေ၊ ပြည်သူ့ အသင်းအဖွဲ့ဖြစ်စေ အသင်းဖွဲ့စည်းဖို့ (သို့) ဖွဲ့စည်းပြီး အသင်းနှစ်ပတ်လည် ညီလာခံကျင်းပဖို့ အချိန်ကျရောက်ပြီ ဆိုလျှင် ဦးစွာ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီးများကို အလေးပြုလို့ အခမ်းအနားမှူးက မအော်ဘူးလား။ အဲ့ဒီ လွတ်လပ်ရေးခေါင်းဆောင်ကြီးကို အလေးပြုကြရတယ်။ သူ့ကြောင့်ရလာတဲ့ လွတ်လပ်ရေးအရသာ ခံစားခါနီး သတိတရ အောက်မေ့တသတဲ့ အထိမ်းအမှတ်ပဲ။

တို့ဒီမှာကလည်းပဲ သရဏဂုံသုံးပါးဟာ ဘုရားမှ စတင်ဖြစ်ပေါ်လာတာ၊ တရားကျင့်လို့ ဘုရားပွင့်၊ ဘုရားပွင့်လို့ တရားပေါ်၊ တရားတော်ကျင့်ကြံမှသာ သံဃာဖြစ်လာတာ၊ သရဏဂုံရဲ့မူလဘူတ

http://www.dhammadownload.com



အစပဟာဘုရားပဲ၊ ဝိမုတ္တိရသ ဆိုတဲ့ ဘဝနဲ့ ခန္ဓာတို့မှ လွတ်မြောက်ရာ အရသာကိုလည်း ဘုရားရှင် ကိုယ်တော်တိုင် ရှေ့မှ ဦးဆောင်ပြီး မာန် ငါးပါးကို တိုက် ခိုက်ကာ ရယူပေးခဲ့တာပဲ မဟုတ်လား။

ဒအေး ... သို့ကြောင့် သားတို့သမီးတို့ (စစ်ထဲဝင်စ၊ လွတ်လပ် ရေးပွဲ ကျင်းပစ အခမ်းအနားများမှာလို) ကိလေသာ စစ်တိုက်တော့မှာမို့ သရဏဂုံလက်နက် တောင်းခံရာမှာလည်းပဲ ဘုရားအာရုံ ပြုပြီးမှ သီလ ခံယူရတာကိုးကွယ့်၊ ကဲ ဒီတော့ သံဃာတော်များက သရဏဂုံတိုင်ပေး ခါနီး နမောတဿဦးစွာ တိုင်ပေးလိုက်လျှင် ဩော် ငါတို့ကို ဘုရားဂုဏ် အာရုံပြုခိုင်းတာပဲလို့ သဘောပေါက်ပြီး လုံးစေ့ပတ်စေ့ မသိတောင် ဘုရားအာရုံပြုပြီး ဆိုရမယ်၊ နို့မဟုတ်လျှင် တစ်ဦးနှင့်တစ်ဦး သူ့ထက်ငါ အကျော့မခံ၊ နမောတဿ အပြေးပြိုင် ပွဲကြီး ဖြစ်နေတတ်တယ်။ ဘုရား ဂုဏ်ဖော်ရာမရောက်ပဲ သရော်ရာ ရောက်သွားတတ်တယ်။

ကဲဘုရား အာရုံပြု လိုက်ဆိုကြ ...

*နမော တဿ ဘဂဝတော အရဟတော*

*သမ္မာသမ္ဗုဒ္ဓဿ*

ဆိုလိုရျက်ကတော့ -

ဘဂဝတော = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရား။

အရဟတော = ပူဇော်အထူးကို ခံယူတော်မူထိုက်ပါသော ရှင်တော်မြတ်ဘုရား။

ဖဋ္ဌမစာပေတိုက်

http://www.dhammadownload.com



သမ္မာသမ္ဗုဒ္ဓဿ = သစ္စာလေးတန် တရားမှန်ကို မဖောက်မပြန်မိမိ အလိုလို ကိုယ်တော်တိုင် သိတော်မူ၊ မြင်တော်မူပါသော ရှင်တော်မြတ်ဘုရား။

ဒါက ဘုရားရဲ့ အဓိကဂုဏ်တော်ကို အာရုံပြုပြီး ဖော်ကျူးလိုက်တာ၊ ပြီးမှ —

တဿ = ထိုကဲ့သို့ ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားအား

နမော = ဘုရားတပည့်တော် ရှိခိုးပါ၏ ဘုရားလို့ အဓိပ္ပာယ်ရတယ်။

ဒီအဓိပ္ပာယ်ကို အာရုံပြုပြီး သုံးခေါက်ဆိုကြ။

ဒါကြောင့်

သရဏဂုံ မဆောက်တည်မီ နမောတဿနဲ့ ဘုရားရှိခိုးရခြင်းဟာ သရဏဂုံ သုံးပါးရဲ့ မူလပိုင်ရှင်ဟာ ဘုရားရှင် ဖြစ်တော်မူသောကြောင့် ဘုရားဂုဏ်အာရုံပြု ပူဇော်ရခြင်းဖြစ်ကြောင်း မှတ်သားအပ်ပါတယ်။

(အညွှန်း - ဇဂုဏ်၊ ဩဂုတ်လထုတ်၊ မင်္ဂလာပွဲမွှော်ညှရွေသီကာထာ တ၁၁-၁၂)

http://www.dhammadownload.com



# သုံးကြိမ်
# ဘာ့ကြောင့် ဆိုရ

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေမှာ –

ဩကာသကိုလည်း သုံးကြိမ်၊ နမောတဿ ကိုလည်း သုံးကြိမ်၊ သရဏဂုံ ဆောက်တည်ရာမှာလည်း ဒုတိယမ္ပိ၊ တတိယမ္ပိအား ဖြင့် သုံးကြိမ်၊

"အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ"

ရယ်လို့ သီလခံယူရာမှာလည်း သုံးကြိမ် ဒီလို သုံးကြိမ်ဘာ့ကြောင့် ရွတ်ဆိုရပါသလဲ။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ဒီလို အဖြေပေးထားပါတယ်။

"ထိုသို့ တစ်ကြိမ်မက နှစ်ကြိမ်၊ နှစ်ကြိမ်မက သုံးကြိမ်တိုင် တောင်းပန်ရခြင်းမှာ –

http://www.dhammadownload.com



(က) ဂုဏ်ကြီးသူတို့ထံ ချဉ်းကပ် ဆက်ဆံရာ၌ အလေးမြတ်ထားပုံ ပေါ်လွင်စေခြင်းဖြင့် မိမိဘက်၏ သိက္ခာကို သက်သေပြရာလည်း ရောက်ပါသည်။

(ခ) တစ်ဖက်၏ တာဝန်သည်လည်း မိမိထံမှ တစ်ကြိမ် တောင်းပန်ခြင်းသည် မနိုင်လုံသေး၍ နှစ်ကြိမ်အထိ ငံ့လင့်ရ၏။ နှစ်ကြိမ်မျှဖြင့်လည်း မနိုင်လုံသေး၍ သုံးကြိမ်အထိငံ့လင့်ရ၏။ သုံးကြိမ် တောင်းပန်လာလျှင်ကား။

(၁) ဤသူတော်စင်သည် တကယ်လျှင် သရဏဂုံလက်နက်ကိုင်စွဲ ထွက်၍ ရန်ဘက် ကိလေသာ အယုတ်တာရားစု များကိုတွန်းလှန် ချေဖျက်ဖြိုဖျက်လိုသူ ပေတကား။

(၂) ဤသူတော်စင်သည် တကယ်လျှင် ကိုယ်ကျင့် သိက္ခာမြင့်မြတ်ရာကို လိုက်ပါလိုသူပေတကား။

ဤသို့လျှင် ပိုင်နိုင်စွာ အသိအမှတ်ပြုနိုင်လာတော့သဖြင့် မိမိထံရှိ သရဏဂုံနှင့် သီလကျင့်စဉ်များကို ချီးမြှင့်ပေးသည်။ ခွင့်သာစေပါသည်။ အဘယ်ကြောင့်ဆိုသော် -

သရဏဂုံ လက်နက် မကိုင်ဆောင်လိုသူ ထံသို့ မိမိ၏ သရဏဂုံများ တည်ဆောက် တပ်ဆင်ပေးမိမှားက ထိုသူ ပေါ့လျော့သဖြင့် အကယ်တိတိ ထိုသရဏဂုံများ ကိလေသာတို့ အဝါးခံရသော် မိမိမှာလည်း (သီလပေးသူမှာလည်း) တာဝန် မကင်းသောကြောင့် သီလတောင်းသူက ဝတ်ကျေတန်းကျေ တစ်ကြိမ်မျှတောင်းပန်ရုံဖြင့် မပေးကောင်းသေးပြီ။

ကိုယ်ကျင့်မစင် အာရုံဆိုးများ အဝင်ခံလိုသူထံသို့ မိမိ၏

http://www.dhammadownload.com



သိက္ခာပုဒ်များကို တည်ဆောက်ပေးမိမှားကလည်း ထိုသူမေ့လျော့သဖြင့် အကယ်တိတိ အကျင့်ပျက်နေသော် တည်ဆောက်ပေးသောသူ မိမိမှာလည်း လူမိုက်လက်သင် မွေးဖွားမိသော ဆရာညံ့ပမာ တာဝန်မကင်းသောကြောင့်လည်း စိတ်မပါ့တပါ တစ်ကြိမ်တစ်ခါ တောင်းပန်ရုံမျှဖြင့် သီလမပေးကောင်းသေးပြီ။ သို့ကြောင့်လျှင် သုံးကြိမ်တိုင်တောင်းပန်ရခြင်း၊ သုံးကြိမ်စေ့မှ ပေးရခြင်းများကို သဘောပေါက်ပါလေ။

(မင်္ဂလဒွေသာက ကထာ စာ - ၂၉၊ ၃၀)

သရဏဂုံ သုံးကြိမ် ဆောက်တည်ခြင်း အကြောင်းရင်းကို အဲဒီလို ရှင်းပြတော်မူပါတယ်။

အဲဒီသုံးကြိမ် တောင်းပန်ပြီးတဲ့နောက်သီလပေးမယ့် ရဟန်းတော်ဟာ -

"ယမဟံ ဝဒါမိ၊ တံ ဝဒေထ" လို့ သတိပေးတော်မူပါတယ်။ အဓိပ္ပာယ်ကတော့ "အကြင်စကားကို ငါဆိုတော့မည်၊ သင်တို့လိုက်လံ၍ ရွတ်ပွားကြပါကုန်" လို့ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ကလည်း "အာမဘန္တေ" လို့ ဝန်ခံချက်ပေးလိုက်ကြပါတယ်။ ဒီမှာ သတိပေးခြင်းနှင့်ဝန်ခံခြင်း ကို တွေ့ရပါမယ်။ ဒါဟာရဟန်းတော်များ ရွတ်ဆိုပေးမယ့်စကားရပ် စကားလုံးတွေမှာ စိတ်မပါ သတိကင်းမဲ့ ရွတ်ဆို မှားမိခဲ့ပါသော် ...

(က) ဆိုသူ၌ စိတ်မပါတော့သဖြင့် သရဏဂုံ မတည်တော့ပါ။

(ခ) ခံယူစဉ်ကပင် သရဏဂုံ မတည်တော့သဖြင့် ပွားစရာလမ်းလည်း မရှိတော့ပါ။

http://www.dhammadownload.com



ဆိုပါစို့။ ယာတစ်ခင်း မျိုးစေ့များ စိုက်သွင်းလျက်က ကြီးပွား ခြင်း ဖြစ်စေရာ၌ မြေဆီရှိရာက မြေထဲသို့ မျိုးစေ့များ စိုက်ကျမသွား ခဲ့ပါသော် အညွန့်အညောက်ထွက်ခြင်း၊ အလျဉ်းမရှိဘိသို့ အညောက် မထွက်က အပင်တတ်ခြင်းလည်း ကင်းဘိသို့ အပင်မှမသန်သော် အပွင့် အသီးမသီး အချည်းနှီးဖြစ်ဘိသို့ အကာယ်တိတိ သရဏဂုံ တည်စဉ်က ပင် သတိဖြင့်ပိုက် စိတ်စိုက်ကျ မသွားစေခဲ့သော် ရေ သောက်မြစ်ကင်း၊ ရေသောက်မဆင်းသော သစ်နွယ်သစ်ပင်ပမာ စိတ်စင်ကြယ်မြင့်မြတ် ခြင်းမှ ဖြစ်သော စိတ်တန်ခိုး စိတ်သတ္တိကြီးထွား ရင့်ကျက်မှု ညှံ့ဖျင်းပါ တော့မည်။

သို့ကြောင့်လျှင် ရှေ့ဆက်လက် ဆိုရတော့မည့် သရဏဂုံ သီလများ၌ အမှတ်မဲ့မဆိုမိပါရန် သတိစကားလက်ဦးပေးထားခြင်း၊ ပေးထားသောအတိုင်း သတိအနေအထားဖြင့် ပြင်ဆင်ထားခြင်း၊ ပြု လုပ်ရသည် ဟူ၍ မှတ်ပါလေ။

(မင်္ဂလဒွေသက ကထာ စာ - ၃၁)

ဒါကတော့ သရဏဂုံ သုံးကြိမ် ဆောက်တည်မှုအပေါ် ရှင်းပြ ချက် ဖြစ်ပါတယ်။

ဩကာသ၊ နမောတဿ တို့ကိုလည်း ဒီနည်းတူ နားလည် အပ်ပါတယ်။

တောင်းသူဘက်ကလည်း တရိုတသေ၊ ပေးသူဘက်က လည်း အလေးအနက်၊ ဒီအချိန်မှာ စိတ်ကလေး အပြင်ထွက်မသွား သာအောင် တစ်ကြိမ်မမိ နှစ်ကြိမ်၊ နှစ်ကြိမ်မမိ သုံးကြိမ် အထိရွတ်ဆို ကြရခြင်း ဖြစ်ပါတယ်။ တစ်ကြိမ်တည်းဖြင့် လုံးစေ့ပတ်စေ့ မိမိရရ အရ

http://www.dhammadownload.com



ယူဆောက်တည်နိုင်ကြပါလျှင်ကား ကောင်းလေစွ၊ သို့သော် စိတ်သည် မငြိမ်၊ အချိန်နှင့် အမျှ ပြေးဆော့နေတတ်ပေရာ သံယာတော်တို့ စကား စိတ်နှင့် တစ်သားတည်းဖြစ်ဖို့ မလွယ်ကူပြီ။ ဒါကြောင့် ခြေကမမြဲ လက် ကမြဲဆိုသလို တစ်ကြိမ်နှင့် မလုံလောက်သောကြောင့် သုံးကြိမ်ရွတ်ဆို ရခြင်း ဖြစ်ပါကြောင်း နားလည်အပ်ပါတယ်။

(အညွှန်း - ၁၃၅၇ ဧနစ်ထုတ်၊ မဂ္ဂဇွေသက ကထာ)

http://www.dhammadownload.com



# ပုံတော်မှဂုဏ်တော်သို့ ဘာ့ကြောင့်ရည်မျှော်

ကျွန်တော်တို့ဟာ ဆွမ်းကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ ဆီမီး၊ နံ့သာကပ်လှူ ပူဇော်တဲ့အခါမှာ ...

"အရဟာတာဒိ နဝဂုဏေဟိ" အစရှိပြီး ဘုရားရှင်ပုံတော်ကို ပူဇော်လေ့ရှိကြပါတယ်။

ဗုဒ္ဓမြတ်ဘုရား မဟာပရိနိဗ္ဗာန်ပြုသွားတာ နှစ်ပေါင်းနှစ်ထောင်ကျော်ခဲ့ပြီ ဖြစ်ပေမယ့် ကိုယ်စားတော်အဖြစ် ပုံတော်၊ ဆင်းတုတော်များကို ဗုဒ္ဓဘာသာဝင်တို့ရဲ့နေအိမ်တိုင်းမှာ ပူဇော်ထားရှိပါတယ်။ ကျွန်တော်တို့ရဲ့ရှုတ်ဆိုပူဇော်ခြင်းမှာ မြတ်စွာဘုရားရဲ့အတုမရှိ ဂုဏ်တော် ပါဝင်နေပြီးဖြစ်ပေမယ့် ကျွန်တော်တို့ရဲ့စိတ်အာရုံက ဘုရားပုံတော်ဆီမှာပဲ ရပ်တန့်ရောက်ရှိနေပါသေးတယ်။ တစ်နည်းအားဖြင့် ဗုဒ္ဓမြတ်ဘုရားရဲ့ဂုဏ်တော်ဆီသို့ရောက်အောင် မပူဇော် မကြည်ညိုတတ်ကြသေးပါ။ ဘုရားရှင်ကိုယ်စားတော်အဖြစ် တည်ထားကိုးကွယ်

http://www.dhammadownload.com



တဲ့ စေတီပုထိုးတွေကို ကြည်ညိုရာမှာလည်း ဒီလိုပါပဲ။ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော် ဘုရားကြီးက "ဘုရားရှင်ရဲ့ဂုဏ်တော်အထိ ရောက်အောင် မကြည်ညိုတတ်သေးရင် အုတ်ခဲပုံကြီး ထိုင်ရှိခိုးသလို ဖြစ်နေလိမ့်မယ်" လို့ ဆုံးမဖူးပါတယ်။ အိမ်၊ ကျောင်း၊ ဓမ္မာရုံတွေမှာ ပုံတော်ကို ကြည်ညိုရာမှာလည်း ...

(က) ပုံတော်သည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာစဉ် ရုပ်တုတော် ရူပကာယ အသွင်ကိုဆို၏။

(ခ) ဂုဏ်တော်သည်ကား ဘုရားဆုပန် ဘဝ ပါရမီဖြည့်စမှသည် ရင့်မာကာလ ယခုဘဝ အလောင်းတော်ဘဝ၏ အကျင့်မှအပွင့်သို့ ကူးထွက်လာရန် အားထုတ်မှု အထိသော စွမ်းဆောင်ချက်ကားတစ်ခု၊

ပွင့်သဖြင့် ဘုရားအဆင့်သို့ ရောက်ရှိစဉ်ကာလ ဝေနေယျတို့အပေါ် ထားရှိမြဲ မဟာဂရုဏာတော်ဓာတ်၊ မေတ္တာတော်ဓာတ်နှင့် တကွသော ကယ်တင်ဆယ်မမှု စွမ်းဆောင်ချက်ကား တစ်ခု၊

ထိုနှစ်ခုပေါင်းမှ ထွက်ရှိလာသော အရဟာတော အစဖြာသော ဂုဏ်တော်အနန္တဝရဏဉာဏ်၊ သဗ္ဗညုတဉာဏ်၏ စွမ်းပကားများသည် ဉာဏ်တော်ဟူ၍ ဆိုရ၏။ သစ္စာအမြင် ဉာဏ်အလျဉ်တော်တည်း။

ထိုသို့ပုံ၊ ဂုဏ် ဟူ၍ နှစ်မျိုးရှိရာ ပုံကား ပုဂ္ဂိုလ်အသွင်ကို ဆောင်၍၊ ဂုဏ်ကား ဘုရားသခင်ကို ဆောင်၏။

၁။ အကယ်တိတိ မျက်မြင်ဒက်ထိ ပုံတော်ကိုသာကြည့်၍ ကာပ်လှူမိ၊ ပူဇော်မိ၊ အာရုံ ယူမိပါသော်ကား ပုဂ္ဂိုလ်၌သာ ခင်မင်၊ ပုဂ္ဂိုလ်၌သာ စိတ်မေးတင်နေရကား ဂုဏ်တော်ဟိတ်တည်ရာ ဓမ္မဓာတ်အား

http://www.dhammadownload.com



များ မိမိနှလုံးသားအတွင်း မချဉ်းနင်းမိစေနိုင်။ ဘုရားရှင်၏ ကရုဏာဓာတ် မိမိနှလုံးသားသို့ မဟာဝ်နိုင်။

၂။ အကယ်တိတိ ဂုဏ်တော်များကိုသာ စိတ်က ရည်မှန်း လှူဒါန်း ပူဇော်ပါသော်ကား မိမိ၏ မျက်စိအကြည်ဓာတ်၊ နားအကြည်ဓာတ်၊ စသည်တို့မှတစ်ဆင့် ပေးပို့သော ပုံတော်၏ အမြင်ဓာတ် အကြားဓာတ် များစွာ ရှုထားပြီး ဖြစ်ရကား နှလုံးသား၏ မနော ဓာတ် တစ်ခုတည်းဖြင့် သဲကွဲစွာ မိမိဉာဏ်ကျက်စားခွင့် မရစေနိုင်။

သို့ကြောင့် ပုံတော်ခေါ်သော ဘုရားရှင်၏ ရုပ်ရှင်တော်ဓာတ် သွင်ပြင်မှုရာ လက္ခဏာများကို မိမိ၏ ပြင်ပရှိမြင်သိကြားသိ စသည့် တို့က ပုံဖမ်းပေး၊ ဂုဏ်တော်ခေါ်သော ကျေးဇူးတော်စွမ်းဆောင်မှု အဖြာ ဖြာ စိတ်စေတနာများ ထားရာကို မိမိ၏အတွင်းရှိ ဆင်ခြင်သိ ဝိညာဉ်က သုံးသပ်ပေးပါမှ သဒ္ဓါလည်းတတ်၊ ပညာထက်၍၊ နှစ်ဘက်ညီညီ ညာညာ စုံကျလာမည်ကို သတိရှိပါလေ။

(မဇ္ဈိမဒွေသာက ကထာ စာ ၆၅)

မွေးဖွားကြီးပြင်း ရောဂါကင်း၊ ပညာတတ်၊ ကြီးပွားလာတဲ့သား တစ်ယောက်က ငါ ဘာကြောင့် ဒီလို အောင်မြင်တဲ့သူ တစ်ယောက် ဖြစ် လာရပါလိမ့်လို့ မှန်းဆသုံးသပ်ကြည့်တဲ့အခါ မိဘကျေးဇူးရဲ့အဦးအစ၊ မိဘမျက်နှာ ပြန်မြင်လာရသလိုပဲ ဘုရားရှင်ရဲ့ဂုဏ်တော် ကျေးဇူးတော် တို့ကို ဆင်ခြင်ပူဇော်အပ်ပါတယ်လို့ ဆိုပါတယ်။

ဒီလိုပဲ ဘုရားရှင်ရဲ့ပုံတော်ဂုဏ်တော်တို့ကို အာရုံယူရာမှာ လည်း ...

"ဘုရားရှင်ထံတော်ရှိ ဂုဏ်တော်ခေါ်သော မေတ္တာတော်

http://www.dhammadownload.com



စာတ်ကို လည်းကောင်း၊ ပယ်ဝ်တ္တိဂုဏ် ဖွဲ့ လိုလ ပယောဂဖြင့် ကယ်မမှု ဓမ္မ စာတ်ကို လည်းကောင်း၊ ထိုဓာတ်အားနှစ်ရပ်တို့ သိုထားရာ ပုံတော်ခေါ် သော ဘုရားရှင်၏ ရုပ်ရည် ရူပကာ (နာမကာယ) တော်တို့ကိုလည်း ကောင်း၊ ထိုအကြားမှ အဆုံးအမခံခွင့်ရလာသော မိမိ၏ အသိစိတ်ဓာတ် ရင့်ကျက်လာခြင်းများကို လည်းကောင်း မြင်တွေ့လာတော့သည်သာ ဖြစ်၏။

ထိုသို့ မြင်သိ သက်ဝင်ဉာဏ်သန်သန် တည့်လျက်ကသာ ပုံ တော်ကို ရည်မှန်းလှူဒါန်းဆက်ကပ်ပြီး ဂုဏ်တော်ကို ရည်မှန်းပူဇော် တတ်ပါလေ၊ သို့မဟုတ် ဒေမ – ဆက်ကပ်ပါ၏ ဟူ၍ရွတ်ဆိုကာ ပုံတော် ကို အာရုံပြု၍၊ ပူဇေမိ – ပူဇော်ပါ၏ ဟူ၍ရွတ်ဆိုကာ ဂုဏ်တော်ကိုသာ အာရုံပြုပါလေ။

ထိုသို့ အာရုံပြုတတ်ပါက ပုံတော်မှ ဖြစ်သော ဗုဒ္ဓဓာတ်၊ ဂုဏ် တော်မှ ဖြစ်သော ဓမ္မဓာတ်ကား မိမိ၏နှလုံးသား ကျက်စားလာရပေပြီ တကားလို့ ဆရာတော်ဘုရားကြီးက လမ်းညွှန်ခဲ့ပါတယ်။

ဒါ့ကြောင့် ပုံတော်မှ ဂုဏ်တော်သို့ ရည်မျှော် ပူဇော်တတ်မှ သာလျှင်

အကျိုးဖလ အပြည့်အဝ ရလိမ့်မယ် ဖြစ်ကြောင်း နားလည်ခဲ့ ရပါတယ်။

(အညွှန်း – ၁၃၅၇ ခုနှစ်ထုတ်၊ မဂ္ဂဒေ့သကကထာ စာ - ၆၆)

http://www.dhammadownload.com



# အနန္တငါးပါး ဘာ့ကြောင့်ထား

"ဘုရားနှင့် တစ်ဝိုက်းတည်း" ဆိုရင် သံဃာတော်များနှင့် မိဘ၊ ဆရာတို့ကိုပါ ပြေးမြင်မိကြပါလိမ့်မယ်။ ဘုရားရှင်၏ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ တို့ကိုပါ မှန်းဆ ပြောပြခြင်းငှာပင် မတတ်သာစကောင်းပြီ၊ တရားဂုဏ်တော်ဆိုလျှင် လည်း လူ နတ် ဗြဟ္မာ သတ္တဝါဝေနေယျတို့အား သံသရာ ဝဲဩဃမှ လွတ်မြောက်ရာ နိဗ္ဗာန်တည်းဟူသော ကုန်းကြည်းသို့ ပို့ဆောင်ရာ မဂ္ဂင်ယာဉ်ကြီးအဖြစ် အံ့ရှီးရှိသေ၍ မဆုံးရာပြီ။ ဘုရားရှင်သော်မှ ဘုရား အဖြစ် ပွင့်တော်မူစက

လောကမှာ အရှိအသေမရှိဘဲ မနေစကောင်းပြီ။ ငါ့ဘာယ်သူ ကိုများ ရှိသေရပါ့လို့ လောကဓာတ်တစ်ခွင် မျှော်ခေါ်ကြည့်လိုက်တဲ့ အခါ ဘုရားရှင်ထက် လွန်ကဲထူးမြတ် ရှိသေအပ်သူကို မတွေ့ခဲ့၊ ဤ

http://www.dhammadownload.com



သို့ဖြင့် ဘုရားရှင်သည် မိမိကိုယ်တော်တိုင် ထွင်းဖောက် တွေ့မြင်ခဲ့သော တရားတော်တို့ကိုသာ အရိုသေပြု၍ နေခဲ့သည်တဲ့။ ဘုရားရှင်ကိုယ်တော်တိုင်သော်မှ ရိုသေရသော တရားတော်ပါပေ။

ပြီးတော့ ဘုရားရှင်ကို ကြည်ညိုလွန်းလို့ ဘုရားရှင့်သင်္ကန်းစွန်းဆွဲပြီး ဘုရားနောက် တစ်ကောက်ကောက် လိုက်နေတဲ့ အရှင်ဝက္ကလိရဟန်းကြီးအားလည်း ...

"ငါဘုရားနှင့် ခန္ဓာချင်း နီးပေသော်လည်း တရားမတွေ့လျှင် ငါဘုရားနှင့် ဝေးသည်သာတည်း၊ ငါဘုရားနှင့် ယူဇနာများစွာ ဝေးကွာနေသော်လည်း တရားတွေ့လျှင် ငါဘုရားနှင့် နီးသည်သာတည်း"

လို့ ဆုံးမခဲ့ပုံဟာလည်း တရားတော်နဲ့ ဘုရားရှင် ထပ်တူဖြစ်ခြင်းကို ညွှန်ပြတော်မူခဲ့တာပါပဲ။

သံဃာတော် အရှင်မြတ်တို့သည်လည်း ဘုရားရှင်နှင့် ထပ်တူပင်ဖြစ်ကြောင်း ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဒီလို သာဓကဆောင်ပြဖူးပါတယ်။

"ဘုရားရှင်ကို မိထွေးတော်ဂေါတမီက ပုဆိုးလိပ်စုံကြီး ထီးတည်းနဲ့ပေါ့။ တိဋ္ဌ မုနိ စိရံ ကပ္ပ လို့ ဆိုပြီးသား ဘုရားရှေ့ရောက်တိုင်းကန်တော့လေ့ရှိသတဲ့။ အဓိပ္ပာယ်ကတော့ လူသုံးပါး(တကယ့် လူ၊ နတ်လူ၊ ဗြဟ္မာလူ) တို့ရဲ့ဦးဆောင်ဖြစ်တော်မူတဲ့ သားတော်ဘုရား ... ကမ္ဘာရှည်လျားစွာ အသက်ရှင်တော်မူပါစေလို့ ဆိုရမယ်။ ဒီတော့ ပုဆိုးလိပ်စုံကြီး အယူသည်းတဲ့ မိထွေးကို တားမြစ်ပြီးအသစ် ကန်တော့နည်း သင်ပေးတော်မူတယ်။

http://www.dhammadownload.com



အာရုဒ္ဓ ဝိရိယေ ပဟိတတ္တေ နိစ္စံဒဠှ ပရက္ကမေ သမဂ္ဂေ သာဝကေ ပဿဝသာ ဗုဒ္ဓါန ဝန္ဒနာ။

မြန်မာလိုကတော့ ပြင်းပြင်းထန်ထန် အားထုတ်နေတဲ့ အမြဲလည်းပဲ ကြိုးစားနေတဲ့ ညီလည်းညီညွတ်လှတဲ့ ငါဘုရားရဲ့တပည့်အားလုံးကို ဖူးတွေ့ကန်တော့လိုက်၊ ငါဘုရားရဲ့တပည့်အားလုံးကို ကြည့်လိုက်၊ ရှုလိုက်၊ အဲ့သလို ဖူးမြင်ကြည့်ရှု ဂါရဝပြုနေတာ ငါ့ကို ဂါရဝပြုနေတာပဲတဲ့။

(ဋ္ဌဂု၊ဩဝါဒတ်လထုတ်၊ မဂ္ဂင်ပ္ပမ္ပေဒာညရေးသိကထာ စာ ၃၆)

ဘုရားရှင်ကိုယ်တော်တိုင်က တပည့်သား သံဃာတို့အပေါ် ကိုယ်တော်နှင့် ထပ်တူ ဖော်ပြခဲ့တာမို့ သံဃာ့ဂုဏ်တော်သည်လည်း အနန္တပါပေ။ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ...

ရဟန်းဆိုတာ = ရန်ကို အောင်လို့ ပူဇော်အထူးကို ခံယူထိုက်သူ တို့ရဲ့အမည်၊

သံဃာတော်ဆိုတာ = ဘုရားရှင်နှင့် အကျင့်တူ အမြင်တူသူတို့ရဲ့ အခေါ်အဝေါ်၊

၎င်းတို့ ဝတ်ရုံထားသော သင်္ကန်းတော်တို့က ပူဇော်အထူးခံထိုက်သူဟူ၍ အများတို့ သိအောင် လွှင့်ထူထားတဲ့ အလံတံခွန် (သို့) စစ်ပွဲအောင်သဖြင့် လွှင့်ထူထားတဲ့ အောင်လံတော် အဲ့ဒီအောင်လံနဲ့ တွဲဖက်ထားတဲ့ ရုပ်ရှုပကာယတော် ကြည့်လိုက်ပြန်တော့လည်းပဲ ရန်မီးငြိမ်းလို့ အေးဆေးသော မျက်နှာထား၊ ရန်သူလွတ်လို့ တည်ကြည်သော ဣန္ဒြေ၊ ရန်အောင်ထားလို့ ကလက်မှုကင်းသော တက်ကြွမှု (လန်းဆန်းမှု) အသွင်၊ သည်လို ဝင့်ဝါ၍ အေးဆေးသော ကိုယ်တို့ကို ကြည့်မိ ရှုမိ

http://www.dhammadownload.com



သူမှာ ဆောင်းကြားသွား ခရီးသွားလို လရောင်အောက် လျှောက်သော သူတို့လိုလည်း အေးစေတယ်၊ စမ်းရေသောက်ခွင့်ရသော ခရီးသည် လိုလည်း အမောပြေစေနိုင်တယ်။ ကိုယ့်ထံရှိ အပူမှန်သမျှ ငြိမ်းပြီး ကိုယ့် ထံ ကိန်းအောင်းနေသော ကိလေသာ ရန်သူတွေလည်း ငြိမ်းကျသွား စေနိုင်တယ် ... "

(၁၉၉၄ ပအကြိမ်ထုတ် မင်္ဂလာတရားကထာ၊ စာ ၁၃၇)

သံယာ့ဂုဏ်ကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အဲသ လောက်ထိ ဖော်ညွှန်းဖွဲ့နွဲ့ပါတယ်။ ဤမျှဖြင့် သံယာ့ဂုဏ်အနန္တကိုလည်း ရိပ်စားမိစေရာပြီ။

မိဘတို့ ဂုဏ်ကျေးဇူးအနန္တ ဆိုတာလည်း အထူးပြောစရာ မလိုပြီ။ ဘုရားရှင်တော်ထံမှ မေတ္တာတရားနှင့် ပတ်သက်၍ ပညာပေး တော်မူပါလျှင် "တစ်ဦးတည်းသော သားအပေါ် ထားအပ်သောအမိ၏ မေတ္တာကဲ့သို့" လို့ ဟောတော်မူတယ် မဟုတ်ပါလား။

"အဲ့ ... မိဘများကျတော့ ကိုယ့်သားသမီးအပေါ် ထားတဲ့ စေတနာ ဘုရားစိတ်ထားမျိုး၊ ဆရာများက မိမိတပည့်အပေါ်ထားတဲ့ စေတနာကလည်း သည့်အတူပေါ့" လို့ မင်္ဂလာပွဲဟောညွှန်ကြားသဂါထာမှာ ဆရာတော်ဘုရားကြီး ရေးပါတယ်။

ဆရာ့မေတ္တာ စေတနာနှင့် ပတ်သက်လို့ကတော့ ...

"ဆရာကောင်းဆိုတာ တပည့်နှင့် ပတ်သက်လာလျှင် ဘုရား စိတ်ထားမျိုးထားနိုင်မှ သူ့လက်ရှိ နည်းပညာကို ပေးမယ်။ မတော်တာ တွေ့လည်း ဆုံးမမယ်။ ဘေးကင်းရန်ကင်းအောင်လည်း သူ့သီလ သိက္ခာ များနဲ့ အကာအကွယ်ပေးမယ်။ မိမိနဲ့ ခြေရာမတူအောင် ဆရာ စားချန်

http://www.dhammadownload.com



ထားတာမျိုးလည်း ကင်းပမယ်။ တပည့်ရှေ့အလားအလာ ကောင်းနေလျှင် မိမိထက်တော်တဲ့ ဆရာထံကိုလည်းသွားရန် ညွှန်ကြားမယ်ဆိုရင် သည်ဆရာမျိုးဟာ အနန္တဂိုဏ်းဝင် ဆရာပဲ ...” လို့ မင်္ဂလာစာရဏ ကထာစာမျက်နှာ ၁၁၂ မှာ ရေးတော်မူခဲ့ပြန်ပါတယ်။

“သို့ကြောင့် သည်ငါးမျိုး ဘုရားနဲ့ တန်းတူထား ဆက်ဆံကြရတယ်။ သည်ငါးပါးတို့ရဲ့ မေတ္တာစေတနာများလည်း သူတို့ဘက်က ခန်းခြောက်သွားတယ် မရှိလို့ အနန္တ။ ဒီဘုရားမျိုး၊ ဒီတရားမျိုး၊ ဒီသံဃာမျိုး၊ ဒီမိ၊ ဒီဖ၊ ဒီဆရာမျိုး ခိုကိုးခွင့်ရတဲ့သားတို့ သမီးတို့ဘက်မှာလည်း ကောင်းကျိုးပေးက ဒီမျှလောက်၊ ဒီဘဝလောက်၊ ဘယ်လောက် ဘယ်လောက်ရယ်လို့လောက် မဝင်သာတဲ့အတွက်လည်း အနန္တကွဲ့၊ မှတ်ထား၊ ဒီအနန္တမျိုးမှ ရှိမခိုးဘယ်သူ့သွား ရှိခိုးမလဲကွယ် ...”

(အညွှန်း - ၁၉၉၄၊ ပအကြိမ်ထုတ် မင်္ဂလာ စာရဏကထာ၊
၁၉၉၇၊ ဩဂုတ်လထုတ်၊
မဟာ့ကွန်မွှာဖွာညရွှေသိကထာ)

http://www.dhammadownload.com



# မနောကံ အဓိက ဘာကြောင့်လဲ

ဩကာသက ကန်တော့ခန်းမှာ ...

ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားကျူးလွန်မိသည် ရှိသော် ဆိုတာ ပါပါတယ်။ ဒီကံသုံးပါးမှာ မနောပြစ်မှုဟာ အကြီးလေးဆုံးလို့ ဘုရားရှင် ဉပါလိသုတ်မှာ ညွှန်ပြတော်မူခဲ့ပါတယ်။ ဉပါလိဟာ နိုးမှုသတ်မှုဆိုတဲ့ ကာယကံမြောက် ပြစ်မှုတွေသာ အဓိကလို့ ဘုရားရှင်ကို ဝါဒချင်းလာပြိုင်ဖူးပါတယ်။ အဲ့ဒီမှာ ဘုရားရှင်က ...

"သင် ဒီကိုလာစဉ် လမ်းမှာ ပိုးကောင်လေးတွေ နင်းမိလို့ ပိုးကောင်လေးတွေ သေခဲ့ရင် သင့်မှာ ကာယကံ ပြစ်မှုရှိနေပြီ" လို့ ညွှန်ပြတော်မူတဲ့အခါ ဉပါလိက "ပိုးကောင်လေးတွေကို မတော်တဆ နင်း

http://www.dhammadownload.com



မိခဲ့ခြင်းသာ ဖြစ်ပါတယ် ... သေစေလိုတဲ့စေတနာ (မနောကံ) မပါရှိလို့ အပြစ်မရှိ" လို့ ထုချေပါတယ်။

ဘုရားရှင်ရဲ့ လျှပ်တစ်ပြတ် ထိုးစစ်ကို ဥပါလိကြီး အငိုက်မိခံလိုက်ရတာပါပဲ။ ဘုရားရှင်က ဒီလို ပိုင်ပိုင်နိုင်နိုင် ဟောတော်မူပေပြီ။

"ဥပါလိ ... သင့်အပြောထဲမှာ ဝန်ခံပြီးသား ဖြစ်နေပါပေါ့လား။ သေစေလိုတဲ့ စေတနာ (မနောကံ) သာအဓိကဖြစ်ကြောင်း သင် ဝန်ခံနေပေပြီ" တဲ့။ ဥပါလိလည်း အရှုံးပေးပြီး မနောကံသာ အဓိက ဖြစ်ကြောင်း လက်ခံလိုက်ရပါတော့တယ်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ...

"ဘာဝကြောင့်ဆို စေတနာဟာ မနောမှာတည်နေလို့၊ သဘောနဲ့ သဘာဝတို့ရဲ့ ကောင်းရဲ့ဆိုးရဲ့ ဆိုတဲ့ အထင်အမြင်မျိုး မနောမှသာ ရှိလို့တဲ့ကွဲ။ ကြံစည်မှုက ရှေ့သွားခေါင်းဆောင်၊ ပြောဆိုပြုကျင့်မှုက ငယ်သားနောက်လိုက်၊ စိတ်ဝမ်းသာတော့ မျက်နှာကိုပြုံးလို့၊ စိတ်ဝမ်းနာလာတော့ ဟော ... မဲ့သွားရပြန်ပြီ၊ စိတ်ကြည်လင်တော့ အသံလေး ချိုချိုသာသာ ငွေဆည်းလည်း ရွှေဆည်းလည်းပမာ၊ ဟော ... စိတ်ဖောက်လာတော့ ငေါက်ခနဲထ ဆဲကြရ ဆိုကြရပြန်ပြီ။ ဒီလောက်ဆို မနောဟာ ဒုစရိုက်တို့ရဲ့ လွှတ်ရုံး၊ တစ်ဖက်ကျတော့ နိဗ္ဗာန်မှန်ဦးကြီးလို့ မှတ်ခဲ့။

တစ်ဖက်အကြောင်းကောင်းကောင်း မသိလျှင်မသိသလောက် မနောစွန်း စေတနာကြီးနေတတ်ပြီး၊ စေတနာကြီးသလောက် မာနမီး ထတောက်နေတတ်တယ်။ တစ်မက်သားလောက် ပြစ်မှား တစ်မတ်သား ကြွေးတင်ရော၊ ငါးမူးသားမသိတော့ ငါးမူးသား ပြစ်မှား ငါးမူးသား

http://www.dhammadownload.com



ကြွေးတင်ရော။ တစ်ကျပ်သားမသိ တစ်ကျပ်သား အပြစ်ရှာ တစ်ကျပ်သား ကြွေးတင်လာရော။ ကြွေးယူ ပြစ်မှားတော့ စိတ်၊ ခံစရာရှိတော့ စိတ်ရော စိတ်နားရာ ကိုယ်ပါ ခံရမယ်။ ကြွေးမှန်သမျှ အရင်းမက အတိုး အညွန့်က ကွန့်တတ်သေး။ အတိုးအညွန့်ပါတဲ့ ကြွေးမျိုးတင်မိခဲ့လျှင် အတိုးက အိပ်ပျော်နေတယ်လို့ မရှိ၊ နားနေတယ် ရယ်လို့လည်း မရှိ၊ လူလူချင်းလို လျော်ပစ်လို့လည်း မရတတ်ဘူး။

ရှင်မဟာမောဂ္ဂလာန် ခိုးသားငါးရာတို့က ကာဠသိလာကျောက်ဖျာ ပေါ်မှာ စိစိညက်ညက် ပိုင်းထုကြ၊ သတ်ကြတာ သူပြစ်မှားမိခဲ့ဖူးတဲ့ မိခင် က လိုက်တောင်းတာ မဟုတ်ဘူး။ မိခင်က ကြွေးယူစဉ်တုန်းကပင် လျော် ပစ်ပြီးသားပဲ။ သူ့စေတနာမှာ ကပ်ပါနေတဲ့ အနုသယ လက်ငုတ်များက သာ အရင်းမှာ အတိုးပါ လိုက်လံတောင်းတာ မဟုတ်လား။

တစ်ဖက်အကြောင်း ကောင်းကောင်းတော့သိတယ်။ သူ့ဝါဒ မကြိုက်လို့ ရှိရင်လည်း သိသိကြီးနဲ့ ပြစ်မှားတတ်ပြန်တယ်။ တစ်ဖက် သတ် လိုက်ပြိုင်ရဲ့ တစ်ဖက်သတ် မုန်းလား မုန်းရဲ့နဲ့။

မမြင်လိုက်နဲ့ စိတ်က လျှပ်တစ်ပြက် ထွက်စော်ကားပြီးနေပြီ။
မကြားလိုက်နဲ့ စိတ်ကဒိုင်းခနဲ ပြေးဆောင့်ပြီးနေပြီ။

စိတ်ကြောင့် ဖြစ်တဲ့ ဒဏ်ရာဟာ ကိုယ်ချင်းတိုက်လို့ရတဲ့ ဒဏ် ချက်မျိုးလို အနာကြီးတွေ၊ အရှိုးကြီးတွေ ဖိုးဖိုးပေါ်စေတယ်ဆို ဘယ်သူ ကြည့်ကြည့် လူရုပ်တောင် ပေါ်တော့မယ် မဟုတ်ဘူး။ ဒဏ်ချက်တွေ များလွန်းလွန်းကြလို့။ သို့ပေမယ့် စိတ်ဒဏ်ချက်က ရုပ်ဒဏ်ချက်မျိုးလို ခံရသူ ထိတာမျိုး မဟုတ်ဘူး၊ လုပ်သူကို နောက်ပြန်ထိတာမျိုး၊ ရုပ်ဒဏ် ချက်မျိုးကို ထိရာလောက် ရှတာမျိုးလည်း မဟုတ်ဘူး။ ကိုယ်ရော စိတ်ပါ

http://www.dhammadownload.com



အားလုံးခံရတာမျိုး၊ ရုပ်ဒဏ်ရျက်လို ခဏပိုင်း ရက်ပိုင်း လပိုင်းနဲ့ ပျောက်ကင်းသွားတာမျိုးလည်း မဟုတ်ပြန်ဘူး။ တစ်ဘဝကနေ တစ်သံသရာ၊ နိဗ္ဗာန် မဝင်မချင်းအထိ ...။

ယောသက တိဿရဲ့ရာဇဝင် ပြန်ကြည့်။

တစ်ဘဝက ကျောင်းထိုင်ဘုန်းကြီး၊ သူ့ကျောင်းလာတည်းတာက ရဟန္တာ။

ရှာကျောင်း ဒကာက ဆွမ်းပင့်ကပ်တာ၊ သည်ဧည့်ရဟန်းကောင်းတာတွေ စားမိပြီး မပြန်ဘဲများ နေမှဖြင့် စိတ်ကပြစ်မှား၊ အားမရတော့ စိတ်က ကိုယ်နှုတ် လှုံ့ဆော်ပြီး ရဟန္တာ ပြစ်မှားပွဲကြီး ကျင်းပလိုက်တာ၊ ဘယ်မလဲ ခများတို့ ဘုရားလက်ထက် ရဟန္တာဖြစ်တဲ့ အထိ ပရိနိဗ္ဗာန်စံခါနီး ဆဲဆဲအထိ ဒုက္ခိကန္တရကာပ်ဆိုတဲ့ အငတ်ဘေးကြီး ဆိုက်သွားရှာပါလေရော။

အကာယ်တိတိ သည့်လိုသာ သားတို့ သမီးတို့ သဘောပေါက်ခဲ့လျှင် ကိုယ့်စိတ်ကိုယ် ဘယ်သူမှ ပေါက်လွှတ်ပဲစား ပြစ်မှားရဲကြမှာမဟုတ်ဘူး။ ဘယ်သူမှ သူတစ်ပါး စားကျက်ထွက်စားစေမှာ မဟုတ်ဘူး။ ပုထုဇဉ်တို့ရဲ့ မကြောက်တာမှန်သရွေ့မသိလို့ချည်းပဲ။

(ဇဂ္ဂု၊ ဩဝုတ်လထုတ်၊ မဂ္ဂဂ်မွှမ္ဘောညရေသိကထာ စာ၄၀-၄၁-၄၂)

ဒါ့ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံများတွင် မနောကံသာလျှင် အဓိက ဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်ခွင့်ရခဲ့ပါချေပြီ။

(အညွှန်း - ဇဂ္ဂု၊ ဩဝုတ်လထုတ်၊ မဂ္ဂဂ်မွှမ္ဘောညရေသိကထာ)

မဠ္ဈိမစာပေတိုက်

http://www.dhammadownload.com



# ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော် ကိုးပါး ဘာ့ကြောင့်ထား

ဘုရား တရား သံဃာ ရတနာမြတ် သုံးပါးတို့ရဲ့ဂုဏ်တော်တွေကို ပွားများကြည်ညိုတယ်ဆိုတာ သာသနာတော်နဲ့ ကြုံနေပါလျက် ဖာသိဖာသာ ဖြစ်နေတတ်တဲ့ ကျွန်တော်တို့ရဲ့ကံသုံးပါး အမူအရာတွေကို သဒ္ဓါတိုးပြီး၊ ကြိုးစားလာအောင် လှုံ့ဆော်နေသလိုလည်း ရှိပါတယ်။ ဒီမျှမက ရတနာမြတ်သုံးပါးတို့ရဲ့ဂုဏ်စွမ်းသတ္တိဟာ ကြောက်ရွံ့ထိတ်လန့်နေစဉ် အခါများမှာလည်း သဒ္ဓါထက်ပြီး ရဲတင်းချက် ပေါ်လာစေတတ်ပါတယ်။ အများသိပြီး ဖြစ်တဲ့အတိုင်း ရတနာမြတ် သုံးပါးရဲ့ဂုဏ်တော်တွေ ဆိုတာ ဘုရားဂုဏ်တော် ကိုးပါး၊ တရား ဂုဏ်တော်

http://www.dhammadownload.com



ခြောက်ပါး၊ သံဃာ့ ဂုဏ်တော် ကိုးပါးတို့ ဖြစ်ပါတယ်။ ဒီဂုဏ်တော်တွေ ဘာ့ကြောင့် ဘယ်လို ဖြစ်ပေါ်လာပါသလဲ။

၁။ ဘုရားဂုဏ်၌ ကိုးပါးထားရခြင်းမှာ ဘုရားရှင်သည် ဂြိုလ် ကိုးလုံးတို့တွင် အမြတ်ဆုံး၊ အကြီးဆုံး၊ အညွန့်ဆုံး ဖြစ်သော နဝင်း (ကိတ်ဂြိုလ်) နှင့် ယှဉ်၍

(က) ဒီပင်္ကရာ ဘုရားရှင်၏ ဗျာဒိတ်တော်ခံယူခြင်း၊

(ခ) မယ်တော်၏ ဝမ်းကြာတိုက်မှ ဆင်းသက် မွေးဖွားတော်မူလာ ခြင်း၊

(ဂ) ဗောဓိပင်နှင့် ရွှေပလ္လင်တော်ထက်ဝယ် သစ္စာလေးဆင့် ပွင့် တော်မူခဲ့ခြင်း၊

(ဃ) မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဟူသော ကိုးပါးပိုင်ရှင်ဖြစ်ခြင်း၊

အထက်ပါ လေးချက်ကြောင့် ဂုဏ်တော်မျိုး ဘယ်လောက် ပင်များများ၊ ၎င်းအတွင်း သွင်းထား၍ ကိုးပါးသော ထားခြင်းဖြစ်ပါ တယ်။

၂။ တစ်ဖန် တရားဂုဏ်တော် ခြောက်ပါး ထားရခြင်းမှာ

(က) မိမိ၏အတွင်းမျက်စိ စသော အကြည်ဓာတ် ခြောက်ပါး၊

(ခ) တစ်ဘက်၏ အတိုက်ဓာတ်အဆင်းစသော အာရုံခြောက်ပါး၊

(ဂ) ထိုနှစ်ခုတို့အကြားမှ ပေါက်ဖွားလာသည့် မြင်သိ စသော ဝိညာဉ် ခြောက်ပါး၊

အထက်ပါ အတိုက်အခံတို့၏ ဖောက်ပြန်မှုကြား ရှစားရာမှ ပေါ်ထွန်းလာသော အမှန်တရား ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ဘုရားရှင်၏ ဘုန်းတော်ခြောက်ပါး ကျက်စားရာ (တောက်ပွားရာ) အစ

http://www.dhammadownload.com



ဖြစ်ခြင်းကြောင့် လည်းကောင်း၊ တရားဂုဏ်ဟိတ်တို့ ဘယ်လောက်ပင် များများ ဤခြောက်ပါးမှာသာ သွင်း၍ တရားဂုဏ်ခြောက်ပါး ပြထားခြင်း ဖြစ်ပါတယ်။

၃။ တစ်ဖန် သံဃာ့ဂုဏ်စွမ်းသတ္တိ ကိုးပါး ရှိနေခြင်းမှာ

(က) သံဃာ ဟူသည် နဝင်းဂုဏ်ရှင် ရှင်တော်မြတ်ဘုရား၏ သားတပည့် ဖြစ်ခြင်းကြောင့် လည်းကောင်း၊

(ခ) ၎င်းတို့ ကိုယ်တိုင် လောကုတ္တရာတရား ကိုးပါးကိုင် ဖြစ်နေခြင်းကြောင့် လည်းကောင်း၊ သံဃာ့ဂုဏ်ထူး ဘယ်လောက်ပင် များများ ထိုသည့်အကြား ဌာပနာထား၍ ကိုးပါးသာ ပြထားပါသည်။

ထိုဘုရား၊ တရား၊ သံဃာ့ ဂုဏ်များကို ပေါင်းလိုက်သော် ၂၄-ပါး (နှစ်ဆယ့်လေးပါး) ရှိနေပါတယ်။ ဤနှစ်ဆယ့်လေးပါးသည် ပဋ္ဌာန်းဒေသနာစဉ်အရ ထိုရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးများကို ထိုရတနာသုံးပါးတို့နှင့် ပဋ္ဌာန်းဆက် ဆက်မိကြလေသော သူတို့သာ ခံစားခွင့် ရှိနေပါသည်ကို ညွှန်ပြနေပါသည်။ အခြားတို့ကား အဆက်ခြားသဖြင့် စိတ်ဝင်စားမှုပင် မပြုကြပြီ။

(မဂ္ဂုဒ္ဒေသကကထာ၊
စာ ၉၃၊ ၉၄၊ ၉၅)

ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော် ကိုးပါး ဘာ့ကြောင့် ထားရတယ်ဆိုတာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက အဲ့ဒီလို ဖော်ပြ ရှင်းလင်းခဲ့ပါတယ်။ ရတနာ

http://www.dhammadownload.com



သုံးပါးရဲ့ဂုဏ်တော်ပေါင်း ၂၄ ပါးနဲ့ ၂၄ ပစ္စည်း ပဋ္ဌာန်းဆက်မိကြပုံကိုပါ နောက်ဆက်တွဲ သဘောပေါက်ခွင့် ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ။

(အညွှန်း - ၁၃၅၇ ခုနှစ်ထုတ်၊ မဂ္ဂဒေ့ဒေသတ တဏာ)

http://www.dhammadownload.com



# ဗြဟ္မာဝိဟာရတရား လေးပါး ဘာ့ကြောင့်ထား (ဝါ) အမြတ်ထွက်သော နေနည်းလေးမျိုး

လောကကြီးမှာ ဗြဟ္မာစိုရ်တရား ရှားပါးလာပြီဆိုတဲ့ ပတ်ဝန်း ကျင်ရဲ့ ညည်းညူသံတွေ ကျယ်ကျယ်လောင်လောင် ကြားဖူးကြပါ လိမ့်မယ်၊ အဓိပ္ပာယ်ကတော့ မေတ္တာ ကရုဏာတရားခေါင်းပါးလာပြီ၊ မုဒိတာနဲ့ ဥပေက္ခာတရားလည်း ရှားပါးလာပြီဆိုတဲ့ သဘောပါပဲ။ အဲ့ဒီ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများဟာ ဗြဟ္မာကြီးတွေ လက်ကိုင်ထားလေ့ရှိလို့ ဗြဟ္မာဝိဟာရ တရားလေးပါး (ဝါ) ဗြဟ္မစိုရ် တရားလေးပါးလို့လည်း ဆိုရပါတယ်။ အရိယာသူတော်စင်ကြီးတွေ ဟာ ဒီတရားလေးပါး လက်ကိုင်ထားပြီး အမြတ်ထွက်သောနေနည်းနဲ့

http://www.dhammadownload.com



နေလေ့ရှိပါတယ်။ ဆရာတော်ဘုရားကြီးက ဘယ်လို ဥပမာ ပြထားသလဲဆိုရင် -

(က) တစ်ဦးသည် ငွေကို ရအောင်စု၍ စုမိသမျှ အတိုးချထား၏။

(ခ) တစ်ဦးကား ငွေကို အတိုးဖြင့် ချေးငှား၍ ဖဲကစား၊ ဘိန်းစား၊ အရက်သောက်စားပစ်၏။

ထိုနှစ်ဦးတို့တွင် (က) အမှတ်ပြသည်သာ အမြတ်ရသွားမည်။ မြတ်ပြီးရင်း မြတ်နေမည်။ (ခ) အမှတ်ပြထား အရှုံးပေါ် အရှုံးဆင့်၍ ရှုံးပြီးရင်း ရှုံးရင်းသာတည်း။

ဗြဟ္မာစိုရ်တရားလေးပါး လက်ကိုင်ထားသူဟာလည်း ဘဝမှာ အရှုံးမရှိ၊ အမြတ်ချည်း ထွက်လို့သာ နေပါတယ်။ ဒီတရားလေးပါးဟာ ဘာ့ကြောင့် ဘယ်ပုံ အမြတ်ထွက်စေပါသလဲ။

## (က) မေတ္တာဖြင့် နေခြင်း

⊛ မိမိသည် ဘေးရန် မတွေ့ချင်ပါ။

မိမိ၌ ဘေးရန်ကင်းချင်သလို တစ်လောကလုံးကိုလည်း ဘေးရန်ကင်းစေချင်သော တစ်ကိုယ်ချင်း စာနာထောက်ထား၊ ကိုယ်ချင်းစာတရားဖြင့် အမျှမေတ္တာ ပွားများပို့သနေခြင်းမျိုးသည်လည်း ကောင်း၊

⊛ မိမိသည် သောက မဖြစ်ချင်ပါ။

မိမိ၌ သောကကင်းချင်သလို တစ်လောကလုံးကိုလည်း မိမိနှင့် ထပ်တူထပ်မျှ သောကကင်းစေချင်သော စိတ်ထားဖြင့် အမျှမေတ္တာပွားများ ပို့သခြင်းမျိုးသည်လည်းကောင်း၊

http://www.dhammadownload.com



❁ မိမိသည် စိတ်မဆင်းရဲလိုပါ။
မိမိ၌ စိတ်ဆင်းရဲခြင်း ကင်းချင်သလို တစ်လောကလုံးကိုလည်း မိမိနှင့် ထပ်တူထပ်မျှ စိတ်မဆင်းရဲစေချင်သော စိတ်ထားဖြင့် အမျှမေတ္တာပွားများ ပို့သနေခြင်းမျိုးသည် လည်းကောင်း၊

❁ မိမိသည် ကိုယ့်ကိုယ်ကို ချမ်းချမ်းသာသာ ထားလိုပါသည်။
မိမိ၌ ချမ်းသာမှု အဝဝ ပြည့်ဝနေစေချင်သလို တစ်လောကလုံးကိုလည်း မိမိကဲ့သို့ပင် ချမ်းသာမှု အဝဝ ပြည့်ဝစေချင်သော စိတ်ထားဖြင့် အမျှမေတ္တာပွားများပို့သခြင်းသည် လည်းကောင်း။

အထက်ပါ လေးမျိုးတို့သည် မိမိရန်ကင်း ဒဏ်ကင်းနေစဉ် ထိုစိတ်ဖြင့် တစ်လောကလုံးသို့ ဖြန့်ဝေပို့လွှတ်နည်းများ အဖြစ်ပို့သနေခြင်းများဖြစ်၍ အမျှမေတ္တာပို့နည်းဆိုရင် –

အဝေရာပေါဟ္ဂျ ုမှ သုခီ အတ္တာနံ အထိ။

## (၁) ဂရုဏာဖြင့် နေခြင်း

တစ်ဖန် မိမိကား ကိုယ်၏ အညှဉ်းပန်းခံနေရသော ဒုက္ခမျိုး မရှိ၊ အခြားတို့မှာမူကား အချုပ်နှောင်ခံနေရခြင်း၊ အရိုက်နက်ခံနေရခြင်း၊ အစာရေစာ ပြတ်တောက်နေခြင်း စသည့် ကာယိက ဒုက္ခများ အလူးအလိမ့် ခံစားနေကြရရှာသည်ကို မျက်မြင်နားကြားအားဖြင့် လည်းကောင်း၊ အတွေးအားဖြင့် လည်းကောင်း၊ သိနေဆဲရှိရာ ၎င်းတို့ကို သနားစိတ်ဖြင့် မျှော်၍ ထိုသူအားလုံး ဒုက္ခမှ လွတ်မြောက်ကြပါစေ ဟူ၍ ပွားပို့နေခြင်းမျိုးသည် ကရုဏာ။ မေတ္တာပို့ ဆိုရင် ဒုက္ခာ မုဥ္စန္တု။

http://www.dhammadownload.com



## (ဂ) မုဒိတာဖြစ်နေခြင်း

တစ်ဖန်လည်း မိမိ၌ကားရပြီး ဘဝနှင့် စည်းစိမ်များ မြဲရန် မသေချာပေ။ သို့မဟုတ် ထိုအဆင့်မီ ဘဝစည်းစိမ်မျိုးကို လက်ဝယ် မရောက်သေး။ အခြားတို့မှာမူကား အဆင့်အတန်းမီသော ထိုဘဝ ထို စည်းစိမ်မျိုး ကိုယ်စီကိုယ်င ခံစားနေကြပြီ ဖြစ်၏။ ထိုအခါ ထိုသူ အားလုံး တို့ကို မှန်းမျှော်၍ အကြင် ... အကြင် လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားမိပြီး သော ဘဝသုခ၊ ဘောဂသုခတို့အောက် ထိုသူများ မယုတ်လျော့ကြပါ စေနှင့် ဟူ၍ ဝမ်းမြောက်စိတ်ဖြင့် ပွားပို့နေခြင်းမျိုးသည် မုဒိတာ။ မေတ္တာ ပို့ဆိုရင် သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု။

## (ဃ) ဥပေက္ခာဖြင့် နေခြင်း

နောက်ထပ်တစ်ဖန် မိမိ လက်လှမ်းမမီသဖြင့် ဆိုးကြောင်း ကောင်းကြောင်း ကြားမိပါသော်မှ မိမိ ဝင်မကူသာရှိနေသော တစ်လော ကလုံးကြီး ဖြစ်မှုပျက်မှုများသို့ စိတ်မှန်းလှမ်းမျှော်၍ ထိုသူအားလုံး တို့သည် ကိုယ်ပြုသည့် ကံအတိုင်း စံရ၊ ခံရခြင်းမျှသာ၊ မည်သူတစ်ဦး တစ်ယောက်၏ ပယောဂကြောင့် စံရခံရသော်ကား မဟုတ်ဟူ၍ ကံသာ လျှင် အမှုသည် ဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်နိုင် ကြပါစေဟူ၍ ပွားပို့နေခြင်း မျိုးသည် ဥပေက္ခာ။ မေတ္တာပို့ဆိုရင် သဗ္ဗေ သတ္တာ ကမ္မဿကာ။

ဆိုခဲ့ပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လေးမျိုးတို့ကို ပွား၍ နေတတ်သောသူသည် -

http://www.dhammadownload.com



(က) မိမိနှင့် တန်းတူများအပေါ် ပြိုင်ဆိုင်ရမှု မာနမဝင်တော့ပါ။

(ခ) မိမိအောက်များအပေါ် ဝန်တိုမှု မစ္ဆရိယလည်း မဝင်တော့ပါ။

(ဂ) မိမိအထက်တို့အပေါ် မနာလိုမှု ဣဿာလည်းမဝင်တော့ပါ။

(ဃ) မသိသူတို့အပေါ်၌ စိတ်မဝင်ဆန့်မှု မောဟလည်းမဝင်တော့ပါ။

ထိုအယုတ်တရားဆိုး လေးမျိုးတို့ မဝင်သာတော့ခြင်းကြောင့် ချစ်ခြင်း မုန်းခြင်းမှ ဖြစ်သော ချစ်ကြွေး၊ မုန်းကြွေးများလည်း မတင်တော့ပါပြီ။ ထိုကြွေးများ မတင်တော့ပါလျှင် မိမိလုပ်သမျှမိမိသာ ရစေတော့ရကား အမြတ်ဘဝချည်း ရစေပါမည်။ သို့ကြောင့် ထိုလေးမျိုးသော စိတ်ထားဖြင့် နေလေ့ရှိသောသူကို အမြတ်ရသမားဟူ၍ သမုတ်ကြပါသည်။ "သူမြတ်ဘွဲ့ထူး" ဆွတ်ခူးရရှိခြင်း ဖြစ်ပါသည်။ ထိုမြတ်သော နေခြင်းမျိုးကို -

ဘုရားရှင်သည် လင်းလွန်းဗောဓိပင်အောက်ဝယ် ခုနစ်ရက်လုံးလုံး တစ်လောကလုံးသို့ ဖြန့်ဝေပို့လွှတ်ကာ နေတော်မူခဲ့ပါသည်။ ထိုမှစ၍ ၄၅ ဝါ တိုင်အောင်ပင် ထိုစိတ်ထားတော် လေးမျိုးတို့ဖြင့်သာ နေတော်မူခဲ့ပါသည်။ ၎င်းကို အာရုံပြု၍ ဦးစွာ မိမိအတွက် ထိုမေတ္တာဆုကို တောင်းပါ။ ထို့နောက် မိမိရသကဲ့သို့ တစ်လောကလုံးလည်း ကိုယ်စီကိုယ်င အညီအမျှ ရကြပါစေရန် မုန်းမျှော်၍ အမျှမေတ္တာပို့လွှတ်ပေးပါလေ။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အဲ့ဒီလို ကျယ်ကျယ် ပြန့်ပြန့် ပြည့်ပြည့်စုံစုံ အလင်းပြတော်မူခဲ့ပါတယ်။ ဒါကြောင့် မိမိဘဝနဲ့ ပတ်ဝန်းကျင် ကမ္ဘာလောကကြီး ကောင်းစားချမ်းသာစေချင်ရင် မေတ္တာ၊ တရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မာ့ဝိဟာရ တရားလေး ပါး

http://www.dhammadownload.com



လက်ကိုင်ထားရမယ်လို့ ဆိုချင်ပါတယ်။ ဒါသည်ပင်လျှင် အမြွတ်ထွက်သော ဘဝနေနည်း စစ်စစ်ဖြစ်ကြောင်းပါဗျာ။ ။

(အညွှန်း-၁၃၅၅ခုနှစ်ထုတ်မဂ္ဂဇင်းသတကကထာ၊
တ၁၂၆မှ၁၂၉အထိ)

http://www.dhammadownload.com



# ရွှေငွေမြပတ္တမြားဘာ့ကြောင့်ဆောင်ထားကြပါလိမ့်

ကိုယ်မြတ်နိုးရာ ရတနာ ...

လောကီနယ်ပယ်မှာတော့ ကိုယ်မြတ်နိုးရာ ရတနာ လုပ်နေကြတာပါပဲ။

ရွှေငွေ စိန်ကျောက်တွေ မက်လောက်စရာ လိုချင်စရာမြတ်နိုးစရာ ဖြစ်လေတော့ ဒါတွေသာလျှင် လောကီရတနာလို့ ဆိုကြတာပ၊ ရွှေ ငွေ စိန် ကျောက်တွေ ဖယ်တောက်ပြီး မကစားနိုင်တဲ့ ဆင်းရဲသားမိသားစုအကြား သားကလေး၊ သမီးကလေးတွေ မွေးလာပြန်တော့ မြတ်နိုးစရာပဲမို့ သားရတနာ သမီးရတနာလို့ ဆိုကြပြန်တာပ။ ဒါ့ကြောင့် ရတနာဆိုတာ မြတ်နိုးရာကို ခေါ်တာပါလေ။ ရွှေ ငွေ စိန် ကျောက်တွေ

http://www.dhammadownload.com



ဆိုတာ လူတို့အတွက်သာ ရတနာ၊ နွားတို့အတွက်ကား ရတနာမမည် ထိုက်တော့ပြီ။ ရွှေ ငွေ စိန်ကျောက်တွေ နွားကို သွားကျွေး၊ လှည့်တောင် ကြည့်မည် မဟုတ်ပြီ။ နွားတို့အတွက်ကား မြက်သာလျှင် ရတနာ၊ မြက် သာလျှင် မြတ်နိုးရာ တန်ဖိုးအမှန် ...။

ဒါ့ကြောင့် လောကီရတနာဆိုတာ ပညတ်နယ်အတွင်းက တန်ဖိုး စံနှုန်းသတ်မှတ်ချက်မျှသာ။ ဒီနေ့လူတွေ ရွှေငွေမြပတ္တမြားစတဲ့ ရတနာကြွယ်ဝမှု ချင်းပြိုင်နေကြတယ်။ တစ်ကယ်က ဒီရွှေငွေ ရတနာ တွေရဲ့ငွေတန်ဖိုးနှုန်းထား ကြီးမြင့်မှုဟာ မူလ ပဓာနတန်ဖိုး မဟုတ်ပါ။ ရွှေ ငွေ ရတနာတွေရဲ့မူလဂုဏ်သတ္တိဟာ ဂုဏ်ပြိုင်စရာ ကြွားဝါစရာ အဆင့်အတန်း သတ်မှတ် ဖော်ပြရန်အတွက် မဟုတ်ခဲ့ပါ။ ဒီလောကီ ရတနာတွေကို လူတွေ ဘာ့ကြောင့် ဝတ်ဆင် သုံးဆောင်ခဲ့ကြပါသလဲ။ မူလ ရည်ရွယ်ချက်ဟာ ဝါကြွား ဂုဏ်ပြိုင်ဖို့ မဟုတ်ကြောင်း ကျေးရှူးရှင် ဆရာတော်ဘုရားကြီးရဲ့ဖော်ထုတ်ရှင်းပြချက်များနဲ့ ညှိနှိုင်း တိုက်ဆိုင် သုံးသပ်ကြည့်ကြပါကုန်။

" ရွှေတို့ ကြေးတို့ဆိုတာ အလွန်အေးတဲ့ မြေဆီက ဖြစ်လာ တာ။ ဒါ့ကြောင့် သူတို့ဓာတ်သတ္တိက အလွန်အေးတယ်၊ ဒါ့ကြောင့် ရွှေ တို့ ကြေးတို့ ဆောင်ထားရင် ပူတဲ့စိတ်ကလေး အေးပြီး နွေးတဲ့ ကိုယ် လည်း အေးမြစေတတ်တဲ့အတွက် ဆောင်ထားရတာ။ ငွေ ဆိုတာက တော့ ကိုယ်မှာ ဖြစ်တဲ့ အဆိပ်တောက်တွေ ရွာချပစ်နိုင်စွမ်းရှိတယ်။ ကလေးတွေကို ငွေခြေကျင်း ငွေခြူကလေးတွေ ဆွဲပေးထားရတာ အဆိပ် တောက်ရှိတဲ့ မြွေ၊ ကင်းစတဲ့ အကောင်တွေ ရှောင်သွားအောင် လို့၊ မြကတော့ စီးပွားတတ်အောင်လို့၊ ကျောက်စိမ်းနဲ့ မြ သဘော

http://www.dhammadownload.com



အတူတူပဲ။ ပတ္တမြားကျတော့ စိတ်ရဲရင့်ခြင်းကို ဖြစ်စေတယ်။ ရှေးက ရှင်ဘုရင်တွေ ပတ္တမြားဆောင်လေ့ရှိတာ ရဲရင့်စိတ်ကြီးမားအောင်လို့၊ ပုလဲကတော့ ကျက်သရေကို ဖြစ်စေတတ်လို့ ဆောင်ထားလေ့ရှိကြတယ်။

"ရတနာလို့ ခေါ်တဲ့ တွင်းထွက်ကျောက်မျက်တွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ဓာတ်သတ္တိနဲ့ လူတွေကို အကျိုးပြုတဲ့အတွက် အသုံးတည့်တယ်၊ အသုံးတည့်တော့ မြတ်နိုးကြတယ်၊ မြတ်နိုးကြလို့ ရတနာလို့ ဆိုရတာပဲ။ ဒါပေမယ့် လောကီရတနာတွေ ဆိုတာပညာတ် နယ်ပယ်ထဲက သတ်မှတ်ချက်တွေပဲ၊ ရှင်ဘုရင်အတွက် ပြည်တန်ပတ္တမြားကြီး ဖြစ်ပေမယ့် မျောက် သွားကျွေးတော့ ငှက်ပျောသီး တစ်လုံးသာ ရတနာပေါ့။ အသုံးတည့်ရာ မြတ်နိုးရာကိုပဲ ရတနာလို့ ဆိုနေကြတာ မဟုတ်လား"။

"တို့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကတော့ လူ နတ် ဗြဟ္မာ ငရဲ တိရစ္ဆာန် ပြိတ္တာ သုံးဆယ့်တစ်ဘုံလုံးအတွက် အားကိုးရာ မြတ်နိုးရာ ဖြစ်လို့ ရတနာမြတ်သုံးပါးသာ ရတနာအစစ် ဖြစ်တယ်"။

သရဏဂုံသုံးပါးရဲ့တန်ဖိုးကို ဖော်ထုတ်ရင်း ရွှေငွေ ပတ္တမြား စတဲ့ လောကီရတနာတွေရဲ့ မူလအသုံးကို ဆရာတော်ဘုရားကြီးက သာသာလေး ပြောသွားလိုက်တာ .... ကျွန်တော်တို့ အတွက်တော့ ကြောင်း ကျိုးခိုင်လုံတဲ့ သုတအဖြစ် မှတ်သားခဲ့ရပြန်ပါပကော။

(အညွှန်း – ၁၉၉၇ နတ်တလ‌ေတာရတရားပွဲမှ၊
၃၆ မတ်လထုတ် အနုပုဗ္ဗီကကထာ၊ စာမျက်နှာ ၁၂၇)

http://www.dhammadownload.com



# ကာမဂုဏ်ခံစားရှုံးအား ဘာ့ကြောင့်ကြီးခဲ့ရ

၁၉၉၆ ခုနှစ် ...

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး သံလွင်အရှေ့ခြမ်း သုဝဏ္ဏ သျှမ်တောင်မှာ သီတင်းသုံးနေစဉ် ကျွန်တော်တို့ အရောက် သွားဖူး မြော်ခဲ့စဉ်က ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးက အကျင့်မြတ် သီလ သိက္ခာနှင့် ဆက်စပ်ပြီး "အပြဟ္မာ စရိယာ" (မမြတ်သော အကျင့် - မေထုန် မှီဝဲသော အကျင့်) နဲ့ ပတ်သက်ပြီး ...

"ဘာဖြစ်လို့ မမြတ်တာလဲ၊ ဘာ့ကြောင့် မမြတ်တာလဲ" လို့ အမေးရှိခဲ့ဖူးတယ်။

ကျွန်တော်တို့ နှုတ်ဆိတ်နေစဉ်မှာပဲ ဆရာတော်ဘုရားကြီး က ...

http://www.dhammadownload.com



"မဖြတ်တာ ရှုံးလို့ပေါ့ဗျ၊ ရှုံးတာ ဘာ့ကြောင့် ရှုံးတာလဲ" လို့ အဖြေနဲ့ တစ်ဆက်တည်း အမေးရှိတော်မူပြန်ပါတယ်။ ကျွန်တော်တို့ နှုတ်ဆွံ့အနေလျက်က ဆရာတော်ဘုရားကြီးရဲ့အဖြေကို ငံ့လင့်နေလျက် ရှိခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးထံတော်မှ ရေတံခွန်စီးကျသကဲ့သို့သော အဖြေမှာကား ...

"သားမယား လုပ်ကျွေးနေတယ်ဆိုတာတွေ လင့်ဝတ်မယားဝတ် ဆိုတာတွေ လူကြားကောင်းအောင် ပြောနေတာ၊ အရင်းခံက ကြိုက်စိတ်တဏှာ ကြိုက်စွဲတဏှာ ပူဆာတဲ့အတိုင်း ကာမဂုဏ်စံစားချင်လို့၊ ဟုတ်မဟုတ် ကိုယ့်ဟာကိုယ် ပြန်ကြည့်ပြန်မေး၊ တစ်သက်လုံး ကျွေးမွေးသုတ်သင် ပညာသင်ပေးလိုက်တဲ့ မိဘကျေးဇူး ကျေးဇူးကြီးပါတယ် ပြောပြီး အနန္တဂိုဏ်းဝင်ဆိုပြီး လုပ်ကျွေးကြလို့လား၊ ပြုစုကြလို့လား၊ လင်မယားချင်း ကျတော့ပြုစုလိုက်ကြတာ၊ တယ်ပြီး ဝတ္တရားကျေချင်ကြတာပဲ၊ မိဘလုပ်ကျွေး မိဘကျေးဇူးဆပ်တာ ဖြတ်တယ်ဆိုတာ နားလည်ရက်နဲ့ လင်လုပ်ကျွေး မယားလုပ်ကျွေးနဲ့ အမြတ်မှ အရှုံးသို့ကူးသွားတာ ဘာ့ကြောင့်လဲ၊ အဲ့ဒါကြောင့်ပဲ အဲ့ဒီအချိန်ကစပြီး အဲ့ဒီ ကာမဂုဏ် မေထုန်အကျင့်တွေက စပြီး တို့လူသားတွေ အမြတ်မှ အယုတ်သို့ လျောကျလာခဲ့တယ်" လို့ အစချီပြီး ကာမဂုဏ် စံစား ရှုံးအားဘာ့ကြောင့် ကြီးခဲ့ရတယ်ဆိုတာ ဟောပြ သွန်သင်ပါတော့တယ်။ မင်္ဂလာဓာရဏကထာ ကျမ်းစာမှာလည်း ဒီသဘော စောကြော ဖော်ပြခဲ့ပါတယ်။

အရွယ်ရောက်စ လင်စိတ် မယားစိတ်တွေ မပေါက်ကြခင်က သားတို့ သမီးတို့ စိတ်ကြည်လင် လန်းဆန်းနေကြတယ်။ စိတ်ထား

http://www.dhammadownload.com



တွေလည်း တစ်ကိုယ်ကောင်းမဆန် မြင့်မားနေတတ်ကြလေတယ်။ ဟော ... အားလုံးထဲမှာ သူ့ကိုမှ သူ့ကို ဖြစ်လာပြီ။ သည်အချိန်က စပြီး အလိုမကျမှု၊ အားမရမှုတွေကနေ စိုးရိမ်ပူပန်မှု၊ စိတ်မချမှု၊ ငါပိုင် သိမ်းပိုက်လိုမှုတွေ ဆင့်ကဲ ဆင့်ကဲ တက်လာ လိုက်ကြတာ ကြည် စိတ်ပျောက်လို့ နောက်စိတ်တွေ ဖောက်လာခဲ့ကြပြီ။ အချိန်ရှိသရွေ့ တစ်ယောက်တည်းအတွက် ကြံကြမယ်၊ သူ့စိတ်မှ သူ့စိတ် တစ်ခု တည်း ဖြစ်လာကြမယ်။ သည်အချိန် ကိုယ့်အသက်ကိုတောင် သူ့ လောက် မချစ်တော့ဘူး ဆိုကတည်းက သူ့အောက်ရောက်သွားပြီ ဖြစ် လို့ အောက်ကြို့ခံတဲ့ အောက်တန်းစားဘဝ လုလုကြီး ရောက်ခဲ့ရပြီ မဟုတ်လား။ လိုသလို ရလာပြီဆိုပါတော့။

- လိုစိတ်သည် ပိုစိတ်ကို ဦးခေါင်းနင်းလျက်က ရှေ့သို့ချည်း ရုန်း နေတတ်တယ်။
- လိုစိတ်သည် အားမရမှုကို အပါခေါ်လျက်က ရှေ့သို့ချည်း အတင်း ရုန်းနေတတ်တယ်။

လိုသလိုရလို့ လိုဘပြည့်တယ် မထင်ကြလေနဲ့။ လိုလားတော့ နှစ်သက်၊ နှစ်သက်တော့ မြတ်နိုး၊ မြတ်နိုးတော့ တွယ်တာကြပြီ၊ သည် လို ကိုယ်အမြတ်နိုးဆုံး ပြုံးပြုံးကြီး ကြည့်နေရတဲ့အချိန်ဘာကိုမှ နောက် ထပ်မသိ၊ မြတ်သော ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာ့ အာရုံတို့ကား အနားမှ သီခွင့်မရပြီ၊ ရှိသမျှအား မယားမှတစ်ပါး၊ တခြား မသုံးလိုပြီ။ ရှိသမျှစည်းစိမ် မယားအိမ်ကလွဲလို့ တခြားအိမ် မပို့လိုပြီ။

သို့နှင့် အပေါင်းကြာလို့ အပိုကြေးပြ ကိုယ်ဝန်ရလာကြပြီ ဆို ကတည်းက သားဟယ် သမီးဟယ် ထွက်မလာခင်က ကြိုတင်ချစ်ခြင်း

http://www.dhammadownload.com



ဖြင့် ချစ်နေကြပြီ။ မိဘအိမ်နေလျှင် ရရှိငွေ မိဘလက်ထဲ မအပ်လိုပြီ။ ရပစ္စည်း မိဘကိုချည်း ပုံမပေးလို၊ ယောကျ်ားမဆိုလျှင်တော့ ထို့ထက် ဆိုးပြီ၊ သမီးဘက်ကလည်း ပြုသမျှ ဝေယျာဝစ္စလင်တစ်ဦးတည်းသာ ဖြစ်စေလိုတယ်။ လင့်အဝတ်ကိုသာ လျှော်လိုပြီး လင်စားဖို့ကိုသာ ချက်ပြုတ်လိုပြီး မိသော၊ ဖသော၊ အစ်ကိုသော၊ မောင်သော မရောလိုပြီ။

လင်နဲ့မယား အလိုကျလာကြသလောက် မိဘနဲ့နေရမှာကို အလိုမကျချင်မိ၊ မိဘ ပေးကျွေးရမှာကိုလည်း အလိုမကျချင်မိ စိတ်ထားတွေ ဘယ်လောက်ယုတ်လာကြသလဲ။ သို့နှင့် အိမ်ခွဲဖို့ကြိုးစား၊ တို့နှစ်ဦးသား လွတ်လပ် ပျော်ရွှင်စွာ နေကြဖို့လို့ စဉ်းစားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အိမ်ခွဲစို့၊ အိမ်ခွဲစို့ရဲ့နဲ့ပဲ မိဘ သပိတ်မှောက်ခဲ့ကြတာ မဟုတ်လား။

မကြာပါချေ။ လောကကြီးမှာ နှစ်ယောက်ထဲ ထင်နေရာမှ သားတစ်ယောက် ထွက်လာပြီး ပော ... နောက်တစ်ယောက်... နောက်တစ်ယောက်နဲ့ လမ်းပေါက်လျှင် သာသလောက် ညှေ့သည် (သားသမီးတွေ) တသီကြီး ရောက်လာကြလေရဲ့၊ လူပျိုဘဝ အပျိုဘဝတုန်းက ပျော်ရွှင်ချမ်းမြေ့စိတ်ကလေးနဲ့ ကျောပြင်မှာ ဘို့မရှိခဲ့။ လင်ဟာယ်မယားဟာယ် ဖြစ်လာကြတော့ ငါ့မယားစားဖို့၊ ငါ့လင်စားဖို့နဲ့ ဘို့တစ်လုံးပြီးတော့ နှစ်လုံး ... သည်လိုနဲ့ ဘို့တွေ ပေါက်လာကြတာ ဘို့တစ်လုံးနွားထက်ရှန်းအား ကောင်းလာခဲ့ကြတယ်။

ဒီလိုနဲ့ ရှိသမျှ ဥစ္စာ၊ ရှိသမျှ မေတ္တာ သားသမီးတွေ အပေါ်မှာသာ ပုံလိုက်ပြီ။ ... သည်လိုနဲ့ ကိုယ့်ကိုယ်ပင် မသဒ္ဒါ၊ ကိုယ့်ကိုယ်ပင် မငဲ့ညှာဘဲ မယားအတွက် သားသမီးအတွက် လိုစိတ်များများနဲ့ လက်ကား

http://www.dhammadownload.com



ရား၊ ခြေကားရား ကြိုးစားလာခဲ့ကြတာ စွဲသလောက် ကိုယ်သာ နာပြီး နေမြင့်လေ အရှုံးရင့်လေပဲ။

ဒါတွေဟာ မယားယူ လင်ယူမိခဲ့ကြလို့ ယုတ်လာခဲ့ကြတာ တွေ မဟုတ်လား။ သေတောင်မှ သည်စိတ်များနဲ့ သေလျှင်အိမ်ထောင် မှ အပါယ်ထောင်သို့ ပြောင်းရွှေ့စံကြရဦးမှာ။ စိတ်ထားယုတ်လို့ ရုပ် ဓာတ်ညံ့လာကြတာ၊ လင်ယူသားမွေး အိမ်ထောင်ရေး ဖက်ခဲ့ကြလို့ပဲ။ ကိုယ့်မိ ကိုယ့်ဖ ကိုယ့်ညီအစ်ကို မောင်နှမတွေပစ်ပြီး သူတစ်ပါးသမီး ခေါ်ယူ လုပ်ကျွေးနေရတာထောက်လျှင် ဘယ်လောက်ယုတ်လို့ ဘယ် လောက် အရှုံးပေါ်နေပြီ ဆိုတာ ချိန်မှန်းသာကြည့်ကြပေရော့။ သမီးတို့ မှာ ကိုယ့်မိကိုယ့်ဖ၊ ကိုယ့်မောင်၊ ကိုယ့်ဖွား အသာထားပြီး သူတစ်ပါး သား လက်ခံပေါင်းသင်းကာ လင်ညှင်းလျှင်ခံ၊ လင် မာန်လျှင်ခေါင်းငုံ့၊ လင်ပြုံးလျှင် ပြုံးတုံ့တုံ့နဲ့ ပြုသမျှဒဏ်ခံနေရတာ ထောက်လျှင် ဘယ် လောက်အထိ ယုတ်ပြီး ဘယ်လောက်အထိ အရှုံးပေါ်နေတယ် ဆို တာ ရိပ်မိကြပေကရော့။

သို့ကြောင့်လည်း သည်လင်ခန်း မယားခန်းကို မမြတ်သော မေထုန်အကျင့် လို့ ဆိုတာ။

ဒီလောက်ဆိုလျှင် ကာမဂုဏ်ခံစား ရှုံးအား ဘာ့ကြောင့် ကြီးခဲ့ ရကြောင့် ပေါ်လွင်ပေပြီ။ အရှုံးကို သိလျှင် အမြတ်ကို လှမ်းမြင်သာပြီမို့ မြတ်သော သိက္ခာစဉ် တင်နိုင်ကြပါစေသတည်း။

(အညွှန်း - ၉၆၊ သုဝဏ္ဏသျှမ်တောင်ဆြဒါး၊
၉၄ ခုနစ်ထုတ် မင်္ဂလာဓာရဏ ကထာ စာ ၁၅၅ မှ ၁၅၉ အထိ)

မဋ္ဌိမစာပေတိုက်

http://www.dhammadownload.com



# ရဟန်းသံဃာတို့ကို ဘာ့ကြောင့်ဖူးမျှော်

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက "လောကဝေါဟာရ" တွေကို ဓမ္မအမြင်နဲ့ သီးသန့်အဓိပ္ပာယ်ဖွင့်ပေးလေ့ ရှိခဲ့ပါတယ်။ ဥပမာ ပေါက်ကရ လေးဆယ်၊ မသိမသာ၊ ဖြုန်းစားကြီး၊ သည်းခံ ... စတဲ့ နေ့စဉ်သုံး ဝေါဟာရတွေရဲ့ ဓမ္မအဓိပ္ပာယ်ကို မကျဉ်း မကျယ် လွယ်ကူစွာ နားလည်နိုင်အောင် ရှင်းပြပေးထားပါတယ်။ ဝေါဟာရ ၅၃ ခုကို စုစည်းပြီး ဗောဓိမြိုင်စာစဉ်က ၉၉ ဖေဖော်ဝါရီလမှာ "မျက်နှာဖုံးများကို ခွာချခြင်း" ဆိုတဲ့ အမည်နဲ့ စာတစ်အုပ် ထုတ်ခဲ့ပြီး ပါပြီ။ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒခံ ရန်ကုန် သာဟိကာ အသင်း ကလည်း "ဉာဏ ဒဿန ကထာ" လောကကို ထွင်းဖောက် ရှုမြင်နည်း ဆိုတဲ့ စာအုပ်ကို ၉၆ အောက်တိုဘာလ ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။

http://www.dhammadownload.com



အဲ့ဒီစာအုပ်မှာတော့ နေ့စဉ်သုံးစကားလုံး ၃၂ ခုရဲ့ ဖွင့်ဆို ချက်တွေ လေ့လာသိမှတ်ကြရမှာ ဖြစ်ပါတယ်။ တရား လိုလားသူများ သာမက မြန်မာစာ အဓိက ကျောင်းသားကျောင်းသူများ၊ မဟာဝိဇ္ဇာတန်း ကျောင်းသားကျောင်းသူများ၊ မြန်မာစာ သုတေသီပညာရှင်များ အားထားလေ့လာရမယ့် ရှားရှားပါးပါး စာအုပ်ကောင်းများ ဖြစ်ပါ တယ်။

၁၉၉၄ ထုတ် မင်္ဂလာဓာရဏ ကထာမှာလည်း "ရဟန်း သံဃာ" ဖွင့်ဆိုချက်နဲ့ ရဟန်းသံဃာတော်တို့ကို ဘာ့ကြောင့် ဖူးမျှော်ရတယ်ဆိုတာ ဖွင့်ဆိုပေးထားပါတယ်။ ဗုဒ္ဓဘာသာ မြန်မာမှန်သမျှ ရဟန်းသံဃာတို့ကို နေ့စဉ်ဖူးမျှော်နေရပေရာ ဘာ့ကြောင့်ဖူးမျှော်ရတယ်ဆိုတာ ကောင်းကောင်းကွဲကွဲပြားပြား သိသင့်လှပါတယ်။

ရဟန်းဆိုတာ ... ရန်ကိုအောင်လို့ ပူဇော်အထူးကို ခံယူထိုက်သူတို့ရဲ့ အမည်၊

သံဃာဆိုတာ ... ဘုရားရှင်နဲ့ အမြင်တူ အကျင့်တူသူတို့ရဲ့ အစေါ် အဝေါ်၊

၎င်းတို့ ဝတ်ရုံထားသော သင်္ကန်းတော် တို့ဟာ ပူဇော်အထူး ခံထိုက်သူဟူ၍ အများတို့သိအောင် လွှင့်ထူထားတဲ့ အလံတံခွန် (သို့) စစ်ပွဲအောင်သဖြင့် လွှင့်ထူထားတဲ့ အောင်လံတော်၊ အဲ့ဒီ အောင်လံနဲ့ တွဲဖက်ထားတဲ့ ရုပ်ရည်ရူပကာယတော် ကြည့်လိုက်ပြန်တော့လည်း ရန်မီးငြိမ်းလို့ အေးဆေးသော မျက်နှာထား၊ ရန်သူလွတ်လို့ တည်ကြည်သော ဣန္ဒြေ၊ ရန်အောင်ထားလို့ကလက်မှု ကင်းသော တတ်ကြွမှု (လန်းဆန်းမှု) အသွင်၊ သည်လိုဝင့်ဝါ၍ အေးသော ကိုယ်တို့ကို ကြည့်မိရှုမိသူမှာ ဆောင်းကြားသွား ခရီးသွားတွေလိုလည်း အမောပြေစေ

http://www.dhammadownload.com



နိုင်တယ်။ ကိုယ့်ထံရှိ အပူမှန်သမျှ ငြိမ်းပြီး ကိုယ့်ထံ ကိန်းအောင်းနေသော ကိလေသာရန်သူတွေလည်း ငြိမ်ကျသွားစေနိုင်တယ်။

(မင်္ဂလာတရားကထာ၊ စာ ၁၃၈)

ကိလေသာ ငြိမ်းနေသဖြင့် သာမဏော အမည်ရလေတဲ့ ထိုရဟန်းမျိုးတို့နဲ့ တွေ့လျှင် ဖူးလည်းဖူး၊ မျှော်လည်းမျှော်ကြရဦးမယ်ကွဲ့။ ဖူးပြီးမမျှော်လျှင်လည်း သားတို့အတွက် ရှေ့တက်လမ်းမရှိဘူး။ မျှော်ပြီး မဖူးလျှင် အေးငြိမ်းမှုအပြည့် မရဘူး။

ဖူးတယ်ဆိုတာ... သူ့ဂုဏ်လိုက်ကြည့် စိတ်စိုက်ထည့်ထားတာ၊

မျှော်တယ်ဆိုတာ... "သြော်... သူ့လိုငါ ဘယ်တော့များ ဖြစ်မလဲ" လို့ တောင့်တတာ၊

အဲ့ဒီမှာ ဆရာတော်ဘုရားကြီးက ရင်သွေးကလေးများနဲ့ ဆက်ပြီး ဥပမာ ပေးပါတယ်။ ကလေးငယ်များ အရွယ်ရောက်စကြည့် မဝ ရှုမဝ ဖြစ်ကြပြီး သူတို့လေးတွေရဲ့အလှနဲ့ ကျက်သရေကို အရိပ် တကြည့်ကြည့် ပီတိတဝဝဝေ၊ မခိုင်းရက် မစေရက် မပြောရက်နဲ့ ဖူးဖူးမှုတ် ထားကြတယ် မဟုတ်လား။ ဖူးဖူးမှုတ်တယ်ဆိုတာ ရတနာ အပေါ် မြူမတင်အောင် တင်သည့်မြူ ကွာကျသွားစေအောင်ပဲ။

ဒီပမာအတိုင်းပါပဲ။ ကိလေသာ အငွေ့အသက် ကင်းသဖြင့် အေးငြိမ်းဖြူစင်နေတဲ့ ရဟန်းအသွင်ကိုများ ဖူးခွင့်ရလျှင် တောက်နေတဲ့ မီးတောက် ငြိမ်းစေနိုင်တယ်။ ကိုယ်ချင်း ရန်ဖြစ်နေကြတယ်၊ ရဟန်း အသွင် မြင်မိတာနဲ့ တိတ်သွားပြီ။ ကိုယ်ချင်းတပ်မက် ငြိစွန်းမှုများနဲ့ တွေ့နေကြမယ်၊ ရဟန်း မိမိတို့ ရှေ့သို့လာရပ်လိုက်တာနဲ့ ပြေသွားပြီ။ ဒါက တင်သည့်မြူ ကွာကျစေတာပဲ။ ရဟန်းရဲ့အေးသော ငြိမ်းသော

http://www.dhammadownload.com



အသွင်ကို လည်းကောင်း။ ထိုအသွင်နဲ့ လိုက်ဖက်တဲ့ ဝင်းသောဝါ သော အရောင်အသွေးကို လည်းကောင်း၊ ကြည့်ခွင့် ရှုခွင့်ရချိန်မှာ ပူပန်စိတ် တွေ အေးမြလာတယ်။ နောက်ကျူစိတ်တွေ ကြည်လင်လာတယ်။ ဒါက ကျရောက်လာမည့် မြူမှုတ်ထုတ်ပစ်လိုက်တာပဲ။ ဝင်းဝါတဲ့ အရောင် ဟာ သဒ္ဓါသွေးရှိသူကိုသာ လှုံ့ဆော်ပေးတတ်တာ...။

ဒီလို ဖူးတတ်အောင် သားတို့မှာ သဒ္ဓါနောက် ပညာပါရဦး မယ်။

ပညာပါတဲ့ သဒ္ဓါမှ ပုဂ္ဂိုလ်နဲ့ သံဃာ ကွဲပြားစွာသိ၊ အကျင့်ဂုဏ် နဲ့ ပုဂ္ဂိုလ်ဂုဏ် အစုံညီပြီး ပုဂ္ဂိုလ်စွဲလွတ်မယ့် ဖူးမြင်မှုမျိုးဖြစ်မှာ၊ သို့ မဟုတ်က လူခင်သလိုစင်၊ လူမင်သလို မင်ပြီး သံဃာအပေါ် လူပေါင်း ပေါင်းမိမှားလျှင် တစ်ဖက် ရတနာ သံဃာမှာလည်း မြူတင် စေနိုင် တယ်။

(မင်္ဂလာတရားကထာ စာ ၁၃၉-၁၄၀)

ဤမျှဆိုလျှင်

ရဟန်း သံဃာတို့အား ဘာ့ကြောင့် ဘယ်လို ဖူးမြော်ရတယ် ဆိုတာ အမြင်ရှင်း ထင်လင်းလောက်ပေပြီ။

ရဟန်းသံဃာတို့အား ဖူးရှုမျှသာမက ၎င်းတို့လို ကိလေသာ ရန်စစ်အောင်နိုင်သူ ဘဝမျိုးသို့ မျှော်လည်းမျှော်ကိုးကြပါစို့။

(အညွှန်း - ၉၄၊ မင်္ဂလာတရားကထာ)

http://www.dhammadownload.com



# ဘဝစက်ယန္တရား ဘာ့ကြောင့်ပျက်

ဘဝဆိုတဲ့ ဖြစ်စဉ်တန်းကြီးဟာ သံသရာဆိုတဲ့ လည်ပတ်မှုကြား လူးလွန့်လိုက်ပါနေရတယ်။

လိုက်ပါနေရပုံချင်းတော့ မတူလေဘူး။ တချို့ဒရွတ်တိုက်၊ တချို့အလိုက်သင့်။

"ဘဝပျက် နေပါပြီကွာ" ဆိုတဲ့ စကားလည်း ကျယ်ကျယ်လောင်လောင် ကြားရတတ်ရဲ့။

ဘဝ ကိုယ်တိုင်သည်ပင်လျှင် စက်ယန္တရားတစ်ခုလို လည်ပတ်နေခဲ့တာ၊ ဘဝပျက်တယ်ဆိုတာ စက်ယန္တာရားရဲ့အစိတ်အပိုင်းတစ်ခုခု သို့မဟုတ် တစ်ခုလုံး ပျက်သွားတာ။ ပြည့်စုံကောင်းမွန် ချောမွေ့တဲ့ ဘဝမျိုးကို စာလိုပြောတော့ "သမ္ပတ္တိစက်"၊ ဘဝပျက်ကိုကျတော့ "ဝိပ္ပတ္တိစက်"။

http://www.dhammadownload.com



ဒီကနေ့ ဝိပ္ပလ္လာသစက်ယန္တရား ဝါးမြိုခံနေရသူတွေက အများ စု။ ဘာ၀ စက်ယန္တရား ဘာ့ကြောင့် ပျက်ခဲ့ရပါသလဲ။

ဒက်ခနဲ ပြောရရင် အပျက်တရားတွေသာ သံသရာဘ၀ ဘ၀ တွေမှာ သိုမှီးခဲ့လို့။ အတက်တရား မပျက်တရားတွေအပေါ် မေ့လျော့ ခဲ့လို့။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကတော့ ဆုတ်ယုတ် ပျက်ပြား ခြင်းမရှိစေတဲ့ "စက်လေးပါး" ဘယ်လို တပ်ဆင်လည်ပတ်သင့်တယ် ဆိုတာ ဒီလိုညွှန်ပြထားပါတယ်။

၁။ လုပ်ကွက်မှန် နေရာမှန်ကို စိစစ်ရွေးချယ်တတ်ရခြင်း၊

၂။ ရှေးဘုန်းရှေးကံအပေါ် လက်ရှိကံဆောင်း၍ ကောင်းစွာ ပြုလုပ် ခြင်း၊

၃။ ကိုယ့်စိတ်ကို အကောင်းဘက်သို့ ပြုပြင်တည်ဆောက်ခြင်း၊

၄။ ပညာရှိ သူတော်ကောင်းကို ရှာဖွေ ပေါင်းသင်းခြင်း၊

ဒီစက်လေးပါးရဲ့ သော့ချက်မှာ ကိုယ့်စိတ်   ကိုယ်ပြုပြင်ခြင်း သာ   အဓိက ပါတဲ့။

ဒီစက်လေးပါး အံဝင် ခွင်ကျ  တပ်ဆင်မိလျှင် စက်ကောင်း အဖြစ်နဲ့ သံသရာဘ၀ ခရီးနှင်လိုရာ နှင်လေတော့တဲ့။ ဒီစက်လေးပါး မပြည့်စုံ မမျှတ၊ အထူးသဖြင့် ကိုယ့်စိတ်ကိုယ် မပြုပြင်ရင် စီးပွားရေးမှာ ဝိသမလောဘ (မတော်မတရား အလိုကြီးမှု) ဝင်ရင် စီးပွားရေး ယန္တရား ပျက်မယ်။ လူမှုရေးမှာ ဝိသမမောဟ ဝင်ရင်လူမှုရေးမှာ အပျက်ကြီးနဲ့ လည်ပတ်ရမယ်။ အိမ်ထောင်ရေးမှာ ဝိသမရာဂ ဝင်ရင် အိမ်ထောင်ရေး လည်း အပျက်နဲ့ပဲ လည်ပတ်ရမယ် ဆိုပါတယ်။ ဘာသာရေး နိုင်ငံရေး တွေမှာလည်း ဒီသဘောပါပဲတဲ့။

http://www.dhammadownload.com



လိုရင်းအချုပ်ကတော့ အတိုင်းထက်အလွန်သော လောဘ၊ မောဟ ရာဂ ဆိုတဲ့ "အကျင့်ပျက်" တွေ မွေနှောက်တာ ခံရလို့ ဘဝ စက်ယန္တရား ပျက်ရတယ်လို့ မှတ်သားအပ်ပါတယ်။ ဒါကြောင့် အကျင့်ပျက်နေရာမှာ "အကျင့်ကောင်း" (သီလ)ကို အစားထိုးနိုင်ပါမှ စက်ပျက်တွေ စက်ကောင်းဖြစ်လာနိုင်ပါတယ်။ ဆရာတော် ဘုရားကြီးက "စက်လေးပါး ရဲ့ သော့ချက်မှာ ကိုယ့်စိတ်ကိုယ် ပြုပြင်ခြင်းပဲ" လို့ ညွှန်ပြခဲ့တယ် မဟုတ်ပါလား။

လုပ်ကွက်မှန်ကို အမြင်မှန်စိတ်နဲ့ ရွေးပြီး လုပ်ကွက်မှန်လာရင် ကံပေါ်မယ်၊ ကံပေါ်ရင် စိတ်အံမရော်တော့ဘဲ အမှန်လမ်းပေါ် လျှောက်နေရင် ပညာရှင်တွေရဲ့အားပေးမှုနဲ့ သမ္ဗုဒ္ဓိစက် နောက်ပြန်လှည့်စရာ အကြောင်းမရှိ၊ ရှေ့ကို တည့်တည့်လည်စေပြီး ဘာမဆို လိုသလိုဖြစ်ပြီလို့ ဆိုပါတယ်။ ဒါ့ကြောင့် ဘဝစက်ယန္တရား ဘာ့ကြောင့်ပျက်ခဲ့ရသလဲ အဖြေရှာရင် ဝိသမလောဘ၊ မောဟ၊ ရာဂဖျက်ဆီးလို့၊ ကိုယ့်စိတ်ကိုယ် အကောင်းဘက်သို့ ပြုပြင် တည်ဆောက်ခြင်း မရှိခဲ့လို့ … လို့သာ ဖြေဆိုရမှာ ဖြစ်ပါတယ်။

(အညွှန်း - ၁၉၉၄ ထုတ် မင်္ဂလာဓာရကာတထာ စာ ၄၃)

http://www.dhammadownload.com



# မြတ်စွာဘုရား သာဝတ္ထိရွှေပြည်မှာ ဘာ့ကြောင့်အကြာဆုံး သီတင်းသုံး

ချစ်သား အာနန္ဒာ ...

နောင်အခါ၌ သဒ္ဓါတရားရှိကြသော ရဟန်း၊ ယောက်ျားများ၊ ဥပါသကာ ဒါယကာများ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ လာကြကုန် လတ္တံ့၊

၁။ မြတ်စွာဘုရား ဖွားတော်မူရာ လုမ္ဗနီဥယျာဉ်၊

၂။ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်၊

မဟာပရိနိဗ္ဗာနသုတ်

http://www.dhammadownload.com



၃။ ပဥ္စဝဂ္ဂီ ငါးဦးတို့အား မြတ်စွာဘုရား တရားဦး ဓမ္မစကြာဟောမြွက်ရာ မိဂဒါဝုန်၊

၄။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ မလ္လမင်းတို့၏ ကုသိနာရုံ အင်ကြင်းရုံ၊

ချစ်သားအာနန္ဒာ ... အကြင်လူတို့သည် ဘုရားဖူးခရီး လှည့်လည်မှုပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုအားလုံးတို့သည် ဤခန္ဓာကိုယ် ပျက်စီးသေလွန်ပြီးနောက် နတ်ရွာ သုဂတိသို့ ရောက်ကြကုန်လတ္တံ့။

(မဟာပရိနိဗ္ဗာနသုတ်)

အထက်ပါ လေးဌာနကို သွားရောက်ဖူးမြော် သံဝေဂယူသင့်တဲ့အတွက် အဲဒီလေးဌာနကို သံဝေဇနိယ လေးဌာနလို့ ခေါ်ဆိုပါတယ်။ သံဝေဇနိယ လေးဌာနကို သံဝေဇနိယမှာ မပါပေမဲ့လို့ ဗုဒ္ဓဝင်မှာ အင်မတန် ကျော်ကြားတဲ့ နေရာထူးတစ်ခုကတော့ "သာဝတ္ထိ ရွှေပြည်" ပဲ ဖြစ်ပါတယ်။ သာဝတ္ထိနဲ့ တွဲဖက်ပြီး ဇေတဝန် ရွှေကျောင်းကြီးဟာလည်း ယနေ့တိုင် ကြည်ညိုအောက်မေ့လို့ မဆုံးနိုင်တဲ့ နေရာ ဌာနတစ်ခု ဖြစ်ပါတယ်။

အိန္ဒိယ တစ်ခွင်တစ်ပြင် ဗုဒ္ဓဝင်မှာ ကျော်ကြားတဲ့ နေရာဌာနများသို့ လှည့်လည် လေ့လာ၊ ကြည်ညို ဖူးမြော်၊ အားထုတ် ပူဇော်ခွင့် ရခဲ့ပါတယ်။ ဗုဒ္ဓဂယာ၊ မိဂဒါဝုန် စတဲ့ နေရာတွေလိုပဲ "သာဝတ္ထိ" ကို သုံးကြိမ် သုံးကျော့ ရောက်ခဲ့ရပါတယ်။ ရောက်တိုင်း ရောက်တိုင်းမှာလည်း ဇေတဝန်ဥယျာဉ်တော်ကြီးထဲက မြတ်စွာဘုရား သီတင်းသုံးခဲ့ရာ ဂန္ဓကုဋိကျောင်းတော်ရာကြီးပေါ်မှာ အချိန်ကြာကြာ အားထုတ်

http://www.dhammadownload.com



ပူဇော်နိုင်ခဲ့ပါတယ်။ နောက်ဆုံး တစ်ခေါက် ရောက်သွားတုန်းကတော့ အချိန် ဘယ်လောက်ကြာသွားသလဲ ဆိုရင် ဇေတဝန်ဥယျာဉ်တော်ရဲ့ ဂိတ်တံခါးကြီးများပင် ပိတ်သွားခဲ့ပါပြီ။ ည (၁၀)နာရီခန့်လောက်အထိ တရားထိုင်အပြီး ဂန္ဓကုဋိကျောင်းတော်ရာပေါ်မှာ ...

"သာဝတ္ထိဟာ သံဝေဇနိယ လေးဌာနမှာ မပါပေမဲ့ မြတ်စွာဘုရားရှင် အကြာဆုံး ဝါကပ်တော်မူခဲ့တဲ့ နေရာဖြစ်တယ်။ ဝါတော် ၂၁ ဝါမှ ၄၄ ဝါအထိ မဟာပရိနိဗ္ဗာန်စံတော်မူခါနီး အချိန်ထိ အကြာဆုံး သီတင်းသုံးခဲ့တာ ဘာ့ကြောင့်လဲ။ တခြားနေရာတွေမှာ တစ်ဝါ နှစ်ဝါမျှသာ သီတင်းသုံးခဲ့တာလည်း ရှိတယ်။ သာဝတ္ထိမှာ (၂၄)ဝါ လုံးလုံး အကြာဆုံး သီတင်းသုံးခဲ့တာ ဘာ့ကြောင့်လဲ"။

ဒီလိုတွေး ဒီလို မေးခဲ့ပေမဲ့ ကျေနပ်အားရဖွယ် အဖြေမပေါ် ထွက်ခဲ့ပါ။

အိန္ဒိယက ပြန်လာပြီး မကြာမတင်ခင်မှာပဲ ရှမ်းပြည်နယ် အရှေ့ပိုင်း သုဝဏ္ဏသျှမ်တောင်တော်မှာ သီတင်းသုံး သာသနာပြုနေတဲ့ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားထံတော် အဖူးမြော် ရောက်ခဲ့ပြန်ပါတယ်။ အဲဒီတော့မှ မြတ်စွာဘုရား သာဝတ္ထိရွှေပြည်မှာ ဘာ့ကြောင့် အကြာဆုံး ဝါကပ်တော်မူခဲ့ရသလဲဆိုတဲ့ အဖြေကို ကြောင်းကျိုးနိုင်လုံစွာ ရခဲ့ပါတော့တယ်။

"ကုလားပြည်အနှံ့ ဘုရားရှင် သာသနာပြုတော်မူခဲ့တာပဲ။ သို့ပေမယ့် ဘုရားကို ဘုရားမှန်းမသိ၊ တရားကို တရားမှန်းမသိလို့ ပေးကားပေး၏ မရလိုက်တဲ့ ကုလားတွေ အများကြီးပဲ။ သာဝတ္ထိမှာ ကျတော့ ဝေနေယျတွေဟာ ဘုရားမှန်း တရားမှန်း သံဃာမှန်းသိသိနဲ့ ဘုရား

http://www.dhammadownload.com



စကား တရားစကား သံယာ့စကား နားထောင်လိုက်နာကြတယ်။

ဆိုကြပါစို့။ တို့အရပ်ထဲမှာတောင် ဖအေလုပ်တဲ့သူက သားသမီးတွေ အိမ်သွားလည်တယ် ဆိုပါစို့။ အရက်သောက် ဖဲရိုက်အလေလိုက် ဆိုးမိုက်နေတဲ့ သားရဲ့အိမ်မှာ ကြာကြာနေပ့ါမလား။ မိဘစကားနားထောင်ပြီး ကုသိုလ်ကောင်းမှုဘက်မှာ လိမ္မာရေးခြားရှိတဲ့ သားရဲ့အိမ်မျိုးမှာသာ ဖအေကြီး ကြာကြာနေချင်ပေမပေ့ါ။ အေး ... တို့ အဘဘုရား သာဝတ္ထိမှာ အကြာကြီးသီတင်းသုံးခဲ့တယ်ဆိုတာ ...။

အဲ့ဒီတုန်းက သာဝတ္ထိမှာ လူဦးရေ ဆယ်သန်း (တစ်ကုဋေ) လောက်ရှိတဲ့အထဲမှာ သုံးပုံနှစ်ပုံ ခုနစ်သန်းခွဲကျော်ကျော်ဟာ အရိယာတွေချည်းပဲလို့ ဆိုတယ်။ သူတို့အပါယ်တံခါးပိတ်ကုန်ကြပြီ။ ဒီလောက်သန်းနဲ့ချီတဲ့လူတွေ အရိယာဖြစ်တယ်ဆိုလို့ ဘုန်းကြီးဝတ်၊ မယ်သီလဝတ်ပြီး ကျင့်ခဲ့တာလို့ မထင်ပါနဲ့၊ သူတို့လည်း ခင်ဗျားတို့လိုပဲ အိမ်ထောင်သားမွေးရင်းက ဘုရားစကားအဆုံးအမကို ရိုရိုသေသေ တိတိကျကျ လိုက်နာကျင့်သုံးကြလို့ အရိယာတွေ ဖြစ်ကုန်တာပါ။ ဝိသာခါကြီး ခုနစ်နှစ် သမီးနဲ့ သောတာပန်တည်ခဲ့တာပါပဲ၊ ကြီးတော့ အိမ်ထောင်မပြုဘူးလား၊ ပြုလိုက်တာမှ မွေးလိုက်တဲ့ ကလေးတွေ မြေးတွေ တစ်သီကြီး။ ဒါပေမယ့် သူတို့ရဲ့ ဘဝနေနည်းက အာရုံ ခံစားမှုတွေနောက် ကောက်ကောက်ပါလိုက်ပြီး မေ့မေ့မျောမျောကြီးနဲ့ နေတာ မဟုတ်ဘူး။ လောဘ ဒေါသနဲ့ နေတာမဟုတ်ဘူး။ တရားနဲ့နေတာ၊ အပ္ပမာဒ ဆိုတဲ့ သတိနဲ့နေတာ ...။

နံနက်မှာ ဆွမ်း၊ ညနေမှာ ဆီမီးပန်းနဲ့ရေချမ်း သာဝတ္ထိနေတို့ရဲ့ ဒါနစခန်း။

မဇ္ဈိမဓာတ်ပေါက်

http://www.dhammadownload.com



အသွားတဖြာ အလာတစ်ခန်း သတိတန်းလန်း သာဝတ္ထိနေ တို့ရဲ့ ခြေရျလမ်း ... ။

အဲ့ဒီ စာချိုးလိုပဲ၊ ထမင်းချက် ကုလားမကလည်း ဆန်ယူ ဆန်ရွေး ဆန်ဆေးမှ ပတ်မဥဿုံ အလုံးစုံအကုန်သိမှတ် သတိမပြတ်တဲ့ဗျ။ ငရုပ်သီးထောင်းတဲ့ ကုလားမလည်း ဒီလိုပဲ၊ လယ်ထွန်တဲ့ ကုလားကလည်း ကြိမ်တို့ကြိုးဆွဲ သတိကဲလို့တဲ့ဗျ။ အဲ့ဒီလို ဘာလုပ်လုပ် လောကီပေါ်တွင် သတိတင်လျက်က တစ်ခါတည်း နှစ်လုပ်ပြီးစေတဲ့ ဘဝနေနည်းနဲ့ နေခဲ့ကြတော့ အတ္တလည်းမကြီးသာ၊ မာနလည်း မကြီးသာ။ ကိလေသာလည်း မဝင်သာတော့ဘူး။

ဟော ... နံနက်လင်းတာနဲ့ ဆွမ်းအုပ်ကိုယ်စီရွက်ပြီး ဘုရားရှင်နဲ့ အရိယာအရှင်သခင်ကြီးတွေ သီတင်းသုံးရာ ဇေတဝန်ရွှေကျောင်းတော်ကြီးကို ဆွမ်းပို့သွားကြပါတယ်။ ဒီလိုသွားရာမှာလည်း သွားသွားမှန်းသိ၊ ဘယ်ညာဖဝါး ဘယ်လိုသွားနေတယ်ဆိုတာ သိကြတယ်။

ကျောင်းရောက်တော့လည်း သတိမပြတ် မှတ်လျက်သာ နေကြသတဲ့။

ဆွမ်းကပ်ပြန်တော့လည်း သတိမပြတ် မှတ်လျက်ကသာနေကြသတဲ့။

ကိုယ့်အိမ်ကိုယ် ပြန်ရောက်လို့ အိမ်မှုကိစ္စ လုပ်ကြတော့လည်း ရှုမှတ်မှု သတိကလေး အမြဲကပ်ပါနေတယ်။ ဒီလိုနဲ့ တစ်နေ့လုံး ဘာလုပ်လုပ် တရားနဲ့ သတိနဲ့ လုပ်နေတော့တာ၊ ဟော ... ညနေချမ်း ရောက်လာပြန်တော့လည်း ဘုရားရှင်နှင့် အရိယာအရှင်သခင်ကြီးများ သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်ကိုလာပြီး ...

http://www.dhammadownload.com



တချို့က သောက်ရေ၊ သုံးရေ ထမ်းလျက်က။ တချို့က ချိုးရေ၊ ခြေဆေးရေ ရွက်လျက်က။ လက်တစ်ဖက်မှာတော့ ဆီမီး၊ နံ့သာတိုင်တွေ ကိုင်လို့၊ လက်တစ်ဖက်မှာ အမွှေးနံ့သာနဲ့ ပန်းတွေကိုင်လို့ သွားကြ လှူကြ လုပ်နေကြတယ်တဲ့။ ဒါနကုသိုလ် ဝေယျာဝစ္စ ကုသိုလ်တွေကို သတိနဲ့အတူ ယူကြပြန်ရော။

အဲ့ဒီမှာ ပြောရဦးမှာပေ့ါဗျာ။

ပန်း ဆီမီး နံ့သာတွေ ဘာ့ကြောင့် လှူတယ်ဆိုတာ •

ဘုရားရှင်နဲ့ အရိယာအရှင်သခင်ကြီးတွေ ပန်းကြိုက်လို့၊ အမွှေးနံ့သာ ကြိုက်လို့မှ မဟုတ်ပဲ။ ကြိုက်စိတ် မကြိုက်စိတ်တွေ ပယ်ထားပြီးပြီပဲ၊ ဒါဖြင့် ဘာ့ကြောင့် ပန်း ဆီမီး နံ့သာတွေ ကပ်လှူ ရသလဲ ဆိုတော့

❀ ပန်းကား ဘုရားနှင့် မိမိတို့အကြား ကာခြားထားရန်

❀ ဆီမီးကား ဘုရားရှင်၏ အသရေတော် ဖူးမြော်ရန်

❀ နံ့သာတိုင်ကား မိမိတို့ ကိုယ်ညှစ်အနံ့ ဘုရားထံ မပျံ့နှံ့ရန်

ဒီလို ရည်ရွယ်ချက်ကောင်းနဲ့ ကပ်လှူကြတာပါ။

ဒီလိုနဲ့ ဘုရားဖူး၊ တရားနာ၊ တရားလျှောက်လုပ်ကြပြီး အိမ်ပြန်ရောက်လို့ အိပ်ကြတော့လည်း အမှတ်သတိကလေးနဲ့ အိပ်ကြသတဲ့ဗျ။ ဒီတော့ သာဝတ္ထိပြည်သူပြည်သားတွေရဲ့ တစ်နေ့တာဆိုတာ အမှတ်သတိ ရှိနေခြင်းရဲ့ တစ်နေ့တာ။ ဒါ တစ်ရက်တည်းမဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ တစ်သက်လုံး ဒီလို နေသွားကြတာပါ။

ဒါကြောင့် သာဝတ္ထိ ပြည်သူပြည်သား အများစုဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအဖြစ်နဲ့ ဘုရားရှင်မြင်တွေ့လိုတဲ့

http://www.dhammadownload.com



သာသနာတော်တွင်းသားများအဖြစ် နေပြခဲ့ကြတယ်။ ဘုရားစကား နားထောင်လိုက်နာတဲ့ သာဝတ္ထိမှာ ဘုရားရှင် အကြာဆုံး ဝါကပ်တော်မူတာ ဒါကြောင့်ပေကိုး။

ဩော် ... တိုင်းပြည်တစ်ပြည်၏ သုံးပုံနှစ်ပုံသော လူဦးရေများဟာ အရိယာတွေချည်းပဲ ဖြစ်ခဲ့ပေရာ ရာဇဝင်မှာ လွှမ်းတသကြည်ညို့စရာ အကောင်းဆုံး သာဝတ္ထိရွှေပြည်ပါတကား ... ။

(အညွှန်း - ဉမ်၊ သုဝဏ္ဏသျှမ်းတောင်ကြီးဝါး၊
၁၃၅၇ ခုနှစ်ထုတ် မဂ္ဂုဒ္ဒေသကကထာ၊ စာ ၆၁၊ ၆၂ ၆၃)

# မကောင်းမှုတွေ ဘာ့ကြောင့်ဖြစ်

ကျွန်တော်တို့ မကြားချင် မမြင်ချင်ပါဘူးဆိုတဲ့ မကောင်းမှု ဒုစရိုက်တွေဟာ ကမ္ဘာ့နေရာအနှံ့အပြား ဖြစ်ပွားနေပါတယ်။ မကောင်းမှုတွေ ဘာ့ကြောင့်ဖြစ်ခဲ့ပါသလဲ။

"သဗ္ဗေ အကုသလာဓမ္မာ ယောနိသောမနသီကာရ မူလကာ"

ဖြစ်ပွားသမျှ မကောင်းမှုနှလုံးသွင်း မှားရာမှချည်း ဖြစ်ကြရချေသည်။

မဟာစောမိမြိုင်ဆရာတော်ဘုရားကြီးက အဲ့ဒီလို အစချီပြီး ...

လူတွေရဲ့တစ်နေ့တာ လှုပ်ရှားပြုကျင့်မှုတွေမှာ နှလုံးသွင်း မှားယွင်းမှုနှင့် နှလုံးသွင်းမှန်ကန်မှု နှစ်ခုသာ ကြီးစိုးနေပါတယ်။ နှလုံးသွင်း

http://www.dhammadownload.com



များယွင်းမှုဟာ ကာမအာရုံ ပုံဖော်လိုက်စားရာမှာ အသုံး တွင်ကျယ်တယ်လို့ ညွှန်ပြပါတယ်။

တစ်ဘက်သို့ ရှုစ်စရာ သာယာစရာ အသွင်မမြင်ဘဲနှင့်ကာမစိတ် မနိုးထချေ။ မိမိသို့ ကြိုက်ပြီ၊ ငါ အရယူမည် မလုံ့ဆော်ဘဲနှင့် ကာမစိတ်မနိုးထချေ။

၁။ အဘိဇ္ဈာ - တစ်ဖက်အာရုံဖမ်း၍ အငမ်းမရ ခုံမင်နေတော့ခြင်း၊

၂။ ဗျာပါဒ - ထိုအာရုံကို မခံစားရမချင်း ပူပင်ကြောင့်ကြတမ်းတနေတော့ခြင်း၊

၃။ မိစ္ဆာဒိဋ္ဌိ - ငါ သူဟူ၍ဘက်ခွဲ အရျင်းချင်း တိုက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်တော့ခြင်း၊

ဒီသုံးမျိုးဟာ ကြိုးကိုင်၊ စိတ်နဲ့ပြုကျင့်နေတဲ့ မကောင်းမှု၊ တစ်နည်းအားဖြင့် နလုံးသွင်း မှားယွင်းနေတော့ခြင်း။ ဒီလိုစိတ်နဲ့ ကျူးလွန်နေတဲ့ မကောင်းမှုဟာ နှုတ်ဖွင့်လက်ရောက် မဟုတ်သေးလို့ အရေးယူလို့လည်း မရတတ်သေး။ ဒါပေမယ့် ဒီစိတ်သုံးမျိုးနဲ့ ကိုယ့်မယားကိုယ် ပျော်ပါးမိလျှင်သော်မှ အပြစ်မလွတ်ပုံကို ဆရာတော်ဘုရားကြီးက ဒီလို ရှင်းပြတော်မူပါတယ်။

သူ့ဥစ္စာ သူစိတ်ပါသည်ထက် ပိုသုံးခဲ့၍ အသက်တိုသော် ... ပါဏာတိပါတာက်၊

သူ့ဥစ္စာ သူပေးလိုသည်ထက် ပိုယူခဲ့၍ သွေးခမ်းသော် ... အဒိန္နာဒါနက်၊

သူ့ဥစ္စာ သူခွင့်မပြုနိုင်သည့် အဆင့်ထိ တိုးယူခဲ့၍ ... ကာမေသုမိစ္ဆာစာရက်၊

http://www.dhammadownload.com



ထိုကာယ ဒုစရိုက် (ကိုယ်ဖြင့် ပြုသော မကောင်းကျင့်) သုံးမျိုးတို့မှလည်း မလွတ်ကင်းနိုင်ချေ။ သူတစ်ပါး သားမယားဖြစ်နေ ဆိုစရာပင် မလိုပြီ။ ထိုမျှမက ချစ်တင်းနှောခြင်း အမည်ခံထားသော မြူဆွယ်ခြင်းလည်း ပါခဲ့သော် မုသားကင်းတော့မည် မဟုတ်ချေ။

(၉၉ ဇန်နဝါရီထုတ် သမ္မာဒေဋ္ဌိကာရကထာ စာ ၂၆)

ဒီလိုဖြစ်ရတာဟာ သူ့ကို "ချစ်စရာ" အသွင် နှလုံးသွင်းမှားရာက စခဲ့တာပါပဲ။ ငါ အရယူမယ်ဆိုတဲ့ နှလုံးသွင်းမှားရာက စခဲ့တာပါပဲ။ ရုပ်အဘိဈ္ဈာ၊ အသံအဘိဈ္ဈာ၊ အနံ့အဘိဈ္ဈာ၊ အရာသာအဘိဈ္ဈာ၊ အတွေ့အဘိဈ္ဈာ၊ အဘိဈ္ဈာ စေရာအတိုင်း ကြံစည်မိရာက စိတ်မထိန်းနိုင်ဖြစ်ကာ တစ်ဘက်သို့ ယိုင်ကျ၊ ပြိုခဲ့ရ၊ ထိန်းမနိုင် သိမ်းမရ ဖြစ်ခဲ့ကြရတာပါပဲ။ ကာမလောကသားတို့ကို လေ့လာကြည့်မယ်ဆိုရင် သူတို့ရဲ့တွေးတောကြံစည်မှုမှာ အတွေးသက်သက်ရယ်၊ အာရုံတွေကို ပုံဖော်ပြီး ကြံနေတဲ့ အကြံရယ် ဆိုပြီးနှစ်မျိုးတွေ့ရမယ်လို့ ဆိုပါ တယ်။

ဆိတ်ငြိမ်တဲ့ အချိန်တခြား ကာမစည်းစိမ်တွေလည်း ခံစားလှည့်မရသေးချိန်မျိုးမှာ အတိတ်က တွေ့ခဲ့ရပြီး ကြိုက်အာရုံတွေကို တနံ့နံ့ စမြုံ့ပြန်နေတတ်ပါတယ်။ နောက်တစ်ခါဆို ဘယ်လိုလုပ်လိုက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်လည်း ချနေတတ်သေးရဲ့။ ဒီလို "မနောတွင်းအဘိဈ္ဈာ" နဲ့ပဲ ကိုယ့်ပုဆိုးကိုယ် နင်းလဲနေကြတာ ...။

ပြီးတော့ မြင်သိကြားသိစတဲ့ အသိငါးမျိုးဟာလည်း မိမိတို့ဖမ်းယူမိတဲ့ အာရုံပုံရိပ်တွေကို အတွင်းမနောသို့သာ သတင်းပေးပို့ရပါတယ်။ အဲ့ဒီမှာ အတွင်းမနောက ဆင်ခြင်မယ်၊ လေ့လာမယ်၊ ဆုံးဖြတ်မယ်၊ ပြီးတော့ ငြင်းပယ်ခြင်း၊ လက်ခံခြင်း၊ မှတ်တမ်းတင်ခြင်းတွေ

http://www.dhammadownload.com



ဖြူတယ်လို့ ဆိုပါတယ်။ အဲ့ဒီ စိတ်ကူးသိ အတွင်းမနောကသာ အရေး ဆိုလိုက်ရင်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ တစ်ကိုယ်လုံးအရသာရှိ လာတတ်ပြီး ဆိုင်ရာအာရုံခံစားမှုတွေ တဖွားဖွားထလှုပ်ရှား ပြသပါတော့တယ်။ ဒါကိုပဲ စိတ်မနိုင်ခြင်း လို့ ဆိုရတယ်။ ဒီစိတ်မနိုင်မှုကြောင့်ဘဲ မကောင်း ကျင့်တွေ အတင့်ရဲခဲ့တယ်လို့ ဆရာတော်ဘုရားကြီးက တရားခံမနော ကံကို ရဲရဲကြီးဆွဲထုတ်ပြပါတယ်။

(ၡင်းစာ ၂၉)

အဲ့ဒီစိတ်မနိုင်ခြင်းမှာ တဏှာ၊ မာန၊ ဒိဋ္ဌိ အရဲ့သုံးမျိုးပွဲတိုးနေ ကြပြီး ... မမြင်လိုက်နဲ့ ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် ဆိုတာနေရာယူပြီး ဖြစ်နေတတ်ပါတယ်။ ရှေ့တစ်မျိုးတိုးဖို့လည်း နှိုးဆော်နေတတ်ပါသေး တယ်။ ဒါဟာ ကာမလောကသားတို့ရဲ့မြင်ကွင်း ... ဘယ်ပုံ မှားယွင်း ခဲ့တယ် ဆိုတာပါပဲ။

စိတ်နှလုံးသွင်း မမှန်ကန်မှုဟာ ဘဝကို လည်းကောင်း လော ကကို လည်းကောင်း ပြောင်းလဲပစ်နေတယ်။ ဒီနေ့ ဖြစ်ပွားနေတဲ့သတ် မှု၊ လုယက်မှု စတဲ့ ဒုစရိုက်ကြမ်းတွေကနေ အချင်းချင်း အကြိုက်ပေး ဖျက်ဆီးမှုအထိ အကောင်းကျင့် အားလုံး အဲ့ဒီ စိတ်နှလုံးသွင်း မှားရာက ချည်း ဖြစ်ခဲ့တာပါ။ ဆရာတော်ဘုရားကြီး ဥပမာ ပေးပုံကား ...

- ❀ ဓားပြကြီးသည် သူ့မယား၏ လည်ပင်းက ရွှေကြိုးကို မလုယက်၊ သူသားက သူ့ဂုတ်ခွစီးနေသည်ကို ထမသတ်။ အဘယ်ကြောင့် ဆိုသော် နှလုံးသွင်း မမှားယွင်းသေးသောကြောင့်တည်း။
- ❀ ဓားပြကြီးသည် တိုက်ခိုက်ရာမှ ရသမျှ ရွှေငွေအကုန်ယူ၏၊ အမြင် မရှင်းလျှင် ရင်ခွင်တွင်း ကလေးပါ မကျန် သတ်ခဲ့၏။ အဘယ်

http://www.dhammadownload.com



ကြောင့် ဆိုသော် နလုံးသွင်း မှားယွင်းနေပြီ ဖြစ်သောကြောင့် တည်း။

(ရင်းစာ ၃၁)

ဒီလိုသာ တစ်ဘက်ကြည့်ပြီး အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ မကောင်းကြံသုံးမျိုး ပေါ်နေမယ်၊ ငါ့ဘို့ဆိုတဲ့ ပပဥ္စသုံးမျိုးကလည်း ချဲ့ ချဲ့ပေးနေမယ်ဆိုရင် အမည်ခံအားဖြင့် ဘယ်လောက်ပဲ ဂုဏ်တည်နေပါစေ ဟန်ဆောင်လေ ယောင်မှားလေ ဖြစ်တော့မယ်လို့ သတိပေးထားပါတယ်။ အပေါ်ယံ မျက်နှာဖုံးထက် အတွင်းနလုံး မနောကိစ္စသာ အဓိကပဓာန ဖြစ်တယ်လို့ ဆရာတော်ဘုရားကြီးက လမ်းညွှန်တော်မူပါတယ်။

(ရင်းစာ ၃၂)

ဒါ့ကြောင့် ကမ္ဘာလောကမှာ ဖြစ်ပွားနေသမျှ မကောင်းမှု ဒုစရိုက်တွေဆိုတာ ကာမကိစ္စမှာတောင် ချစ်စရာလေးလို့ နလုံးသွင်း မှားမိရင် အကျိုးဆက် မကောင်းမှုတွေ အမျှင်တန်းလာမယ်၊ လူမှုစီးပွား နယ်ပယ်များမှာလည်း ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည်ဆိုတဲ့ အချဲ့တရားက နလုံးသွင်းမှားစေခဲ့တဲ့အတွက် မကောင်းမှုမျိုး ဒုစရိုက်ဆိုးတွေ တိုးပွားနေတာ ဖြစ်ပါကြောင်း ဆင်ခြင်အပ်ပါတယ်။ ။

(အညွှန်း - ၁၉၉၉ ဇန်နဝါရီလထုတ် သမ္မာဒေဿကာရကထာ)

http://www.dhammadownload.com



# ရန်မအောင်တာ ဘာ့ကြောင့်နည်း

ဘုရားမဖြစ်မီ၏ ကာလပတ်လုံး အလောင်းတော်တို့ ထုံးကား "သစ္စာသည်သာ ရန်အောင်ရာ" အဖြစ် အားပြုသုံးစွဲသွားခဲ့ကြပါတယ်။ လောကတ္ထစရိယာ၊ ဉာတတ္ထစရိယာ၊ ဗုဒ္ဓတ္ထစရိယာ ဆိုတဲ့ စရိယာ သုံးပါး အတွက် စွမ်းဆောင်ချက်တိုင်းမှာ အတွင်းရန်၊ အပြင် ရန်တွေနဲ့ တွေ့မြဲ ဓမ္မတာ၊ ဒီလို ရန်အပေါင်းနဲ့ ရင်ဆိုင်ရလေတိုင်းမှာ အလောင်းတော်တို့ ဟာ မိမိသီလကို သစ္စာဆိုပြီး ရန်အပေါင်းကို ဖြိုခွင်းနိုင်ခဲ့တာချည်း။

အလောင်းတော်တို့ထုံး နှလုံးမူပြီး ကျွန်တော်တို့ခေတ်မှာ လည်း ရန်အောင်စေကြောင်း သစ္စာဆိုခဲ့ပေါင်းများပေပြီ။ သို့သော် ရန်မအောင်၊ သစ္စာဆိုပါလျက် ရန်မအောင်တာ ဘာ့ကြောင့်ပါနည်း။

ဒီအဖြေကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ခြေခြေမြစ် မြစ် ရှင်းပေးတော်မူခဲ့ပါတယ်။ ဒီခေတ်လူတွေနဲ့ အလောင်းတော်တို့ရဲ့

http://www.dhammadownload.com



စိတ်ထား ဘယ်လောက်ထိ ကွာခြားတယ်ဆိုတာ သိရအောင် အခြေခံကာစပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြတော်မူပါတယ်။ သစ္စာဆိုရာမှာ သစ္စာချည်းသက်သက် မဟုတ်၊ သစ္စာနှင့် တွဲဖက်ပြီး သစ္စာကဲ့သို့ အလေးအနက်ထားအပ်တဲ့ သီလ၊ မေတ္တာ၊ ခန္တီတို့ရဲ့သဘောကိုပါ စောကြောဖော်ထုတ်ထားပါတယ်။

အလောင်းတော်တကာ သူတို့စွာတို့ ကိုင်စွဲသောလက်နက်နှင့် ထားမြဲသော စိတ်ထားတို့မှာကား ...

၁။ သီလ ... ကိုယ်ကျင့်တရား မပျက်ပြားခြင်း

၂။ သစ္စာ ... မှန်သည်ကိုသာ ပြုလုပ်ပြောဆိုခြင်း

၃။ မေတ္တာ ... တစ်ဦးတည်းသော သား၌ ထားသော စိတ်ထားမျိုးကိုသာ အများ၌ ထားရှိခြင်း။

၄။ ခန္တီ ... တစ်ဦးတည်းသား၌ ကောင်းဆိုးတို့ကို ခွင့်လွှတ်တတ်သော စိတ်ထားမျိုးကိုသာ အများအပေါ်၌ ထားရှိခြင်းပင်။

အထက်ပါလေးမျိုးတို့တွင် သီလသစ္စာ အမြဲကိုင်စွဲကြသည့် လက်နက်ပမာ၊

ခန္တီမေတ္တာကား အမြဲထားရှိသည့် နှလုံးသား လွှားကာ ဒိုင်းပမာ၊

သစ္စာထိုက်အောင် သီလမြဲမှ ဖြစ်၏။ သည်းခံနိုင်အောင် မေတ္တာရှိမှ ဖြစ်၏။ ထိုအားလုံးတွင် သီလသည် ဥက္ကောင်းတည်း။ တစ်ဖန် လည်းရန်သူကို ခုခံရာ၌ သီလ၊ သစ္စာသည် အရေးပါချေ၏။ ရန်သူ့အတုအစစ်ကို ခွဲကြည့်ရာ၌ ခန္တီ မေတ္တာသည် အရေးပါ၏။ ထိုအားလုံးတို့တွင် သီလသည် ဥက္ကောင်းတည်း၊ အဘယ်ကြောင့်ဆိုသော် ...

http://www.dhammadownload.com



သီလ၌ တည်၍ ဆိုသော သစ္စာသည်သာ အရာရာ စူးရှစေ၏။

သီလ၌ တည်ရှိထားရှိသော မေတ္တာသည်သာ အရာရာသို့ လွှမ်းခြုံနိုင်စေ၏။

သီလ၌တည်၍ ခွင့်လွှတ်သော ခန္တီသည်သာ အရာရာ အောင်နိုင်စေ၏။

(ဥဒ္ဒအောက်တိုဘာ၊ မေမြော်ဓါဒကထာ တခါင့)

ဒီမှာ သီလရဲ့အရေးပါပုံကို သိကြရပါပြီ။ သီလသည်လည်း သူ့ရည်းမတည်၊ သူ့ရည်း မစင်ကြယ်၊ တွဲဖက်သရဏဂုံ ပါမှ သီလ အားကောင်းမည်။ သရဏဂုံဆိုတာ သတ္တဝါတို့ကို ဘေးကင်းစေပြီး သတ္တဝါတွေကို ဒုက္ခပေးနေတဲ့ ကိလေသာရန်သူကို ဆီးကြိုရစ်တွန်း လှန်နိုင်တယ်လို့ ဆိုပါတယ်။ သရဏဂုံပွားတယ်ဆိုတာ ကမ္မဋ္ဌာန်းနည်း တစ်ခုခု ပွားများနေတာ (ဝါ) အပ္ပမာဒ သတိနဲ့နေတာကို ဆိုလိုပါ တယ်။ ဒီလို သတိနဲ့ပွားများစောင့်ထိန်းနိုင်ပါမှ ကိုယ်နှုတ် သောင်းကျန်းမှုကို ထိန်းသိမ်းစောင့်စည်းနိုင်ပြီး သီလစင်ကြယ်မယ်။ သရဏဂုံက အတွင်း ကိလေသာ ထကြွမှုကို ဖြိုဖျက်ပေးမယ်။ ဒီလို သရဏဂုံတည် သီလမြဲမှ သာလျှင် ကိုယ်၊ နှုတ်၊ နှလုံးကံသုံးပါးလုံး စင်ကြယ်ပြီး အရာရာကို သည်းခံ ခွင့်လွှတ်နိုင်ခြင်း၊ မေတ္တာထားနိုင်ခြင်းများ သက်ဝင်လာပြီး သူတော်ကောင်းဘဝကို ရနိုင်တယ်လို့ လမ်းညွှန်တော်မူပါတယ်။

သရဏဂုံတည် သီလမြဲသူရဲ့မေတ္တာသာလျှင် မိဘမေတ္တာမျိုး ထားနိုင်ပြီး သားဆိုးသားမိုက် သားလိမ္မာ အညီအမျှ ချစ်နိုင်သလိုပဲ သတ္တဝါတွေအပေါ် အကောင်းအဆိုး အညီအမျှမေတ္တာ မျှဝေနိုင်မယ်။

http://www.dhammadownload.com



ချစ်သူဘက်က ပစ်လွှတ်တဲ့ ရာဂမီးလည်း မကူးနိုင်၊ မုန်းသူဘက်မှ ပစ်လွှတ်တဲ့ ဒေါသမီးလည်း မကူးနိုင်၊ သူတို့ကိုယ်တိုင် လောင်ကျွမ်းနေတာကိုလည်း ငြိမ်းအေးစေနိုင်တယ်လို့ ဖွင့်ဆိုပါတယ်။

ဒီလိုပဲ သည်းခံခွင့်လွှတ်မှု ခန္တီတရားမှာလည်း ကြိုက်ပြစ်မှား၊ မကြိုက်စော်ကား နှစ်ပါးလုံးကို ဖျက်ထုတ်ကာကွယ်နိုင်တယ်လို့ ညွှန်းဆိုပါတယ်။ ဒီလိုသီလ၊ ဒီလိုမေတ္တာ၊ ဒီလိုခန္တီမျိုးနဲ့ သစ္စာဆိုမှသာ ကောင်းကိစ္စ၊ ဆိုးကိစ္စ နှစ်ခုလုံး အောင်နိုင်တယ်လို့ ဆိုပါတယ်။ ဒီလို အောင်မြင်ရခြင်း အကြောင်းရင်းကတော့ ခန္တီနဲ့ မေတ္တာဟာ သီလအပြည့်ပါတဲ့ မိမိရဲ့ မမွှတ်အားမှုဖြစ်သော(ဓာတ်ကူ)ဖြင့် အောင်နိုင်ရခြင်း ဖြစ်တယ်လို့ ဆရာတော်ဘုရားကြီးက အတိအလင်း မိန့်ဆိုပါတယ်။ "သစ္စာသည်ကား" မိမိ၏ သီလအားကို မှီလျက် တစ်ဘက်မှဖြစ်သော (နတ်အကူဖြင့်) အောင်နိုင်စေခြင်းတည်း" လို့ ရေးသားဖော်ပြထားပါတယ်။

(ရင်းစာ ၁၆၆၅)

"သီလ အားနည်းသူ၏ ဆိုသော သစ္စာသည်လည်းကောင်း၊ ထားသော မေတ္တာသည်လည်းကောင်း၊ ခံသော ခွင့်လွှတ်အားသည်လည်းကောင်း ဖုတ်သဲကို အခြောက်တိုက် လွှင့်ပစ်လိုက်သကဲ့သို့ လိုရာတည့်တည့်မကျခြင်း၊ ကျပါသော်လည်း အထိမနာခြင်းများ ကြောင့်ပင် ဖြစ်ချေ၏။

"မျက်မှောက်ခေတ်မှာကော သီလဝိသုဒ္ဓိဖြင့် ပြီးပြည့်စုံသည့် သူတော်ကောင်းများ မရှိရာသလော၊ ရှိသည်ကား မှန်၏။ ရာသီချိန်မဟုတ်သော သရက်သီးမှည့်မျိုးကဲ့သို့ ရှားပါးလှချေသောကြောင့် တစ်ကိုယ်ရေအတွက်သာ ခုခံ ကာကွယ်နိုင်ချေ၏။ အနီးရှိလက်လှမ်းမီရာ

http://www.dhammadownload.com



လည်းဖြစ်၊ သဒ္ဓါစစ်ဖြင့် မှီခိုသူလည်း ဖြစ်သော သူတစ်လောက်မျှကို သာ အကာအကွယ်ပေးနိုင်ရျေ၏။"

" ဘုရားရှင်၏ မျက်မှောက်တော် ကာလတုန်းကကား သူ တော်ကောင်း အစားအစား များလွန်းလှသောကြောင့် အများကိုပင် ကာကွယ်နိုင်ရျေ၏။ အရက်မူးသမား နာဠာဂီရိအား နှစ်သောင်းမျှသော ရဟန်းတော်အပေါင်း ခြံရံလျက်က အောင်နိုင်သည်ကိုကြည့်၊ ကောလိ ယ၊ ကပိလသားအပေါင်း ရေလုပွဲမှဖြစ်သော ဘေးရန်ကိုလည်း အောင် နိုင်သည်ကိုကြည့် ..."

အကာအကွယ်ခံတို့ဘက်မှလည်း သာသနာ၌ တကယ် ယုံ သော သဒ္ဓါယုံရှိမှသာ အကာအကွယ်ပေးနိုင်ရျေ၏။ တကျာယုံကိုကား သူ့ဘက်မှ မီးစာဓာတ်ခံ ရှိနေသဖြင့် မိမိပေးပို့သော သီလ အပြည့်ပါ သော မေတ္တာအအေးဓာတ်သည် ဝင်ခွင့်သာရန်ပင် အခွင့်အလမ်း ရရှိ လိမ့်မည် မဟုတ်ရျေ။

(ဂုဏ်စာ ၁၆၆၊ စာ ၁၆၇)

ဒီမျှဆိုရင် ရန်မအောင်တာ ဘာ့ကြောင့်နည်းဆိုတဲ့ အဖြေကို ကြောင်းကျိုး မှန်ကန်စွာ ဆင်ခြင်နိုင်လောက်ပေပြီ။ ဒါ့ကြောင့် ရန် အောင်ကြောင်းဖြစ်တဲ့ "သီလ၊ သစ္စာ၊ မေတ္တာ၊ ခန္တီ" အကျင့်တရားများနဲ့ ဘဝခရီးကို အားသစ်လျှောက်လှမ်းဖို့ပဲ လိုပါတော့တယ်။

(အညွှန်း–၉၃၊ အောက်တိုဘာလထုတ် မှော်ဝါဒကထာ ဒုတိယအကြိမ်)

မဇ္ဈိမစာပေတိုက်

http://www.dhammadownload.com



# ခန္တီပါရမီ ဘာ့ကြောင့် ခက်

သစ္စာဆိုပြီး ရန်အောင်စေရာမှာ "သီလ၊ သစ္စာ၊ မေတ္တာ၊ ခန္တီ" တရားလေးပါး အားထားဖို့ လိုအပ်ကြောင်း သိခွင့်ရခဲ့ပါပြီ၊ ဒီလေးပါးမှ "ခန္တီ ပါရမီ" လို့ခေါ်တဲ့ သည်းခံကျင့်ကို ကျင့်ရတာ အခက်ဆုံးပါ။ ပါရမီဆယ်ပါးမှာလည်း ခန္တီပါရမီ အခက်ဆုံးလို့ သူတော်ကောင်းကြီးများက အမိန့်ရှိခဲ့ဖူးပါတယ်။

ကိုယ့်မှာတစ်ကျပ်ရှိရင် သူ့ကို တစ်မတ်ပေးဖို့ လွယ်ပါတယ်။ ကိုယ့်လာပြီး မခံချင်အောင် ဆွပေးနေတာမျိုးကျတော့ သည်းခံရခက်ပါတယ်။ သူ့မာန ကိုယ့်မာနပြိုင်လိုက်ချင်ပါတယ်။ စကားနည်း ရန်စဲ သဘောနဲ့ကြိတ်မှိတ် အောင့်အည်းမြိုသိပ်လိုက်ကာမှ "ကြောက်တယ်" ထင်မှာစိုးပြီး သည်းမခံတော့ပဲ ထရန်ဖြစ်တာတွေလည်း ကြုံဖူးပါလိမ့်

http://www.dhammadownload.com



မယ်။ မနိုင်လောက်လို့ အရှုံးပေးပြီး ငြိမ်နေလိုက်တာလည်း အပြုံး အတေး အာယာတတွေနဲ့ ပူလောင်ကျွန်ရစ်ခဲ့လို့ တကယ့် သည်းခံခြင်း လို့ နလုံးမအေးရပါဘူး။

တရားထူးရဖို့ ခန္တီပါရမီဖြည့်ကျင့်နိုင်ဖို့ ဝေးစွ။

ဈေးမှာ၊ လမ်းမှာ၊ ယုတ်စွအဆုံး ကားရထားတွေပေါ်မှာ တောင်မှ တစ်ယောက်နဲ့ တစ်ယောက် သည်းမခံနိုင်ကြလို့ ပြဿနာ မီးထွန်းရှာသလို ဖြစ်နေရပါတယ်။ ဒီလို သည်းမခံနိုင်ကြတာ ဘာ့ ကြောင့်ပါလဲ။

ခန္တီရဲ့အဓိပ္ပာယ်ကို ဆရာတော်ဘုရားကြီးက ဒီလို ဖွင့်ဆိုပါ တယ်။

ခန္တီဟူသည် လောကဓံရှစ်မျိုးနှင့် ပက်ပင်းတိုးမိရာတိုင်း၌ အကောင်းလေးမျိုးနှင့် တွေ့သည်ဖြစ်စေ၊ မကောင်းလေးမျိုးနှင့် တွေ့ သည်ဖြစ်စေ မလှုပ်မယှက်ခံနိုင်သော သတ္တိကို ဆိုၖ်။

ဘဝသံသရာနှင့် ချီ၍ ကောင်းကျိုးတို့ကိုသာ မျှော်လင့် စောင့် စားရင်းက အဆိုးဘက်သို့သာ ယိုင်လဲနေကြရရှာသော လောကသား များအဖို့သည်ကား ယင်းလောကဓံရှစ်မျိုးတို့ အပေါ်ဝယ်ငယ်ကြောက် သဖွယ်ဖြစ်၍ လောကဓံနှင့် တွေ့လေတိုင်း တုန်လှုပ်သည်က များ၏။ ယင်းလောကဓံရှစ်မျိုးတွင် ...

- ❀ လောက၏ အကောင်းလောကဓံသည် လောဘမှုဖြစ်၏။
- ❀ အဆိုးလောကဓံသည်ကား ဒေါသမှုဖြစ်၏။

တကယ်ကောင်း မဟုတ်သော အကောင်းမှန်သမျှ လောဘ က လိမ်ကျွေးထားတာ ဆေးခါးမျိုးသာ ဖြစ်ချေ၏။

http://www.dhammadownload.com



တကယ်ဆိုး မဟုတ်သော အဆိုးမှန်သမျှ ဒေါသက လိမ်ကျွေးထားသော ဆေးခါးမျိုးသာ ဖြစ်ရေ၏။

တကယ်အကောင်းသည် ကိုယ်ပြင်က မဟုတ်၊ ကိုယ်တွင်းမှာသာ ရှိ၏။

တကယ်အဆိုးသည်လည်း ကိုယ်ပြင်မှာ မရှိ၊ ကိုယ်တွင်းမှာသာရှိ၏။

ကိုယ်ပြင်မှ တစ်ဘက်၏ အာရုံကို ခံစားရင်းဖြစ်သော ကောင်းဆိုးနှစ်တန်သည်ကား လောဘ ဒေါသ ဖြစ်သော ကြိုက် မကြိုက်ကြောင့်သာတည်း။ တကယ် "ကောင်း - ဆိုး" သည်ကား မိမိကိုယ်တွင်းသို့ ပြန်လှန်ကြည့်ရှုရာမှ ဖြစ်ပေါ်လာသော သဘာဝတရားတည်း။

တကယ်ကောင်းသည် ဝိမုတ္တိရသာဓမ္မသုခ ခေါ်သောတရားသဘောကို သိရာမှ ရရှိလာသော ကောင်းမျိုးသာ ဖြစ်၏။

တကယ်ဆိုးသည်လည်း တရားရှုမြင်ရာမှ သိရှိရသော မိမိ၏ ခန္ဓာ့ဝန်၊ ခန္ဓာ့ဒုက္ခနှင့် ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဆိုးများသာ ဖြစ်၏။

သို့ကြောင့် တကယ်ကောင်းလည်း မဟုတ်သော၊ တကယ်ဆိုးလည်း မဟုတ်ပါသော အပြင်အာရုံဖြစ်ပေါ်သည့် ကောင်းကျိုးလောကဓံကို ခံနိုင်စေလိုသော် ငယ်ကြောက်ကို တော်လှန်နိုင်သည့်စိတ်ထားမျိုးသို့ ပြောင်းလဲလျက် မိမိဘက်နေရာ ပြောင်းခံမှသာ ခံနိုင်ရည်ရှိရာ၏။

(၉၃အောက်တိုဘာ ဓမ္မာဝါဒကထာ
တ၁၆၈)

http://www.dhammadownload.com



ခန္တီရဲ့သဘောကို ဆရာတော်ဘုရားကြီးက ဒီလို ဖော်ထုတ်တော်မူပြန်ပါတယ်။

"မခံချင်သည်မှာ ဒေါသ၊ ထ ရန်ဖြစ်တော့ ခန္တာ"

"မခံချင်သည်မှာ လောဘ၊ လက်ခံ ပေါင်းသင်းပေးရတော့ ခန္တာ"

ထိုသို့ အပြင်နှင့်အတွင်း "ရန်စနှင့် ရန်လုပ်ခြင်း" နှစ်မျိုး ရှိရာတွင် မိမိခန္ဓာတွင်းရှိ ရန်လုပ်ကို သည်းခံနိုင်ပါက ပြင်ပ၏ ရန်စကား မိမိနှင့် ဘာမျှပင် မဆိုင်ပြီ။

လောဘခိုင်းသဖြင့် ကြက်သတ်ဖို့ထက် ထိုကြက်သတ်ခိုင်းနေသော ကိုယ့်လောဘကိုယ် ပြန်သတ်နိုင်မှ ပါရမီအဆင့်တက်လာ၏။ ခန္တီအောင်၏။ သည့်အတူ ဒေါသခိုင်းသဖြင့် မြွေပွေးကို သတ်မည်ထက် ထိုခိုင်းသော ဒေါသကို ပြန်သတ်နိုင်မှသာ ရန်စအေး၏။ ရှင်း၏။ သို့ကြောင့် ဤခန္တီသည် ပါရမီတို့တွင် အခက်ဆုံးတည်း။

သူတစ်ပါးတို့ ထိပါးပုတ်ခက် ရန်စမှသာ ခံရတတ်ပြီး ထိုသို့ခံစဉ် မိမိအတွင်း၌ လက်သပ်မွေးထားသော လောဘ၊ ဒေါသ ခွေးနှစ်ကောင် ဒဏ်ကိုလည်း ခံနိုင်ရတတ်လှချေ၏။ ခံနိုင်မှတည်သော ခန္တီပေတည်း။

ဒါနကား ငွေရှိလျှင် ရတတ်သေး၏။ သီလကား ပက်ပင်း၌ ငုတ်တုတ်ထိုင်ခံနိုင်မှ ရ၏။ အခန့်မသင့်ချိန် ရုတ်တရက်ဝင်လာသည်ကိုသာ စောင့်ကြိုခံရခြင်းမျိုး ဖြစ်ရကား သူတစ်ပါးပေးမှ ကမ်းမှရသော သန့်စင်ပါရမီ မျိုးတည်း။

(၁၉၉၇ မတ်လထုတ် ပါရမီပရိစယ ကထာ၊ စာ ၆၉)

http://www.dhammadownload.com



ဒို့ကြောင့် ခန္တီပါရမီ ဘာ့ကြောင့်ခက်ရသလဲ ဆိုတဲ့ အနှစ်ချုပ်သဘောကို ပြောရရင် ...

အကောင်း လောကဓံ၊ အဆိုး လောကဓံများနဲ့ ပက်ပင်း ကြုံရတုန်း တုန်လှုပ်စွာတုံ့ပြန်တတ်တဲ့ အတွင်းလောဘနဲ့ ဒေါသကို မနိုင်သေးလို့။ ဒို့ကြောင့် ခန္တီအား ကောင်းချင်ရင် ကိုယ့်လောဘနဲ့ ကိုယ့်ဒေါသကိုယ် ပြန်လည် နှိပ်ကွပ်ဆုံးမရမှာ ဖြစ်ပါကြောင်း။ ။

(အညွှန်း - ၉၃ အောက်တိုဘာလထုတ် မေဓာဝီဒကာတာ
၉၇၊ မတ်လထုတ် ပါရမီ ပရိယကာထာ)

http://www.dhammadownload.com



# ဓမ္မစကြာဟောရာမှာလက်ကို လက်ယာနေကိုလက်ဝဲ ဘာ့ကြောင့်ထား

ဗုဒ္ဓဘာသာတရားတော်များ၌ "တရားဦးဓမ္မစကြာ" သည် ဗုဒ္ဓဘုရားရှင်၏ မူဝါဒလမ်းစဉ် ကြေညာချက်၊ ပယ်ရမည့်လမ်း၊ လျှောက်ရမည့်လမ်း၊ ပေါက်ရမည့်စခန်းတည်းဟူသော နိဗ္ဗာန်သို့တိုင်အောင် ညွှန်ပြချက်များ ပါဝင်နေပါတယ်။ ဒီနေရာမှာ ဓမ္မစကြာရဲ့ဖွင့်ဆိုချက် အနက်အဓိပ္ပာယ်ကို ဖော်ပြလိုရင်းမဟုတ်ပါ။ ပဉ္စဝဂ္ဂီ ငါးဦးတို့အား တရားဦးဟောစဉ်အခါ သဘာဝအနေအထား၊ အခင်းအကျင်း တည်နေ ဟန်ဟာ "ဘယ်ပုံ၊ ဘယ်လို၊ ဘာ့ကြောင့်" ဖြစ်တည်ခဲ့တယ် ဆိုတာ ပြောလိုရင်းပါ။

မဇ္ဈိမစာပေတိုက်

http://www.dhammadownload.com



"နေဝင်လထွက် ဟောမြွက် ဓမ္မစကြာ" ဆိုတဲ့ ရှတ်ဆို ပူဇော်သံတွေ ကြားဖူးကြလိမ့်မယ်။

ကျေးရွာရှင်ဆရာတော်ဘုရားကြီးက...

""မှားနေပြီဗျ။ ဓမ္မစကြာ ဟောတော်မူစဉ်အခါ နေမဝင်သေးဘူး၊ လကထွက်စ၊ တက်စ၊ နေမဝင်သေးပါဘူး၊ တို့ အဘဘုရားဟာ လကို လက်ယာ၊ နေကိုလက်ဝဲ ထားပြီး ဓမ္မစကြာတရားဦး ဟောခဲ့တာ၊ နေနဲ့လ အပြိုင်သာနေချိန်မှာ ဒီတရားဟောခဲ့တာ။ ဒါ့ကြောင့် နေဝင်လထွက် ဆိုရင်မှားပြီ၊ နေမဝင်လမထွက် ဆိုမှ အမှန်..." လို့ တည့်မတ်ပေးတော်မူခဲ့ပါတယ်။

ပဥ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာ ဟောတော်မူပုံ ပန်းချီကားများ ပုံတော်များကို ဘုရား၊ ကျောင်း၊ ဓမ္မာရုံများနဲ့ အိမ်အတော် များများမှာ တွေ့ဖူးပါလိမ့်မယ်။ နေလနှစ်ပါး အပြိုင်သာနေတဲ့ကြားက ဘုရားရှင်ရဲ့တင့်တယ်လွန်းလှတဲ့ ရူပကာတော်ကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရပါလိမ့်မယ်။ သို့ပါသော် နေနဲ့လတို့ရဲ့တည်နေဟန်ကား မှားလား မှားနေတတ်ပါရဲ့။ ပြီးတော့ တောတွေ၊ တောင်တွေနဲ့ ရေတံခွန်ကြီးများတောင် ရေတံခွန်ကြီးက ဘယ်ကရောက်လာရပါလိမ့်။

ကျွန်တော်တို့ အိန္ဒိယကိုရောက်၊ မိဂဒါဝုန်ဓမ္မစကြာဟောရာဌာနကိုရောက်တော့ မြန်မာပန်းချီကားတွေထဲက တောင်တန်းကြီးတွေကို ရှာကြည့်မိတယ်။ ကွင်းလွင်ပြင်အတိ ဖြစ်နေတဲ့ မိဂဒါဝုန်မှာ တောင်တန်းကြီးတွေလည်း မရှိ၊ ရေတံခွန်လည်း မရှိ၊ သို့သော် မြန်မာ ပန်းချီကားတွေထဲမှာ ဒါတွေ တွေ့နေရတာကတော့ ကြည်ညို သဒ္ဓါစိတ်ဖြင့် မှန်းဆ ရမ်းရော်ပူဇော်တာ ဖြစ်လို့အပြစ်မဆိုသာပါ။

http://www.dhammadownload.com



သို့သော် ပန်းချီဆရာတွေ နေနဲ့လ နေရာလွဲပြီး သရုပ်ဖော်ထားတာကဖြင့် ...

ဓမ္မစကြာဟောတော်မူစဉ် ဘုရားရှင်ဘယ်အရပ်သို့ မျက်နှာတော်မူပြီး ဟောခဲ့တယ်ဆိုတာ သတိမပြုမိလို့ပါပဲ။ တရားဦးဟောစဉ် အခါက သဘာဝအနေအထား "ဘယ်ပုံ၊ ဘယ်လို၊ ဘာ့ကြောင့်" ဆိုတာ ကျေးရွာရှင်ဆရာတော်ဘုရားကြီးက ဒီလိုရှင်းပြတော်မူခဲ့ပါ တယ်။

"ဘုရားရှင်သည်ကား ပဥ္စဝဂ္ဂီတို့ ခင်းကျင်းပေးထားသော ကျောက်ဖျာပေါ်သို့ တတ်၍ မြောက်ဘက်သို့ မျက်နှာမူလျက်က ဝင့်ထည်စွာ ထိုင်တော်မူပါချေ၏။ ထိုသို့ ထိုင်တော်မူရာ၌ အတက်ဖြစ်သော လသည် လက်ယာဘက်တော်မှ ခစားစေ၏။ အကျဖြစ်သော နေသည်ကား လက်ဝဲဘက်တော်မှ ခစားစေ၏၊ ဤသို့လျှင် လ၊ နေ တို့သည် အသီးသီးနေရာ ယူမိကြလေ၏။

"လက်ယာဘက်သို့ နေရာပေးထားသော လသည် အအေးဓာတ်ကို ဆောင်ယူဖြန့်ဝေပေးဘိသို့ ဘုရားရှင်၏ မေတ္တာဓာတ်သည်လည်း လကဲ့သို့ပင် သတ္တဝါတို့အပေါ် အအေးဓာတ် ဖြန့်ကျက် လျက်ပေးဝေတော့မည် ဖြစ်ကြောင်း သိစေတော်မူ၏။ လက်ဝဲဘက်သို့ နေရာပေးထားသောနေသည် အပူဓာတ်ကို ဆောင်ယူ ဖြန့်ဝေပေးဘိသို့ ဘုရားရှင်၏ ကရုဏာတော်ဓာတ်သည်လည်း နေကဲ့သို့ပင် သတ္တဝါ အများအပြား အစားစားတို့အပေါ် အနွေးဓာတ်ဖြန့် ကျက်၍ ပေးဝေတော့မည် ဖြစ်ကြောင်း သိစေတော်မူ၏"

(ဤသည်မှာ နှုတ်တော်မဖက် သဘာဝသက်သက်ဖြင့် ဟောသော တရားတော်များဟူ၍ မှတ်ယူစေချင်၏။)

http://www.dhammadownload.com



"နေလနှစ်ပါးသည် အရောင်ချင်းဆိုင်လျက်က မဲမှောင်ထူထဲသော တောအုပ်ကြီးကို အုပ်မိုးထွင်းဖောက်နေဘိသို့ ဘုရားရှင်၏ သစ္စာခေတ်၊ မေတ္တာခေတ်နှစ်ပါးသည်လည်း ဝေနေယျတို့အပေါ် မောဟ အမိုက်တိုက်ကို အုပ်မိုးထွင်းဖောက်လျက်က သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တည်းဟူသော အလင်းရောင်များ တောက်ပစေရန် ဝို့လွှတ်ဆောင်ကြဉ်းတော့မည် ဖြစ်ကြောင်း သိစေတော်မူ၏"

"လသည် အေးမြသော အသွင် ဆောင်လျက်က လယ်ယာဘက်မှ တည်နေဘိသို့ ဘုရားရှင်၏ ပညာတော် သည်လည်း အေးမြသော မေတ္တာဖြင့် မွှမ်းထုံလျက်ကသာ ဝေနေယျတို့အား ထူးကဲ အံ့အဲသော သစ္စဉာဏ်ကို ပွင့်စေတော်မူမည် ဖြစ်ကြောင်း သိစေတော်မူ၏"

"နေသည် နွေးထွေးသောအသွင် ဆောင်လျက်က လက်ဝဲဘက်မှ တည်နေဘိသို့ ဘုရားရှင်၏ တန်ခိုးတော် သည်လည်းနွေးထွေးသော အာတာပီ ဝီရိယဖြင့် လွှမ်းခြုံလျက်က ဝေနေယျတို့အား ထူးကဲ အံ့အဲသော သစ္စာဉာဏ်ကို ပွင့်တော်မူမည် ဖြစ်ကြောင်း သိစေတော်မူ၏"

"နေသည် အကျဉ်ဘက်မှ နေ၍ လကို အတက်ဘက်မှထားသည်ကား . . .

အလောင်းတော်၏ ကျင့်ဆဲကာလ၌ကား နေတက်သစ္စာကိုသာ အခြေခံပြီး ယခုဝေနေယျတို့အတွက်ကား "မေတ္တာသက်သက်ကိုသာ ကျင့်သုံးတော့မည် ဖြစ်၍ နေကားအကျ၊ လကိုကား အတတ်မှ နေရာပေးတော်မူခြင်း ဖြစ်၏"

"တစ်ဖန် လသည် လက်ယာဘက်တော်မှ၊ နေသည် လက်ဝဲ

http://www.dhammadownload.com



ဘက်တော်မှ ဖြစ်လျှင် ဘုရားရှင်၏ မျက်နှာတော်မြတ်သည် မြောက်ဘက်သို့သာ မူလျက်ရှိကြောင်း သိသာ၏။ ထိုမြောက်ဘက်သို့ မျက်နှာတော်မူခြင်းသည်ကား ဥတ္တရကုရုကျွန်းသည် ကျွန်းကြီးလေးကျွန်းတွင် အမြတ်ဆုံးဖြစ်ရချေရကားနောင် ပရိနိဗ္ဗာန်စံဝင်သောကာလ မြောက်သို့သာ ဥက္ကောင်းမူမည် ဖြစ်ကြောင်း သိစေတော်မူ၏"

(ဥဒေဖဖော်ဝါရီထုတ် ပဋိဘာနုဉာဏဒဿနကထာစာခ်)

ဆရာတော်ဘုရားကြီးက အဲ့ဒီလို ပညာကြီးမားစွာ ထူးထူးခြားခြား ဖွင့်ဆိုပေးတော်မူခဲ့ပါရေပြီ။

ဓမ္မစကြာတရားဦး ဟောစဉ်အခါက လကိုလက်ယာ၊ နေကိုလက်ဝဲ ထားရတဲ့အကြောင်းရင်းကိုလည်း ထင်လင်းစွာ သိခွင့်ရခဲ့ပါပြီ။ ပြီးတော့ ...

ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့အခါ မြောက်အရပ်သို့ ဘာ့ကြောင့် ဥက္ကောင်းပြုတော်မူရသလဲဆိုတဲ့အဖြေကိုလည်း တစ်ဆက်တည်း ရခဲ့ပေပြီ။

ပညာဗဟုသုတကြောင့် ဖြစ်တဲ့ ပီတိဖြင့်ပင်လျှင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဉာဏ်ပညာတော်ကို ရှိခိုးပူဇော်လိုက်ရပြန်ပါပြီဘုရား။ ။

(အညွှန်း - ဥဒေဖဖော်ဝါရီလထုတ် ပဋိဘာနုဉာဏဒဿနကထာ)

http://www.dhammadownload.com



# တန်ခိုးသည် ဖုံးအုပ်ထား အပ်၍ ပညာသည်သာ ဘာ့ကြောင့် ဖွင့်ဖော်အပ်

ကျွန်တော် တရားထိုင်ပြီဆိုလျှင် ဆရာတော်ဘုရားကြီးရဲ့ပုံတော်ရှေ့ဖယောင်းတိုင် တစ်တိုင် ညှိထွန်း ပူဇော်ပြီးမှ ဆရာတော်ဘုရားကြီးရဲ့အေးငြိမ်းလှတဲ့ ရူပကာယတော်ကို အာရုံယူပြီးမှ ထိုင်လေ့ရှိပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ပုံတော်သည်ပင်လျှင် ဓမ္မဓာတ်အား ဖြစ်ပြီး စိတ်တည်ငြိမ်စူးစိုက်မှုကို ရှေးဦးစွာ ပြုနိုင်စွမ်းတယ်လို့ ကျွန်တော် ယုံကြည်နေပါတယ်။ အဲ့ဒီမှာ ဆရာတော်ဘုရားကြီးရဲ့ပုံတော်ကိုကြည်ညိုနေရင်ဘာကိုသွားသတိထားမိသလဲဆိုတော့ ရဟန်းသံဃာတော်များဟာ သင်္ကန်းတော်ကို ဝဲဘက်ပုခုံးပေါ် ဖုံးလွှမ်းဖုံးအုပ်ထားတယ်ဆိုတာ ဖူးမြင်ရပါတယ်။

http://www.dhammadownload.com



အဲ့ဒီမှာ မေးခွန်းတစ်ခု အလိုလိုဖြစ်ပေါ် စူးစမ်းမိခဲ့ရဲ့။

ရဟန်းသံဃာတော်များသည် ဝဲဘက်ပုခုံးကို သင်္ကန်းတော်ဖြင့် ဘာ့ကြောင့် ဖုံးလွှမ်းရသနည်း။

ဒီမေးခွန်းကို လျှောက်မည် လျှောက်မည်နဲ့ မလျှောက်ဖြစ်ခဲ့ပါ။

၁၉၉၆ သံလွင်အရှေ့ခြမ်း သုဝဏ္ဏသျှမ်တောင်ကို ရောက်တော့မှ အကြောင်းတိုက်ဆိုင်ပြီး ဆရာတော်ဘုရားကြီးက ဒီလိုရှင်းပြ အဖြေပေးတော်မူခဲ့ပါတယ်။

"တို့အဘဘုရား သာသနာမှာ လက်ဝဲတော်ရံ လက်ယာတော်ရံဆိုတာ မရှိဘူးလား ..."

"ရှိပါတယ်ဘုရား"

"လက်ဝဲတော်ရံဆိုတာ ..."

"တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ အရှင်မဟာမောဂ္ဂလာန်ပါဘုရား ..."

"လက်ယာရံဆိုတာ ..."

"ပညာအရာမှာ ဧတဒဂ်ရတဲ့ အရှင်မဟာသာရိပုတ္တရာပါဘုရား ..."

"ဟုတ်ပြီဗျ ... တန်ခိုးကလက်ဝဲ၊ ပညာကလက်ယာ..."

တန်ခိုးဆိုတာ အာသဝေါ တရားတို့ရဲ့ ကုန်ရာခန်းရာ အရဟတ္တဖိုလ်၊ အရဟတ္တရဲ့ အလံတံခွန်သာ ဖြစ်တယ်။ ပညာဆိုတာကတော့ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာကနေနိဗ္ဗာန်ကို ရဖို့ရောက်ဖို့ မဟုတ်လား။ ပုထုဇဉ်တို့ရဲ့ စိတ်သဘာဝဆိုတာ အဆန်းကြိုက်၊ တစ်ခုရိုး

http://www.dhammadownload.com



တစ်မျိုးပြောင်းပြီး တစ်သံသရာလုံး ဆန်းတယ် ထင်တာတွေနောက် လိုက်ခဲ့ကြတယ်။ ရိုင်းရိုင်းပြောရရင် လမ်းဘေးက မျောက်ပွဲ၊ မျက်လှည့် ပွဲကအစ ဆန်းတယ်ထင်တာ မှန်သမျှမှာ လူတွေမေ့မျော သာယာနေ တတ်ကြတယ်။ ဒီတော့ တန်ခိုးရဲ့ဆန်းဆန်းပြားပြား ဖမ်းစားမှုအပေါ် မေ့လျော့တွေဝေ သာယာနေကြရင် မဂ်ပညာ ဖိုလ်ပညာကွယ်မှာပဲ၊ မဂ် ပညာဖိုလ်ပညာ ကွယ်ရင် သာသနာကွယ်မှာပဲ။ သာသနာကွယ်ပြီ ဆို တာနဲ့ သတ္တဝါတွေရဲ့သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းက လွတ်မြောက် ရာ တရားတွေလည်း ကွယ်တာပဲ။

တန်ခိုးလောက်မှာ မိန်းမောနေရင် သံသရာဝဋ်ဆင်းရဲက မလွတ်မြောက်နိုင်ဘူး။

ဒါကြောင့် တန်ခိုးဆိုတာ ဖုံးထားအပ်သောအရာ၊ ပညာ သာ လျှင် အမြဲအစဉ် ဖွင့်ထားအပ်သောအရာ၊ ဖော်ထားအပ်သောအရာ၊ ဒါကြောင့် တန်ခိုးကို ကိုယ်စားပြုတဲ့ လက်ဝဲဘက်ကို သင်္ကန်းနဲ့ဖုံးထား ရတယ်။ ပညာကို ကိုယ်စားပြုတဲ့ လက်ယာဘက်ကိုတော့ ဖွင့်ပြထား ရတယ်၊ ဖော်ထားရတယ်။

ယောဂီတို့ တရားထိုင်ရာမှာလည်း တင်ပျဉ်ခွေကြား လက် နှစ် ဘက်ယှက်တင်တဲ့အခါ ...

လက်ဝဲလက်ကို အောက်က လက်ယာလက်ကို အပေါ်က ထားရတာလည်း ဒီသဘောပဲ။ လက်ဝဲဆိုတဲ့ တန်ခိုးသဘောကို လက် ယာဆိုတဲ့ ပညာက အုပ်ထားဖုံးထား ဆင့်ထားရတယ်။ တစ်နည်း အားဖြင့်တော့ လက်ဝဲကသမထ၊ လက်ယာကဝိပဿနာ၊ သမထ တန်ခိုးကိုသာ ပြလိုက်လို့ကတော့ အညှီယင်အုံသလို နေတော့မှာပေါ့။

http://www.dhammadownload.com



ရုပ် နာမ် ဖြစ်ပျက်တွေ အနိစ္စ ဒုက္ခ အနတ္တတွေ ဘာမှပဟောလို့ ပြောလို့ နားဝင်တော့မှာ မဟုတ်ဘူး။ တန်ခိုးပြမိရင် တန်ခိုးပဲ ကိုးကွယ်မှာ။ ဝိပဿနာပညာ၊ ဖိုလ်ပညာ၊ မင်္ဂပညာတွေဆိုတာ ကျင့်ကြံအားထုတ်ရ မှန်းတောင် သိမှာမဟုတ်တော့ဘူး"

ဆရာတော်ဘုရားကြီးက အဲ့ဒီလိုရှင်းပြလိုက်တော့မှ "ဘာ့ကြောင့်" ဆိုတဲ့ အဖြေညာဏ် အလင်းရောင်ရပါတော့တယ်။ တစ်ဆက်တည်းမှာပဲ အရှင်ပိဏ္ဍောလမထေရ် အကြောင်းကိုပါ သာဓကဆောင် ပြတော်မူပါတယ်။

"အဲ့ဒီတုန်းက ရာဇဂြိုဟ် သူဌေးကြီးဟာ ရတနာသုံးပါး အပေါ် သံသယအားကြီးနေတယ်၊ လောကမှာ ဘုရားရဟန္တာဖြစ်ပြီဆိုပြီး ဂိုဏ်းဆရာကြီးတွေ လုပ်နေကြတယ်၊ တကယ့်ဘုရား ရဟန္တာဆိုရင် သိသာထင်ရှားတဲ့ တန်ခိုးပြရမှာပေါ့လို့ သူဌေးကြီး တွေးထင်နေတယ်။ ဒါနဲ့ တစ်နေ့တော့ ဂင်္ဂါမြစ်ထဲကရတဲ့ အင်မတန် အဖိုးထိုက်တဲ့ စန္ဒကူးသားကို ရတော့ သပိတ်ပုံထွင်းထုပြီး အတောင်ခြောက်ဆယ်လောက်မြင့်အောင် ဝါးလုံးတွေကိုဆက်ပြီး အိမ်ရှေ့မှာ ချိတ်ဆွဲထားတယ်။ လောကမှာ ဘုရားရဟန္တာရှိပါလျှင် ဒီသပိတ်ကို ကောင်းကင်မှ ယူပါလှည့်၊ ယူနိုင်ခဲ့ရင် သားမယား ကျေးကျွန်တို့နှင့်တကွ အသက်ထက်ဆုံး လုပ်ကျွေးပါ့မယ်လို့ ကြေညာတယ်။

ဘယ်ပြောကောင်းလိမ့်မလဲ၊ တိတ္ထိတွေ တက္ကဒွန်းကြီးတွေ ဂိုဏ်းဆရာတွေက နည်းအမျိုးမျိုးနဲ့ လှည့်ဖျားယူငင်ဖို့ ကြိုးစားခဲ့တာပေါ့။ ဒါပေမယ့် တကယ်ယူမပြနိုင်လို့ သူတို့ ဘုရားရဟန္တာ မဟုတ်ဘူးဆိုတာ ထင်ရှား ပေါ်လွင်ကုန်တယ်။ ဒီမှာ ရာဇဂြိုဟ် သူဌေးသာ မဟုတ်

http://www.dhammadownload.com



လူတွေကလည်း လောကမှာ ဘုရားရဟန္တာမရှိတော့ပါလား ဆိုတဲ့ သံသယဝင်ကုန်တယ်။ ဒါကို ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်တဲ့ အရှင်မောဂ္ဂလာန်ကြီးနဲ့ သူ့တပည့် အရှင်ပိဏ္ဍောလတို့ ကြားတယ်။ ဒီမှာ ရှင်မဟာမောဂ္ဂလာန်ကြီးရဲ့အကြံက ရတနာ သုံးပါးကို လူတွေပြစ်မှားကုန်ပြီ၊ သံသရာမှ မွန်းနစ်ရာတော့မယ်၊ ဒီတော့ ငါ့ရှင် ပိဏ္ဍောလ ကောင်းကင်ဖြင့် သွား၍ သပိတ်ကို ယူချေလို့ တိုက်တွန်းတာပေ့ါ။ ချာန် သမာပတ်တို့၌ ကောင်းစွာလေ့ ကျက်ထားတဲ့ ဘုရားသားတော်တွေပဲ၊ ဒီသပိတ်လောက်တော့ ဘာလို့ ယူမပြနိုင်လိမ့်မလဲ။

သပိတ်မဟုတ်ပါဘူးဗျာ။ အရှင်ပိဏ္ဍောလမထေရ်ဟာအလျား သုံးဂါဝုတ်၊ အနံ သုံးဂါဝုတ်ရှိတဲ့ ကျောက်ဖျာကြီး ခြေမနဲ့ ညှပ်ပြီး ရာဇဂြိုဟ်မြို့ပေါ် ဟသာ်ငုက်ဝဲသလို တလူးလာလာ စကြံကြွပြတော်မူတာပေ့ါ။ ဟာ ရာဇဂြိုဟ်တစ်မြို့လုံး ရှန်းရင်းဆန်ခတ် ထိတ်လန့် အော်ဟစ်ပြေးလွှားပုန်းအောင်း ကယ်ပါ ယူပါ၊ အရှင်ပိဏ္ဍောလကလည်း မြို့ကို ခုနစ်ပတ်ပတ်ပြပြီးမှ သူ့ကိုယ်ကိုမြင်တော်မူစေတယ်။ လူတွေ အော်ဟစ်တောင်းပန်တော့မှ ကျောက်ဖျာကြီး ခြေနဲ့ခက် လွှင့်ပစ်တာ၊ ပြီးတော့မှ ရာဇဂြိုဟ်သူဌေးအိမ်အပေါ်မှာ ထန်းခုနစ်ဆင့် အမြင့်က ရပ်တော်မူ ကိုယ်ထင်ပြတယ်။ ဒီတော့မှ သူဌေးလည်း ရဟန္တာရှိတယ် ဆိုတာယုံပါပြီ။ တပည့်တော်ရဲ့အလှူကို ခံတော်မူပါ ဖြစ်ကရော။

ဒီလောက်နဲ့ မပြီးသေးဘူး။ အရှင်ပိဏ္ဍောလ တန်ခိုးပြတဲ့ သတင်းက ကျောင်းအထိပြန့်သွားတော့ကာ တန်ခိုးပြတာ မမြင်လိုက်ရတဲ့ ရဟန်းတွေက စည်းဝေးတိုင်ပင်ပြီး "အရှင်ပိဏ္ဍောလ တန်ခိုးပြပါ" ချည်း တောင်းပန်ကုန်ရော။ တရားမတောင်းဘဲ တန်ခိုး တောင်းကုန်

http://www.dhammadownload.com



ကြပြီ၊ ဘယ့်နှယ်လဲ၊ ဒါတောင် ရဟန်းတွေနော်၊ လူတွေဆို ဆိုဖွယ်ရာ မရှိတော့ပါဘူး။ ဒါနဲ့ နောက်ဆုံး ဘုရားရှင်ကြား သိတော်မူတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ အကြောင်း ပြချက်နဲ့ တန်ခိုးပြာဋိဟာ မပြရလို့ သိက္ခာပုဒ်ပညတ်တော်မူ သတဲ့ ကွယ်၊ ဒါ့ကြောင့် တန်ခိုးများ ပြမိရင် အဆန်းမှာ လမ်းဆုံးပြီး ပညာအားဖြင့် သွားရတဲ့ မဂ်ဖိုလ် နိဗ္ဗာန် စခန်းပန်းတိုင် ပျောက်မှာ စိုးလို့ ...။

တန်ခိုးသည် ဖုံးထားရသော အရာ၊ ပညာသည် ဖွင့်ဖော်ထား အပ်သော အရာ . . . တဲ့ ဟုတ်ပြီလား။

"သဘောပေါက်ပါပြီ ဘုရား ..."

(အညွှန်း - ၉၆၊ သုဝဏ္ဏသျှမ်တောင်ဩဝါဒ)

http://www.dhammadownload.com



# လူတွေအိပ်မောကျနေသလောက် ဘုရားအရိယာတို့ဘာ့ကြောင့် အစဉ်နိုးကြားနေ

ကျွန်တော်တို့ရဲ့တစ်နေ့တာ အသက်ရှင်မှုဆိုတာ နေ့မှာသာ အသက်ရှင်ပြီး ညအိပ်လိုက်တာနဲ့ ကုလားသေ၊ ကုလားမော ဆိုတော့ "အိပ်နေချိန်ဟာ ဘာမှ မသိတော့လို့ သေတာနဲ့မခြား" ပါဘူး။ တကယ်တော့ နေ့အချိန်နဲ့ နိုးနေတယ် ဆိုပေမယ့် သတိရှိရှိ ကိုယ်ပိုင် အသိနဲ့ နေခဲ့ရတာ မဟုတ်ဘဲ သူပြောသိ၊ ငါပြောသိ၊ ပညတ်သိ၊ သညာ သိ၊ အဝိဇ္ဇာသိတွေနဲ့ အသက်ရှင်ခဲ့ရတာ ဖြစ်လို့ လူသိစစ်စစ်နဲ့ ရှင်သန် နေထိုင်ခဲ့တယ်လို့ မဆိုသာပါဘူး။ ဒါကြောင့် ကျေးဇူးရှင်ဆရာတော် ဘုရားကြီးက "ဟဲ့ နေ့သေပြီ ညမရှင်တွေ" လို့ ဆိုခဲ့ဖူးပါတယ်။

http://www.dhammadownload.com



"ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ သတ္တဝါတွေအတွက် အချိန်ပြည့် အလုပ်လုပ်တော်မူခဲ့တယ်၊ ညဇနနှစ်နာရီ လူတွေကို တရားစဟော၊ ဟော ကိုးနာရီ ဆယ်နာရီလောက် လူပရိတ်သတ်စဲတော့ နတ်ပရိတ်သတ်ပျ။ နတ်ပရိတ်သတ်လည်း ဘယ်လောက်နာရ နာရ အားရတယ်မရှိဘူး။ တော်တော်နဲ့ မပြန်ဘူး၊ ဘုရားရှင်ကို ဖူးလို့ကို အားမရနိုင်ဘူး၊ မဝနိုင်ဘူး ဖြစ်နေတာ။ ဒါနဲ့ ညသန်းခေါင်ကျော် နှစ်ချက်တီးလောက်တဲ့အထိတောင် နတ်တွေမပြန်နိုင်သေးဘူး။ နတ်တွေရဲ့နောက်မှာ ဖြဟ္မာတွေက ဖူးချင်လွန်းလို့ ပြုတစ် ပြုတစ် လုပ်နေပြီ၊ ကိုယ်ရောင်ကိုယ်ဝါ ပြနေပြီ။ ဒါနဲ့ နတ်တွေ အလှည့်ပြီးတော့ ဗြဟ္မာတွေ အလှည့်ပေးရပြန်ရော။

တစ်ညလုံး ဟောရ ပြောရလို့ ဘုရားရှင် အိပ်ချင်တော်မူမယ် မထင်နဲ့၊ ခန္ဓာဝန်ကို ပြုပြင်သောအားဖြင့် ဣရိယာပုဒ်သာ ပြောင်းတော်မူတယ်။ ဒါနဲ့ ဗြဟ္မာတွေလာတော့ လျှောင်းတော်မူရော၊ လျောင်းတော်မူလျက်ကပဲ ဗြဟ္မာတွေ မေးလျှောက်သမျှ ဖြေကြားတော်မူတယ်။ ထိုက်သင့်ရာ တရားရှီးမြှင့်ရတယ်။ ဒါနဲ့ ဗြဟ္မာတွေလည်း လင်းကာနီး၊ အရုဏ်တက်ခါနီးမှ ပြန်သွားတယ်။ တို့ အဘဘုရားရှင် ခဏလေး မှေးလိမ့်မယ်၊ နားလိမ့်မယ် မအောက်မေ့နဲ့၊ ဒီနေ့အဖို့ ဘယ်သူများ ကျွတ်တမ်းဝင်လိမ့်မလဲဆိုတာ သဗ္ဗညုတဉာဏ်တော်မှာ ကြည့်တော်မူရပြန်တယ်။ ဒီလိုနဲ့ လင်းလာပြန်တော့ ဆွမ်းခံတော်မူရ၊ ရဟန်းတွေကို ဆုံးမရ၊ ဝေနေယျတွေကို တရားပြရနဲ့ တို့အဘဘုရားရှင်မှာ နားချိန် အိပ်ချိန် ဆိုတာ ရှိရဲ့လား။

"မရှိပါ ဘုရား ..."

http://www.dhammadownload.com



"ဘုရားရှင်တို့ မည်သည် သတ္တဝါတွေ အတွက် ဝေနေယျ တွေအတွက် အချိန်ပြည့် အလုပ်လုပ်နေတယ်၊ အချိန်နဲ့အမျှ နိုးကြား နေတယ်၊ ဒီလိုပဲ ဘုရားသားတော်ကြီးများဖြစ်တဲ့ အရိယာ အရှင် သခင်ကြီးများသည်လည်းပဲ နည်းနည်းမှ မအိပ်ဘူး၊ အချိန်ပြည့် နိုးကြား နေတယ်၊ ဘုရားရှင်ရွှေလက်ထက်တော်ကို မဆိုထားပါနဲ့၊ တို့ဒီဘက် ခေတ် မျက်မှောက်ခေတ်မှာတောင်မှ ကျေးဇူးတော်ရှင် ဝေဘူဆရာ တော်ဘုရားကြီး ဟာ ၂၄ နာရီလုံးလုံး အလုပ်လုပ်ပြသွားခဲ့တယ်။ တစ်နေ့လုံးမှ သုံးမိနစ်လောက်သာ အနားယူ တယ်၊ ဒါတောင် အိပ်တာ မဟုတ်ဘူး၊ နားတယ် ဆိုရုံလေး နားတာ"

ဆရာတော်ဘုရားကြီးက ဘုရားရှင်နဲ့ အရိယာကြီးများရဲ့ဝက် ရည်ကို အမြဲအစဉ် အောက်မေ့ ဟောပြောလေ့ ရှိပါတယ်။ ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင်လည်း ၂၄ နာရီလုံးလုံး အိပ်စက်လဲလျောင်း ခြင်း အလျဉ်းမရှိခဲ့တာ ကျွန်တော်တို့ ကိုယ်တွေ့ပါပဲ။ သုဝဏ္ဏသျှမ် တောင်မှာ၊ နတ်တလူတောရမှာ၊ ဝေဒလ္လရောင်မှာ တရားနာရင်း မိုး စင်စင်လင်းခဲ့တဲ့ ညပေါင်းများစွာ ကျွန်တော် စတင်ဖူး မြော်ခွင့်ရတဲ့ ၁၉၉၂ ခု ယခု ၁၉၉၉ခုနှစ်အထိ ဆရာတော်ဘုရားကြီး တစ်ကြိမ် တစ်ခါ မျှ သမ်းဝေခြင်းကိုပင် မတွေ့မြင်ခဲ့ရပါ။ ဒီလို ရှိပါတယ်။

ကျွန်တော်တို့ လူတွေခများကား ...

အိပ်မှ အားရှိတယ်လို့ ထင်နေတတ်ပြန်သေးတယ်။

တစ်နေ့လုံး စီးပွားရှာ၊ ကာမဂုဏ်ခံစားနဲ့ပဲ အဝိဇ္ဇာအမှောင် ထုအောက် ပြားပြားမှောက် အိပ်မောကျနေခဲ့ပါတယ်။ တစ်နေ့လုံး အစားတွေစား၊ အတွေးတွေဝင်၊ သောကတွေနဲ့ ဘဝင်လေမငြိမ်ဘဲ

http://www.dhammadownload.com



နှလုံးသွေးခုန်ထားတဲ့ ခန္ဓာကိုယ်ဟာ မောပန်းညှိုးရိုး အပူနဲ့ ဖုံးထားပါတယ်။ နွေအခါ နေရောင်နဲ့ ချွေးပေါက်ကလေးတွေက အပူငွေ့ထွက်နိုင်ပေမယ့် ညဘက်အေးချိန်မှာ ချွေးပေါက်၊ မွေးညင်းပေါက်ကလေးတွေ ပိတ်သွားတော့ အပူတွေက မထွက်နိုင်တော့ဘူး။ ဒီအပူတွေက ခါးဆစ်ရိုးက တစ်ဆင့် ဂုတ်ကျော၊ အုတ်ဆက်ကြောကို ထိုးတယ်၊ အုံးဇက်ကြောကတစ်ဆင့် ဆစ်ဆင့် ငယ်ထိပ်ကို ထိုးတယ်။ ငယ်ထိပ်က တစ်ဆင့် လေးလံလာပြီး မျက်လုံးကို ဖုံးအုပ်ပစ်လိုက်တယ်။ မျက်လုံးမှိတ်သွားတာကိုပဲ အိပ်တယ်လို့ ခေါ်တာ။

ဒါဟာ ဘာ့ကြောင့်ဘယ်ပုံ အိပ်ခဲ့ရတယ်ဆိုတာရဲ့အဖြေပါ ပဲ။

အိပ်ပြီဆိုပေမယ့် အသက်ကတော့ ရှူနေတယ်။ ဝင်လေထွက်လေ မှန်နေတယ်။ အဲ့ဒီတော့မှ လေပူတွေက နှာခေါင်းထဲက ထွက်နေတာ၊ တချို့အပူအားကြီးတော့ ပါးစပ်ကတောင် ဟောက်ပြီး ထွက်သေးတာ၊ ဘာ့ကြောင့် ဟောက် သလဲမေးရင် အပူအားကြီးလို့။ အဲ့ဒီမှာ ဝင်လေ (လေအေး) က အစားထိုးပေးနေပြီ။ ထွက်လေနဲ့ အပူတွေထွက်ကုန်ပြီး ခန္ဓာကိုယ်ထဲ အပူကုန်တဲ့အချိန်မှာ နိုးလာတယ်။ ဒါတောင် ရုပ်အပူကုန်တာနော်၊ စိတ်အပူသောက ကတော့ အချိန်ပြည့်နေရာယူထားတယ်။ ဒါ့ကြောင့် စိတ်လေး တယ်၊ စိတ်လေးတယ် ဆိုတာ စိတ်က လေးနေတာ မဟုတ်ဘူး။ လောဘ၊ ဒေါသ၊ သောက၊ တဏှာ၊ မာန ဆိုတဲ့ ကိလေသာ ကြောင့် စိတ်လေးနေတာ။

လူတွေ အိပ်တာတောင်မှ နံနက် ၂ နာရီနဲ့ ၃ နာရီကြား ပိုပြီး အိပ်မောကျတယ်။ ဘာ့ကြောင့်လဲ။ အရင်နေ့က အပူနဲ့ အဝေးဆုံး အချိန်မို့လို့၊ ဒီတော့ အေးအေးလေးနဲ့ အိပ်မောကျကရော၊ ဒါ့ကြောင့် သူခိုးက

http://www.dhammadownload.com



လည်း ဒီအချိန် စောင့်ပြီးနိုးတာ။ အေး ... လူတွေ အိပ်လို့ အကောင်းဆုံး အချိန်ပဲ ... ။

"ဘယ့်နှယ်လဲ .. တစ်သံသရာလုံး အိပ်မောကျလာခဲ့ကြတာ"

"ဘယ်တော့များမှ နိုးကြပါ့မတုန်းဗျ ..."

"ဒီနေ့ ဒီအချိန်က စပြီး နိုးကြားအောင် ကြိုးစားကြပါမည် ဘုရား ..."

(မောင်သွေးချွန်)

၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁၄) ရက်၊

ညနေ (၅) နာရီ (၂၅) မိနစ်တွင် ပြီးစီးအောင်မြင်သည်။

(အညွှန်း - ၁၈ - ၁ - ၉၁၊ သာစည်မြို့နယ်၊ ရွှေကျောင်းကုန်းတောင်သြဝါဒ

၁၉၉၇၊ ရွှန်လ နတ်တလူ တောရသြဝါဒ)